www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊ ဖြန့်ချီရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။

ကြံ့သိမ် ၈၉၅.၈၃
နာနာဘာဝဟုဆို/ကြံ့သိမ်၊ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅၊
၂၅၀- စာ၊ ၁၂.၅×၁၈.၃ စင်တီ၊
(၁) ကြံ့သိမ်

# ကြံ့သိမ်



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနုလေရှိဆောင်

➢ ပိုးမစားတဲ့ထိုးဝါး
ထိုးအားကောင်းတော့
ရေကြောင်းကျော်၍ ရွာကိုဝင်...၊
အမျိုးကလည်းခြား ပိုးကလည်းစား
ထိုးဝါးမကောင်းတော့ တဖြောင်းဖြောင်းကျိုး...
နေစောင်းသော်မှ ရွာမမြင် ...။ ။

➢ အရှုံးပေးခြင်းသည်
တစ်ခါတစ်ရံ၌ အောင်မြင်ခြင်း၏
အကောင်းဆုံးနည်းလမ်း ဖြစ်စေသည်။
ရှုံးနိမ့်ပြီးမှ အောင်မြင်သူတွေ...
သင့်ရှေ့မှာ အများကြီးရှိသည်။

➢ ဒဏ်ရာ သို့မဟုတ် ဝေဒနာတစ်ခုရလျှင်
ဆရာဝန်နှင့် ပြသရပေသည်။
အချစ်ဝေဒနာရလျှင်တော့
အခြားဆရာဝန်နှင့် ပြသ၍ရမည်မဟုတ်ပေ။

BURMESE CLASSIC

# ဒဿနုလေရှိဆောင်

➢ ငါးများရှိပ်၌ ငါးသေးတစ်ကောင်တပ်ခြင်းသည်
ငါးကြီးရဖို့ ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်၏။
ငါးစာအတုတပ်လျှင်တော့
မသမာမှု ပြုလုပ်ခြင်းပင်ဖြစ်တော့သည်။

➢ ပညာသင်ယူရခြင်းကို
အပိုအလုပ်ဟု ယူဆနေလျှင်
အတွေးအခေါ်လမ်းပိတ်သွားပေပြီ။
အလုပ်လုပ်နေခြင်းကို
မျှော်လင့်ချက်မရှိဟု ယူဆလျှင်တော့
အနာဂတ်အတွက် လမ်းမရှိတော့ပေ။

➢ အရွယ်မရောက်သေးခင်က မိဘကိုချစ်သည်။
အရွယ်ရောက်လာတော့ ချစ်သူကိုပိုချစ်သည်။
အသက်ကြီးလာသော...
မိမိကိုယ်ကိုသာအချစ်ဆုံး ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

➢ ကောင်းသောစကားပေါင်းများစွာ ပြောသော်လည်း
မရှတ်ထွေးပေ။
မကောင်းသောစကားတစ်ခွန်း ပါလာလျှင်တော့
ရှင်းမရအောင် ရှုတ်ထွေးသွားပေတော့သည်။

➢ တစ်ကိုယ်ကောင်းဆန်လွန်းလျှင်
အထီးကျန်ဘဝဖြင့် အဆုံးသတ်ရပေ၏။
လိုက်လျောလွန်းပြန်တော့လည်း
ဘဝပျက်ခြင်းသို့ရောက်ရပေ၏။
အမှီအခိုကင်းသောနေထိုင်ခြင်းသာ
စိတ်ချမ်းသာမှုကို ရစေသည်။

➢ ချစ်သည်ဆိုခြင်းမှာ
နှလုံးသားမှ အသိအမှတ်ပြုခြင်းပင်ဖြစ်၏။
နှလုံးသားမှ လက်မခံလျှင်
ချစ်ခြင်းမေတ္တာမဟုတ်တော့ပေ။

ဒဿနလင်္ကာဆောင်

➢ အမျိုးသမီးအတော်များများက
အခြားသူများနှစ်သက်သဘောကျသည်ကို
အလိုရှိကြသည်။
တကယ်တော့ ယုံကြည်မှုခံရခြင်းသည်
အချစ်ခံရတာထက် ပို၍တန်ဖိုးရှိပါသည်။

➢ သင့်ထံမှငွေချေးလိုသောအခါ
ငွေချေးလိုသူက မျက်နှာချိုသွေးရသည်။
၎င်းတို့ထံမှ ပြန်တောင်းလိုသောအခါ
သင်က ၎င်းတို့ကို မျက်နှာချိုသွေးရပေလိမ့်မည်။

➢ ရှက်တိုင်မြင့်ပြီး ရှက်ထည်ကြီးသောသဘော်သည်
အခြားသဘော်များထက်
လျင်မြန်စွာသွားလာနိုင်သည်။
သို့သော် လေပြင်းတိုက်သောအခါမှာတော့
အခြားသဘော်များထက်
ပိုပြီးရိုက်ခတ်မှုခံကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

ဤစာအုပ်ကိုရေးသားရာတွင် အောက်ပါစာအုပ်များကို မှီငြမ်းကိုးကားရေးသားပါသည်။

၁။ ကိုဆွေ(ပန်နီရားမား) ရေးသားသော မပြေရှင်းနိုင်သော ကမ္ဘာကျော်ပဟေဠိများ အမှတ်(၃)နှင့်(၅)။

၂။ Essays in the occult by H.W carrington

၃။ Ghosts Stories

(စာရေးသူ)

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ

အခန်း (၁)– ကမ္ဘာနေရာအနှံ့အပြားမှ ဝိညာဉ်ပုံရိပ်များ
အခန်း (၂)– ရွှေလီမဲဇာ မောရဂျိုင်ရှာ
အခန်း (၃)– သွေးစုပ်ပြိတ္တာနှင့် ထူးဆန်းသောလူသတ်မှု
အခန်း (၄)– တွယ်ရာမဲ့နေသော ဝိညာဉ်ဘဝများ
အခန်း (၅)– အမှောင်ရိပ်မှ အန္တရာယ်ကောင်
အခန်း (၆)– ဝိညာဉ်လျောင်းအိမ်ရှိသောရွာ
အခန်း (၇)– နတ်ဘုရားကျောင်းမှ ဝိညာဉ်ပုံရိပ်
အခန်း (၈)– ပတ္တမြားရှာနေသည့် ဝိညာဉ်အကျဉ်းသား
အခန်း (၉)– ဂြိုလ်မွှေလုသော ဝိညာဉ်သွေး
အခန်း (၁၀) –နတ်ဘုရားကျောင်းမှ သရဲဖမ်းပေးမည့်သူ
အခန်း (၁၁) –နာနာဘာဝမှဆိုးနှင့် သရဲဖမ်းသောကိရိယာ
အခန်း (၁၂) –တောနက်ထဲမှ ခြောက်လှန့်မှုများ
အခန်း (၁၃) –မဟူရာဒေဝီနှင့် တွေ့ကြုံရခြင်း
အခန်း (၁၄) –ဘဝရေစက် ပူးစာဖက်သောသူ
အခန်း (၁၅) –နာနာဘာဝမှဆိုးနှင့် ဝိညာဉ်အကျဉ်းသားများ
အခန်း (၁၆) –ရှေးရေစက်နှင့် သွေ့ပျက်မကွာ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁ )

# ကမ္ဘာ့နေရာအနှံ့အပြားမှ ဝိညာဉ်ပုံရိပ်များ

တစ်နေ့သ၌ ကျွန်ုပ်သည် နံနက်ပိုင်းအချိန်တွင် နေ့စဉ်ပြုလုပ်နေကျ ဘုရားဝတ်ပြုခြင်းကိစ္စ ပြီးသောအခါ အိမ်ရှေ့ခန်းသို့ထွက်လာလေသည်။

နေရောင်ခြည်ကောင်းစွာရသော စားပွဲပေါ်မှာတော့ တပည့်ဖြစ်သူ မောင်တိုးအောင် စီစဉ်ပေးထားသော အစားအသောက်များက အဆင်သင့်ရှိနေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ကြမ်း၊ ကော်ဖီနှင့် ဘိန်းမုန့်၊ ပဲပြုတ်. . စသည်တို့ပင်ဖြစ်လေသည်။

ထို့ပြင် နံနက်ပိုင်းအချိန်မှာထုတ်ဝေသော သတင်းစာ နှစ်စောင်လည်း ရောက်နေလေသည်။

ကျွန်ုပ်သည် နံနက်ပိုင်းအချိန် အစားအသောက် စားသောက်ချိန်တွင် သတင်းစာ သို့မဟုတ် ဂျာနယ်၊ မဂ္ဂဇင်း တစ်စောင်ကို ဖတ်ရှုလေ့ရှိသည်။

နံနက်စာ စားသောက်ချိန်တွင် စိတ်အဟာရဖြစ်စေသော စာဖတ်နေသဖြင့် စားသောက်သောအဟာရကို ဖြည့်တင်းအောင် မစားဖြစ်တော့ပေ။ သို့ဖြင့် နှစ်မျိုးအကျိုးရှိစေသည်။

စားသောက်ရင်းနှင့် သတင်းစာဖတ်ကြည့်နေစဉ် ထူးခြားသော သတင်းတစ်ပုဒ်ကိုတွေ့ရလေသည်။

အခြားတော့မဟုတ်ပေ။

ဝိညာဉ်နှင့်ပတ်သက်သော ထူးဆန်းသည် သတင်းတစ်ပုဒ်ပင်ဖြစ်ပေသည်။

ဝိညာဉ်နှင့်ပတ်သက်သည့်သတင်း၊ သရဲတစ္ဆေခြောက်လှန့်သောသတင်း၊ ပုဏ္ဏကတိုက်သောသတင်းများမှာ မကြာခဏဆိုသို သတင်းစာနှင့် ဂျာနယ်များတွင် ဖတ်ရှုရပေသည်။ အချို့လည်း ကိုယ်တွေ့အဖြစ်အပျက်များကို ရေးသားကြသည်။ အချို့လည်း တစ်ဆင့်ကြားသောအကြောင်းများကို ပြန်လည်ရေးသားကြလေသည်။ မည်သို့ပင်ရှိစေ. . .

ကမ္ဘာ့အရပ်ရပ်တွင် ထုတ်ဝေဖြန့်ချီထားသော စာအုပ်





များ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သရဲခြောက်ခြင်း၊ သရဲတစ္ဆေများနှင့် တွေ့ကြုံရသော အဖြစ်အပျက်များကို ရေးသားခဲ့ကြသည်မှာ အတော်ပင်မြောက်များလှပေသည်။

ထိုအကြောင်းအရာများကို ခြုံပြီးကြည့်လျှင် တစ်ခုနှင့်တစ်ခု မတူကြသော်လည်း ဝိညာဉ် (သို့မဟုတ်) ပရလောကသားများနှင့်တွေကြုံခဲ့ကြရသည်ကတော့ အတူတူပင်ဖြစ်ကြလေသည်။

ယခု သတင်းစာတွင် ဖော်ပြထားသော အကြောင်းအရာမှာ ထိုင်းနိုင်ငံတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုပင်ဖြစ်ပေသည်။

စာကြောင်းအရာမှာ ဤသို့ပင်ဖြစ်သည်။

“ထိုင်းနိုင်ငံ ပထုံဌာနီအရပ်တွင်. . သေဆုံးနေသည်မှာ တစ်လခန့်ကြာမြင့်နေသော အလောင်းတစ်လောင်းကို တွေ့ကြသဖြင့် ရဲကိုအကြောင်းကြားလေသည်။ ထိုသတင်းကြားသဖြင့် ရဲနှင့်အလောင်းကောက်အဖွဲ့တို့က ထိုနေရာသို့ သွားရောက်ကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

သို့သော်လည်း သေနေသည်မှာ လနှင့်ချီကာ ကြာပြီဖြစ်သဖြင့် အရိုးကျနေပြီဖြစ်သောကြောင့် မည်သူမည်ဝါမှန်း မသိနိုင်တော့ပေ။

ထို့ကြောင့် ရဲများက ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူကြလေသည်။

၎င်းတို့စစ်ဆေးသောအချိန်တွင် ထိုနေရာတွင် အခြား



www.burmeseclassic.com

www.burmeseclassic.com



သူများမရှိဘဲ အုတ်တံတိုင်းနှင့် သစ်ပင်များသာရှိပေသည်။

ထိုကဲ့သို့ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူသွားကြပြီး စခန်းရောက်တော့မှ ထိုဓာတ်ပုံများကို စစ်ဆေးကြည့်ရှုကြသောအခါမှာတော့ အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းတစ်ခုကို ထပ်မံတွေ့ကြရသည်။ အခြားတော့မဟုတ်ပေ. . .။

နေ့လည်ဘက်တွင် ရိုက်ယူထားသော ဓာတ်ပုံထဲတွင် စစ်ဆေးနေသော ရဲများအနီးရှိ အုတ်တံတိုင်းပေါ်တွင် လူတစ်ယောက်ကို တွေ့ရခြင်းပင်ဖြစ်သည်။

ထိုလူက မတ်တပ်ရပ်နေကာ အလောင်းနှင့် စစ်ဆေးနေသူများကို စိုက်ကြည့်နေလေသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်သောသူက ဓာတ်ပုံကို ရိုက်စဉ်က ထိုနေရာတွင် သူတို့မှလွဲပြီး အခြားသူမရှိကြောင်းနှင့် အုတ်တံတိုင်းပေါ်မှာလည်း အခြားတစ်ဦးတစ်ယောက်မှ မရှိကြောင်း ပြောပြလေသည်။ ရဲများက ထိုဓာတ်ပုံကို မိတ္တူပွားပြီး ပြန့်နှံ့အောင် ပြုလုပ်လာသောအခါ အုတ်တံတိုင်းပေါ်မှာ ရပ်နေသူကို သိသူတစ်ယောက်ပေါ်လာသည်။

ထိုသူကိုခေါ်ပြီး မေးမြန်းသောအခါ. .

ဓာတ်ပုံထဲမှာပေါ်နေသော ပုံရိပ်မှာ သူ့သူငယ်ချင်း ဖြစ်ကြောင်း၊ နာမည်က ဘယ်သူဘယ်ဝါဖြစ်ကြောင်း၊ ပျောက်နေသည်မှာ ကြာပြီဖြစ်ကြောင်း သတင်းအချို့သိကြရလေသည်။

ထို့အပြင် အခြားဓာတ်ပုံများကို ထပ်မံစစ်ဆေးကြည့်သောအခါမှာလည်း နောက်ထပ် ထူးခြားမှုတစ်ခုကို တွေ့ကြ





သည်။

အုတ်တံတိုင်းပေါ်တွင် မတ်တပ်ရပ်နေသော ပုံရိပ်သဏ္ဍာန်အပြင် တင်ပါးလွှဲ ချိတ်ထိုင်ကာ ငုံ့ကြည့်နေသောလူတစ်ယောက်၏ ပုံရိပ်ကိုပါ တွေ့ကြရပြန်သည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် နောက်ထပ် အလောင်းတစ်လောင်းရှိနေမည်အထင်ဖြင့် ထိုနေရာတစ်ဝိုက်ကို ဆက်လက်ရှာဖွေနေကြကြောင်း. . ."

ဟူသော သတင်းပင်ဖြစ်သည်။

ထိုအကြောင်းအရာမှာ တကယ်တော့ ထူးခြားဆန်းကြယ်လှသော အကြောင်းအရာတော့ မဟုတ်ပေ။

ဓာတ်ပုံရိုက်သောအခါ ထိုနေရာတစ်ဝိုက်မှာ ရှိနေကြသော တစ္ဆေ၊ သရဲ၊ ဝိညာဉ်စသည်တို့ ပုံများပါဝင်နေတတ်ပေသည်။

လူတစ်ယောက်သည် သတိမေ့မျောနေလျှင်သော်လည်းကောင်း၊ အသက်သေဆုံးသွားသောအချိန်၌သော်လည်းကောင်း. . ကိုယ်ခန္ဓာထဲမှာ ဝိညာဉ်သည် အပြင်သို့ ရောက်နေတတ်သည်။

သို့သော် အပြီးတိုင် အဝေးသို့ထွက်သွားခြင်းမျိုးတော့ မဟုတ်ပေ။

အိပ်ပျော်နေခြင်း၊ ဒါမှမဟုတ် သတိမေ့မျောနေခြင်းမျိုးကို ခေတ္တသေဆုံးခြင်းဟုခေါ်သည်။

သေဆုံးသွားခြင်းကိုတော့ ထာဝရသေဆုံးခြင်းဟု ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကြသည်။

လူသည် အသက်ရှင်နေထိုင်သောအခါ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာဟုခေါ်သော ဝိညာဉ်တို့သည် ဒွန်တွဲပြီးနေကြရသည်။

ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို ဝိညာဉ်ကြိုးကဆက်သွယ်ပေး ထားသည်။ မေ့မျောနေလျှင်သော်လည်းကောင်း၊ အိပ်ပျော်နေ ချိန်မှာသော်လည်းကောင်း ဝိညာဉ်ခန္ဓာက အပြင်သို့ရောက်နေ သည်။

ဝိညာဉ်ကြိုး ရှိနေသေးသော်လည်း အပြင်ရောက်နေ သောကြောင့် ဘာမှမသိတော့ပေ။

အချိန်တန်ပြီဖြစ်၍ နာမ်ခန္ဓာဟုခေါ်သော ဝိညာဉ်က ရုပ်ခန္ဓာအတွင်းသို့ ပြန်လည်ဝင်ရောက်လာသောအခါမှာတော့ သတိပြန်ရလာသည်။

သေဆုံးသွားလျှင်တော့ ဝိညာဉ်ခန္ဓာက ပြန်ဝင်၍ မရနိုင်တော့ပေ. . .။

သို့သော်လည်း ရုပ်ခန္ဓာသံယောဇဉ်ကြောင့် ဝေးဝေး မသွားဘဲ ထိုနေရာတစ်ဝိုက်မှာ ရှိနေတတ်သည်။

(သို့ကြောင့် သေဆုံးသူတို့အား ရည်စူးပြီး ကုသိုလ် ကောင်းမှုများပြုလုပ်ကာ အမျှအတမ်းများဝေပေးကြရခြင်း ဖြစ် ပေသည်။)

နာမ်ခန္ဓာဟုခေါ်သော ဝိညာဉ်သည် ရုပ်ခန္ဓာမပျက်စီး မချင်း ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာပင် ရှိနေတတ်သည်။

ထို့ကြောင် ၄င်းတို့၏ပုံရိပ်များကို တွေ့မြင်ရခြင်း၊ အ





ဘ်မထင် ဓာတ်ပုံရိုက်သောအခါ ပေါ်နေခြင်းပင်ဖြစ်ပေသည်။

ကျွန်ုပ်သည် ဝိညာဉ်များနှင့်ပတ်သက်သည့် အကြောင်း ရာများကို စိတ်ဝင်စားသောကြောင့် စာအုပ်စာတမ်း အ ာက်များများကို ဖတ်ရှုလေ့လာခဲ့သည်။

ကမ္ဘာပေါ်တွင် သရဲအခြောက်ဆုံးနေရာ (၁၀)နေရာ၊ ခြင်. . ရဲတိုက်ကြီးများ၊ တံတားကြီးများနှင့် မီးပြတိုက်ကြီးများ ပါအဝင် ဖြစ်ပေသည်။

လူနေ၍ မရလောက်အောင် ပူဏ္ဏကကြမ်းသော အိမ် ကြီးများအကြောင်းလည်း ဖတ်ရှုရဖူးသည်။

အချို့နေရာများတွင် ခေတ်မီသရဲဖမ်းကိရိယာများ အ ်းပြုပြီး လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

တစ္ဆေဖမ်းမုဆိုးများလည်း ပေါ်ပေါက်ခဲ့ကြသည်။ ထို ထဲတွင် သရဲဖမ်းသော "ဟယ်ရီပရိုက်စ်" လည်း အပါအဝင် ဖစ်ခဲ့လေသည်။

သူသည် ဝိညာဉ်များနှင့်ပတ်သက်သော ထူးဆန်းသည့် ရိပ်အမျိုးမျိုးတို့ကို တွေ့မြင်ခဲ့ရသည်။

ထို့အတူ အခြားသောဝိညာဉ်ရှာဖွေသူတို့သည်လည်း နေရာဒေသအသီးသီးတို့တွင် ဝိညာဉ်ပုံရိပ်များကို တွေ့ခဲ့ကြရ သည်။

၄င်းတို့တွေ့ရှိခဲ့သော မှတ်တမ်းများကိုလည်း ဓာတ်ပုံ များနှင့်တကွ ဖော်ပြထားကြလေသည်။

သရဲအလွန်ခြောက်လှပါသည်ဆိုသော အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု၊ ချီကာဂိုမြို့အနီး အသုံးမပြုတော့သည့် သင်္ချိုင်း (Bechelor's Grave) အတွင်းတွင် သရဲသုတေသနအဖွဲ့က မြ နှုန်းမြင့် အနီအောက် ရောင်ခြည်သုံး ကင်မရာဖြင့် ပတ်ဝန်းကျ တစ်ခွင် လှည့်လည်ရိုက်ကူးစဉ် အုတ်ဂူတစ်လုံးပေါ်တွင် ထို နေသည့် တစ္ဆေပုံရိပ်တစ်ခုကို ဖော်ပြထားသည်။

ထိုပုံအား သုတေသနပညာရှင်များစွာက အဖြေရှာ သော်လည်း ယခုထက်တိုင် ပဟေဠိတစ်ခုအဖြစ် တည်ရှိနေ သောပုံတစ်ပုံဖြစ်သည်။

ဆောင်းပါးရှင် ဂျက်နက်ဘို့(ဒ)သည် ဖို့တီယန်ဓာတ် စာကြည့်တိုက်ရှိ ဖိုင်များမှ ထူးဆန်းသော ဝိညာဉ်ပုံရိပ်များဖြ သည့် တစ္ဆေသရဲနှင့်ဆိုင်သော ဆန်းကြယ်မှုရှိပြီး စိတ်ဝင်စားဖွယ် အကောင်းဆုံး ဓာတ်ပုံတစ်ဆယ့်တစ်ပုံခန့်ကို ရွေးထုတ်ခဲ့သည်။

အဆိုပါဓာတ်ပုံများသည် ကွန်ပျူတာဖြင့် ဖန်တီးမှု၊ အ တုအယောင်ဆောင်၍ ပြုလုပ်ရိုက်ကူးမှုဟု ယူဆဖွယ်မရှိသော အစစ်အမှန်ပုံရိပ်များဖြစ်သည်။

➤ ပထမဓာတ်ပုံ အဲလစ်စပရင်း(စ)မှ ဝိညာဉ်ပုံရိပ် (Ap-parition at Alice Springs) ကို ရိုက်ကူးသူမှာ ခရစ်ယာန် အ သင်းတော်မှာ သိက္ခာတော်ရ ဆရာရီဗီးရင်း အာအက်(စ်)ဘ လင် (Reverend R.S. Blance) ဖြစ်သည်။

ထိုဓာတ်ပုံကို (၁၉၅၉)ခုနှစ်တွင် ဩစတြေးလျ မြောက် ပိုင်းနယ်မြေရှိ အဲလစ်စပရင်း(စ)မှ ကော်ရိုဘိုရီကျောက်ဆောင် ကို ရိုက်ကူးထားခြင်းဖြစ်သည်။





ထိုနေရာသည် အဘိုရီဂျီနီး(စ) (Aborigines) တိုင်းရင်း သားတို့အတွက် အလွန်ကြီးကျယ်၍ အရေးပါသော နေရာတစ် ခုဖြစ်ပေသည်။

အကြောင်းမှာ ထိုနယ်မြေတွင် ဘာသာရေးထုံးတမ်း ဓလေ့များကို စတင်သွတ်သွင်းရာနေရာ ဖြစ်ခြင်းကြောင့်ပေ သည်။

ယခုအခါ ထိုနေရာသည် တောနေသတ္တဝါ၊ ရေမြေ သဘာဝ၊ ရှေးဟောင်းအဆောက် အအုံစသည်ကို ထိန်းသိမ်း စောင့်ရှောက်ထားသော သီးသန့်သတ်မှတ်နယ်မြေ ဖြစ်လာ သည်။

ထိုနယ်မြေသို့ အလည်အပတ်လာရောက်ကြသူများနှင့် ခြေလျင်ခရီးသည်များ ရောက်ရှိကြသည်။

အဆိုပါဓာတ်ပုံတွင် ပေါ်နေသော တစ္ဆေပုံရိပ်သည် ဒေ သခံ ဩစတြေးလျလူမျိုးတစ်ဦးနှင့် မတူပါ။

ထိုတစ္ဆေသည် (၂၀)ရာစုနှစ် အစောပိုင်းတွင် ထိုနေရာ သို့ မျက်စိလည်လမ်းမှား၍ ခြေလျင်ခရီးဖြင့် ရောက်ရှိလာသူ ဖြစ်ပြီး ပျောက်ဆုံးသွားကာ တစ္ဆေဘဝနှင့် ယခုလို ပြန်မြင်တွေ့ ခြင်းဖြစ်သည်ဟု ဆိုကြလေသည်။

➤ ဒုတိယဓာတ်ပုံမှာ ရှေးဟောင်းဗီရိုပေါ်မှာပေါ်နေသော တစ္ဆေလက်ဖြစ်သည်။

ထိုဓာတ်ပုံကို ရှေးဟောင်းပရိဘောဂများ ရောင်းဝယ် သူတစ်ဦးက (၁၉)ရာစုအကုန် (၂၀)ရာစုဆန်းစကာတွင် ရိုက်ကူး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်သည်။

ဓာတ်ပုံဆရာသည် ဓာတ်ပုံရိုက်စဉ်ကမူ ထူးခြားချက် တစ်စုံတစ်ရာမျှ မတွေ့ရပေ။ ထိုခေတ်က ဓာတ်ပုံမှန်ချပ်များကို အသုံးပြုခဲ့ပြီး ဓာတ်ပုံဖလင်ဆေးကူးမှုသည် (၁၃)မိနစ်ခန့် ကြာ မြင့်သည်။

ထိုဓာတ်ပုံကို ရိုက်ကူးစဉ်က ဓာတ်ပုံရိုက်ယူသည့် ရှေး ဟောင်းဗီရိုနှင့် ဓာတ်ပုံဖလင်ကူးသည့် နေရာများသို့ မည်သူတစ် ဦးတစ်ယောက်မျှ ရောက်မလာခဲ့ပေ။

ဓာတ်ပုံဖလင်ကူးဆေးပြီးနောက် ဓာတ်ပုံတွင် ခန္ဓာ ကိုယ်မပါသော တစ္ဆေလက်တစ်ဖက်ကို တွေ့မြင်လိုက်ရသော အခါ ဓာတ်ပုံဆရာအနေဖြင့် အံ့ဩမိသည်။

သို့ဖြင့် ထိုဗီရိုကို အဖုံးပိတ်၍ ဓာတ်ပုံရိုက်သောအခါ ထိုဓာတ်ပုံတွင် တစ္ဆေလက်မပါဝင်ကြောင်း ထူးဆန်းစွာ တွေ့ရ ပေသည်။

➤ တတိယဓာတ်ပုံမှာ ခရစ်ယာန်သုသာန်မှ တစ္ဆေများပုံ ဖြစ်သည်။

ဓာတ်ပုံရိုက်သူတို့သည် သုသာန်သင်္ချိုင်းများထဲတွင် တရစ်ဝဲဝဲ လှည့်ပတ်ကြည့်ရှုနေစဉ် သြစတြေးလျ ခရစ်ယာန် သင်္ချိုင်း တွင်းတွင် အမှတ်တရ ဓာတ်ပုံ ရိုက်ယူခဲ့ကြသည်။

သူတို့ရိုက်ယူခဲ့သည့် ဓာတ်ပုံတွင် တစ္ဆေကလေးကို ထင်ရှားစွာမြင်တွေ့ခဲ့ကြသော်လည်း မည်သူမည်ဝါဖြစ်ကြောင်း နှင့် ထိုဓာတ်ပုံထဲတွင် မည်သို့မည်ပုံ ပါဝင်နေသည်ကို ရှင်းမပြ





နိုင်ကြပေ။

(၁၉၄၇)နှင့် (၁၉၄၉)ခုနှစ်များတွင် အင်ဒရူးအမည်ရှိ အမျိုးသမီးသည် ကွင်း(စ)လန်ဒေသ၊ ဂက်တွန်ရှိ ခရစ်ယာန် သင်္ချိုင်းသို့ မကြာခဏ သွားရောက်လေ့ရှိသည်။ သွားရောက်ရ ခြင်းအကြောင်းရင်းမှာ ထိုသင်္ချိုင်း တွင် သူမ၏သားနှင့်သမီးတို့ ကို မြှုပ်နှံထားရာသင်္ချိုင်းဂူနှစ်ဂူ ရှိသောကြောင့်ဖြစ်သည်။

သူမ၏သားကြီးဖြစ်သူ စီစီ(လ)သည် (၁၉၄၂)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ အသက်(၁၇)နှစ်သာရှိသေးသော သမီးငယ် ဒိုက်(စ)သည်လည်း (၁၉၄၅)တွင် ကွယ်လွန်ခဲ့သည်။

မစ္စစ်အင်ဒရူးသည် သားနှင့်သမီးတို့၏ အုတ်ဂူမှတ်တိုင် များကို အမှတ်တရ ဓာတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်သည်။

ထိုဓာတ်ပုံကို ကူး၍ကြည့်လိုက်သောအခါ ဓာတ်ပုံထဲ တွင် ကလေးငယ်တစ်ဦး၏ပုံကို တွေ့လိုက်ရသည်။

ထိုကလေးငယ်သည် သူမ၏ သားနှင့်သမီးမဟုတ်ပေ။

မစ္စစ်အင်ဒရူးက ပြောပြသည်မှာ ထိုစဉ်က သူမသည် ထိုအုတ်ဂူနှစ်လုံးမှလွဲပြီး အခြားမည်သည့်သက်ရှိကိုမျှ ဓာတ်ပုံ မရိုက်ဖြစ်ခြင်းကြောင့် သံသယဖြစ်ဖွယ်ရာ ဖလင်တွင်း၌ ပါဝင် နေသည့်ကလေးသည် တစ္ဆေကလေးသာ ဖြစ်နိုင်ဖွယ်ရှိပေတော့ သည်။

မစ္စစ်အင်ဒရူး၏ မိသားစုနှင့် ရင်းနှီးကျွမ်းဝင်သော သဘာဝလွန်ဖြစ်ရပ်ဆန်းများကို လေ့လာစူးစမ်းမှုပြုသူ သြ စတြေးလျလူမျိုး တိုနီဟေလီသည် (၁၉၉၅)ခုနှစ်တွင် အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



ခရစယာန်သင်္ချိုင်းသို့ ရောက်ရှိလာခဲ့သည်။

ထိုသင်္ချိုင်း အတွင်းလှည့်လည်ကြည့်ရှုရာ မိန်းကလေးငယ်နှစ်ဦး၏ အုတ်ဂူများကို ယှဉ်လျက်အနေအထား တွေ့လိုက်ရသည်။

အဆိုပါအုတ်ဂူတစ်လုံးတွင် မြှုပ်နှံထည့်သွင်းထားသူမှာ (၁၈)လအရွယ် မိန်းကလေးငယ်ဖြစ်ပြီး၊ ကျန်အုတ်ဂူတွင် မြှုပ်နှံထည့်သွင်းထားသူမှာ (၃)နှစ်အရွယ် မိန်းကလေးငယ်ဖြစ်သည်။

ထိုကလေးငယ်နှစ်ဦးအနက် တစ်ဦးသည် ဓာတ်ပုံထဲတွင်ပါဝင်သည့် တစ္ဆေကလေးဖြစ်ပေသလော. . ။

အဆိုပါတစ္ဆေကလေးအကြောင်းကို ဤမျှသာသဲလွန်စရခဲ့ပေသည်။

➤ စတုတ္ထဓာတ်ပုံရိုက်ကူးဖြစ်သည့်ကာလသည် (၁၉၂၈)ခုနှစ်ဖြစ်သည်။

ထိုနှစ်တွင် မစ္စစ်ဟီ(လ)ဒါ၊ အယ်(လ)၊ ဝစ်စတက် (Mrs. Hilda L.Wickstead) သည် အားလပ်ရက်များကို ဝိုစက်စတာရှိုင်းတွင် မိတ်ဆွေများနှင့်အတူ အချိန်ကုန်လွန်ခဲ့သည်။

သူမသည် ဟိုလီးဘု(ရှ)ရွာရှိ ဘုရားရှိခိုးကျောင်းတွင် ခေတ္တခဏအနားယူ၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တစ်နေ့ရာအရောက်တွင် မစ္စစ်ဝစ်စတက်သည် သူမ၏ မိတ်ဆွေမစ္စစ်လောရီကို ဓာတ်ပုံရိုက်ပေးရန် စိတ်ကူးရပြီး ခေတ္တရပ်နေပေးရန် ပြောလိုက်သည်။





မစ္စစ်လောရီသည် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဆင်ဝင်မြင့်မြင့်၏ ဘယ်ဘက်ဘေးတွင် မတ်တပ်ရပ်၍ ဓာတ်ပုံအရိုက်ခံခဲ့သည်။

ဓာတ်ပုံရိုက်ပြီးသောအခါ မစ္စစ်ဝစ်စတက်သည် သူမ၏ ကင်မရာကို ကားထဲသို့ထည့်လိုက်ပြီး မစ္စစ်လောရီနှင့်အတူ ရှိခဲ့သည်။

ထိုဓာတ်ပုံရိုက်ယူချိန်တွင် ခရစ်ယာန်သင်္ချိုင်းထဲ၌ သူတို့မှတစ်ပါး အခြားမည်သူတစ်ယောက်မျှ မရှိခဲ့ပေ။

ဓာတ်ပုံရိုက်ပြီးသောအခါ မစ္စစ်လောရီသည် လမ်းကလေးအတိုင်း လျှောက်၍လာပြီး နှစ်ယောက်သား ဂိတ်အတွင်းသို့ရောက်သောအခါ မမျှော်လင့်ဘဲ အုတ်ဂူနှစ်လုံးကို တွေ့ရသည်နှင့် အံ့သြသွားကြသည်။

အုတ်ဂူတစ်လုံးမှာ တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသော ရဲဘော်တစ်ဦးဖြစ်သည်။

ကျန်အုတ်ဂူတစ်လုံးမှာ အဆိုပါရဲဘော် ကွယ်လွန်ပြီး အနည်းငယ်ကြာမှ သေဆုံးခဲ့သော မိန်းကလေးတစ်ဦးဖြစ်သည်။

သူတို့နှစ်ဦးမှာ ချစ်သူများဖြစ်လေမလားဟုပင် မစ္စစ်ဝစ်စတက်က တွေးမိခဲ့သေးသည်။

သီတင်း (၆)ပတ်ခန့် ကုန်လွန်ခဲ့ပြီးနောက် ဓာတ်ပုံဖလင်ကို ကူးဆေးပြီးသောအခါ မစ္စစ်ဝစ်စတက်သည် ထို ဓာတ်ပုံ ထူးခြားမှုကို သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များအောက်ရှိ အုတ်ဂူများကြားတွင် တစ်
နှင့်တစ်ဦး ကြင်နာစွာဖက်တွယ်လျက်ရှိသော စုံတွဲတစ်တွဲ၏ ပုံ
ထိုဓာတ်ပုံထဲတွင် ထင်ထင်ရှားရှား မြင်လိုက်ရခြင်းဖြစ်သည်။

ထိုဓာတ်ပုံရိုက်စဉ်က ထိုနေရာတွင် အဆိုပါစုံတွဲ ရှိ
ခဲ့ပါလျှင် ထိုနေရာတစ်ဝိုက်သို့ရောက်လာသော မည်သည့်
သည်မဆို ထိုစုံတွဲကို တွေ့မြင်ရမည်မှာ ဧကန်မလွဲပေ။

ဓာတ်ပုံထဲတွင် ဝိညာဉ်ပုံရိပ်များပေါ်နေသည့် စုံတွဲသ
ထူးဆန်းအံ့ဩဖွယ်ဖြစ်ပေသည်။

➤ ပဥ္စမမြောက် ဖော်ပြထားသည့် ဓာတ်ပုံသည် (၁၉၂
ခုနှစ်၊ မေလတွင် အိုင်အိုနာ ဘုရားရှိခိုးကျောင်း၌ ဒေါ်နယ်
မက်ကင်ဇီ ရိုက်ယူခဲ့ခြင်းဖြစ်သည်။

သူသည် ဂလပ်စကိုမှ ဓာတုဗေဒပညာရှင်တစ်ဦး
သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် တစ္ဆေတို့ ဝိညာဉ်တို့
တာတွေကို ငါမယုံကြည်ဘူး"

ထိုစကားကို ဒေါ်နယ်ပြောခဲ့ဖူးသည်။

သို့သော် သူရိုက်ယူလိုက်သော ဓာတ်ပုံ၏ အလယ်
ကျောက်နံရံရှေ့တွင် ခန္ဓာကိုယ်မပါသော မျက်နှာကြီးသည် ထ
ထင်ရှားရှား ပေါ်လွင်လျက်ရှိနေပေသည်။

ဤသည်မှာလည်း ဓာတ်ပုံထဲတွင် တစ္ဆေပါဝင်လ
သော ထူးဆန်းသည်ဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

➤ ဆဋ္ဌမဖော်ပြသည့်ဓာတ်ပုံမှာ ဘုရားကျောင်းထဲမှ တစ





များပါဝင်သောပုံဖြစ်သည်။

(၁၉၅၂) ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ဒွမ်ရီမီကျေးရွာအနီး ရှိ သီဘိုချီနူရှိ ဘစလီကာဘုရားရှိခိုးကျောင်းသို့ မိတ်ဆွေလေး ဦး အလည်ရောက်ရှိခဲ့ကြသည်။

ထိုစဉ်က အမှတ်တရ ဓာတ်ပုံတစ်ပုံ ရိုက်ယူခဲ့ကြသည်။

အဆိုပါ ဘုရားရှိခိုးကျောင်းသည် စိန့်ဂျုန်းအော့(ဖ) အ(ခ) (St. Joan of Arc) ၏ ဘဝနှစ်မြှုပ်ထားရာ နေရာဖြစ် သည်။

ဓာတ်ပုံရိုက်ယူခဲ့သည့် မိတ်ဆွေလေးဦး ထိုဘုရားရှိခိုး ကျောင်းသို့ အလည်ရောက်ခြင်းမှာလေဒီပယ်(လ)မာက ထို ဘုရားရှိခိုးကျောင်းတွင် နိုင်ငံတော် အလံပေးအပ်ခြင်းကြောင့် ဖြစ်ပေသည်။

မစ္စတောင်ဆင်က သူမကို ဓာတ်ပုံရိုက်ပေးပါရန် လေဒီ ပယ်(လ)မာကို အကူအညီတောင်းခဲ့သည်။

ဓာတ်ပုံထဲတွင် သူမ၏ပုံကို အလယ်တွင်ဦးထုပ်ဆောင်း လျက်တွေ့ရသည်။

အခြားမိတ်ဆွေနှစ်ဦးဖြစ်သော မစ္စတာနှင့် မစ္စစ်ဒဗလူ အက်(ဖ)ဖော့စတာတို့သည် ကင်မရာ ရိုက်သူ၏နောက်ဖက်တွင် ရှိနေခဲ့ကြသည်။

ထိုစဉ်က အဆိုပါမိတ်ဆွေလေးဦးသာ ဘုရားကျောင်း ထဲတွင်ရှိကြသည်မှာ အသေအချာဖြစ်သည်။

ဓာတ်ပုံထဲတွင် မစ္စတောင်ဆင်၏ နောက်မှာရပ်နေသူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးကို ထိုဓာတ်ပုံရိုက်စဉ်က မည်သူမျှ မတွေ့မိကြပါ။

မူရင်းဖလင်ကို သေသေချာချာအနီးကပ် လေ့လာကြည့်သောအခါ ရင်စေ့အင်္ကျီရှည်ကို ဝတ်ထားသည့် ဘုန်းတော်ကြီးများဖြစ်သည်ကို တွေ့မြင်ရသည်။

ထိုဘုန်းကြီးများသည် (၁၉)ရာစုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ဘစလီကာဘုရားရှိခိုးကျောင်းတွင်းသို့ ရှေးဦးမဆွကပင် ရောက်နှင့်သူများဖြစ်နိုင်ပေသည်။

➤ သတ္တမမြောက် ဖော်ပြထားသည့် ဓာတ်ပုံတွင် ကြောင်တစ္ဆေ၏ပုံ ပါဝင်ပေသည်။

(၁၉၇၄)ခုနှစ်တွင် အက်ဆက်ရှိလိုက်(ချ) အွန်ဆီး (Leigh-on-sea)ဟုခေါ်သော ကမ်းခြေမြို့လေးမှ အဲ(လ)ဖရက်ဟိုလိ(ဂျ)ဆိုသူသည် သူ၏ကြောင် မိုနက်ကို ဓာတ်ပုံရိုက်ယူခဲ့သည်။

ထိုဓာတ်ပုံထဲတွင် သူ၏ကြောင် မိုနက်ကြည့်နေဟန်ရှိသော အခြား တစ္ဆေဝိညာဉ်ကြောင်တစ်ကောင်၏ ပုံရိပ်ပါရှိနေသည်။ ဟိုလိ(ဂျ)တွင် သူမွေးလားသည့် မိုနက်အမည်ရှိ ကြောင်တစ်ကောင်သာရှိသည်။

ထိုကြောင်ကို ဓာတ်ပုံရိုက်ချိန်တွင် ထိုအိမ်၌ အခြားကြောင်တစ်ကောင် ရှိမနေသည်မှာ သေချာသည်။

မစ္စတာ ဟိုလိ(ဂျ)သည် (၁၉၄၇)ခုနှစ်စက်တင်ဘာလ၌ ကွယ်လွန်သွားသဖြင့် သူရိုက်ခဲ့သည့် ဓာတ်ပုံကိုပင် ကြည့်မသွားခဲ့ရပေ။





ကျန်ရစ်သူဇနီးသည်သာ တစ္ဆေဝိညာဉ်ကြောင်ပုံရိပ်ပါသည့် ဓာတ်ပုံကိုကြည့်ကာ အံ့သြနေရပေသည်။

➤ အဋ္ဌမမြောက် ဖော်ပြသည့် ဓာတ်ပုံမှာ အားလပ်ရက်လျှပ်တစ်ပြက်ရိုက်ချက်ဖြစ်သည်။

(၁၉၈၆)ခု စက်တင်ဘာလတွင် ကျော့(ချ)ကနီဂေါ်စကီဆိုသူသည် သူ၏အားလပ်ရက်ကို ဆိုက်ပရပ်တွင် အပန်းဖြေခဲ့သည်။

ညဖက်တွင် လီမက်ဆိုသဘော်ာဆိပ်မှ မီးအလင်းရောင်များကို ဓာတ်ပုံရိုက်ကူးရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ (၃)ပေခန့်မြင့်သော သုံးချောင်းထောက်ပေါ်တွင် သူ၏ အိုလံပတ်(စ)အိုးအမ်(မ)-၁၀ ကင်မရာကို အသေအချာတပ်ဆင်ပြီး ဓာတ်ပုံတစ်ပုံအတွက် ရိုက်ချိန် စက္ကန့်(၃၀)စီ အချိန်ပေး၍ ဓာတ်ပုံ(၅)ပုံ ရိုက်ယူခဲ့သည်။

ထိုဓာတ်ပုံများ ရိုက်ယူချိန်တွင် ထိုနေရာ၌ မြင်နေကျမဟုတ်သည့် အရာတစ်ခုမှ မတွေ့ခဲ့ပေ။

သူဓာတ်ပုံရိုက်နေသည့် ရိုက်ကွင်းရှေ့မှလည်း မည်သူမျှဖြတ်သန်းသွားလာခြင်းမရှိခဲ့ပါ။

ဓာတ်ပုံထဲတွင် လူတစ်ယောက်ပါဝင်ရန်မှာ ထိုသူသည်တာရှံထားသော နံရံကိုဖက်တက်ရပေ ဦးမည်။

ကျော့(ချ)သည် အိမ်ပြန်ရောက်၍ ကင်မရာမှ ထွက်ပေါ်လာသည့် ဓာတ်ပုံ(၅)ပုံကိုကြည့်သောအခါ (၄)ပုံမှာ သာမန်ရိုးရိုက်စဉ်ပုံများဖြစ်သည်။ ကျန်ဓာတ်ပုံထဲတွင်မူ တစ္ဆေပုံရိပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်နေသည်ကို အံ့ဩဖွယ်တွေ့မြင်ခဲ့ရသည်။

➤ နဝမမြောက် ဖော်ပြထားသည့် ဓာတ်ပုံမှာ လှို့ဝှက်သော မြူများပါဝင်သည့် ဓာတ်ပုံဖြစ်သည်။

(၁၉၉၁)ခုနှစ်တွင် ဂရက်ရှီ(လ)ဒန်မက်(စ်)ဝဲ(လ) (Greg Shildon Maxwell)သည် အသက်(၂)နှစ်အရွယ်ရှိပြီဖြစ်သည်။

ထိုအရွယ်ကသူသည် လေထဲသို့ လက်ညှိုးထိုးကာ. .

"ဟိုမှာ. . ဘွားဘွားကြီးနန်နာ"

ဟုပြောဆိုလေ့ရှိခဲ့သည်။

ထိုကလေးရည်ညွှန်းသည့် ဘွားဘွားကြီးနန်နာဆိုသည်မှာ သူ့အဘွား၏မိခင်ဖြစ်သည်။

ထိုအဘွားကြီးပြောလေ့ရှိခဲ့သည်မှာ သူကွယ်လွန်ပြီးသည့်နောက်တွင် သူမကို သူ့သားသမီးများက တွေ့မြင်စေချင်သေးသည်ဟူ၍ ဖြစ်သည်။

ဖော်ပြခဲ့သည့် နဝမမြောက်ဓာတ်ပုံကို ရိုက်၍ပုံကူးပြီးသည့်အခါတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ထူးဆန်းမှုတစ်စုံတစ်ရာကို မတွေ့မိပေ။

သို့ရာတွင် ကလေးငယ် ဂရက်က သူ့ဘွားဘွားကို တွေ့မြင်ရသည်ဟု ဆိုခြင်းဖြစ်သည်။

ဤသည်မှာ အဆိုပါ ဓာတ်ပုံတစ်နေရာရှိ မြူထဲတွင် သူ့ဘွားဘွားကြီး နန်နာကို တစ္ဆေဝိညာဉ်ပုံရိပ်အဖြစ် တွေ့မြင်ခဲ့ရခြင်းဖြစ်ပေမည်။

ဂရက်တို့မိသားစုသည် အဘူဒါဆီတွင် နေထိုင်ခဲ့ကြ





သည်။

နောက် (၂)နှစ်ခန့်ကြာသောအခါ ဂရက်နှင့် သူ့မိခင်တို့သည် အင်္ဂလန်နိုင်ငံတွင် လအနည်းငယ်ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံရှိ ဂရက်၏ဘွားဘွားက ဂရက်အား ဘွားဘွားကြီးနန်နာကို တွေ့မြင်နေရသေးလားဟု မေးခဲ့သည်။

ဂရက်၏အဖြေမှာ ထူးဆန်းလှသည်။

"ဘွားဘွားကြီး နန်နာကို သားအခု မတွေ့ရတော့ပါဘူး၊ အရင်မြူထဲမှာ သားတွေ့ခဲ့ရတဲ့ ဘွားဘွားကြီးဟာ ဘယ်လိုပုံသဏ္ဍာန်ဆိုတာ သားပြမယ်"

ဂရက်သည် ပြောပြောဆိုဆိုပင် သူ့မိခင်နှင့် ဘွားဘွားတို့ ခန်းမတစ်ခုထဲသို့ခေါ်သွားပြီး နံရံတွင်ချိတ်ထားသည့် ဓာတ်ပုံတစ်ပုံကို လက်ညှိုးညွှန်ပြသည်။

"သားသား ဘွားဘွားကြီးနန်နာကို မြူထဲမှာ တွေ့လိုက်ရတုန်းက အဲဒီဓာတ်ပုံထဲက ရုပ်အတိုင်းပဲ"

ဂရက်၏ပြောပြချက်အရဆိုပါမူ သူ၏ဘွားဘွားကြီးနန်နာ၏ ဝိညာဉ်ပုံရိပ်သည် တကယ်ပင် မြူထဲ၌ရှိနေခြင်းဖြစ်ပေသလား။ ဤသည်ကိုမူ အဖြေရှာမတွေ့ပေ။

➤ ဒသမမြောက်ဖော်ပြထားသည့် ဓာတ်ပုံမှာ ဘာ့(ချ)လာ(စ)ဂူသင်္ချိုင်းမှ နာမည်ကြီးတစ္ဆေပုံဖြစ်သည်။

ချီကာဂိုမြို့ကမှ များစွာမဝေးလှသော အီလီနွိုက်ဒေသရှိ ဘာ့(ချ)လာ(စ)ဂူသင်္ချိုင်းသည် တစ္ဆေခြောက်လှသည်ဟု နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားသော သုသာန်မြေဖြစ်သည်။

ထိုနေရာတွင် တစ္ဆေများကို ရုတ်တရက်မြင်တွေ့ရမှုများ၊ ထူးခြားဆန်းကြယ်သည့် အလင်းရောင်များ၊ ချောက်ချားဖွယ်ရာ ထူးထူးခြားခြားများကို မြင်ရ၊ တွေ့ရ၊ ကြားရသည်ဟူသော သတင်းစကားများစွာရှိပေသည်။

အဲဆိုပါ ဓာတ်ပုံသည် (၁၉၄၇)ခုနှစ်က တိုနီဗက်ဆီ ရိုက်ယူခဲ့ခြင်းဖြစ်သည်။

တိုနီ၏ ပြောပြချက်အရ သိရှိရသည်မှာ ထိုသချိုင်းမြေ အတွင်း မြူများကို အမိအရဓာတ်ပုံရိုက်ယူနိုင်သည့်နေရာ နှစ်နေရာသာရှိသည်။

တိုနီသည် ပိုလာရွေ့(ဒ)ကင်မရာများကို သုံး၍ သချိုင်းမြေတွင် ဓာတ်ပုံပေါင်း(၁၀၀)ကျော် ရိုက်ကူးခဲ့သည်။

ထိုဓာတ်ပုံများထဲတွင် သူအမိအရ ရိုက်ယူလိုသည့် အရာကို ရိုက်ယူနိုင်ခဲ့သည်။

သူ၏ ကင်မရာသည် ၄င်းဖာသာအလိုလို မီးပွင့်ပြီး ရိုက်နိုင်စွမ်းရှိပေသည်။

သူသည် ထိုမြူထုကို ဓာတ်ပုံရိုက်ယူသည့်အခါတွင် ကင်မရာအလိုအလျောက် မီးဖွင့်သောကြောင့် နာမည်ကြီးဒေသခံတစ္ဆေဖြစ်သည့် မုဆိုးကြီးရစ်ချတ်ကရိုး (Richard crowe) ၏ ဝိညာဉ်ပုံရိပ်ကို အမိအရရိုက်ယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နောက်ဆုံးဖော်ပြထားသည့် ဓာတ်ပုံတွင် အင်္ဂလိပ် သချိုင်းထဲက သရဲမျက်နှာပေါ်နေသည့် ပုံဖြစ်သည်။

☺ အောင်မြင်စာပေ ☺



(၁၉၉၄)ခုနှစ်တွင် အင်္ဂလိပ်သချိုင်း၌ ထိုဓာတ်ပုံကို ရိုက်ယူခဲ့သူမှာ မတ်(ထ)အဒိမ် ဖြစ်သည်။

ထိုဓာတ်ပုံတွင် ပွင့်နေသည့် အုတ်ဂူတစ်ခုမှ ထွက်ပေါ်လာသည့် နှင်းဖုံးလွှမ်းနေသော မျက်နှာတစ်ခု၏ ပုံသဏ္ဍာန်ကို တွေ့မြင်ရပေသည်။

ထိုမျက်နှာသည် သချိုင်းထဲကသရဲမျက်နှာပင် ဖြစ်ပေသည်။

ထိုမှတ်တမ်းများမှာ ဓာတ်ပုံများရိုက်သောအခါ သရဲ၊ တစ္ဆေ၊ ဝိညာဉ်တို့၏ပုံရိပ်များ ပေါ်နေသည်ကို မှတ်တမ်းများဖြင့် ဖော်ပြထားသော အကြောင်းအရာများပင်ဖြစ်တော့သည်။

ထိုမှတ်တမ်းများကို ဖတ်ရှုရသောအခါ ထိုင်းနိုင်ငံ၊ ပထုဌာနီအရပ်တွင် အရိုးစုဘဝရောက်နေသော လူသေအလောင်းကို ဓာတ်ပုံမှ မှတ်တမ်းရိုက်ယူရာတွင် ဝိညာဉ်ပုံပါ တွေ့ရခြင်းဆိုသော အကြောင်းအရာမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များထဲမှ တစ်ခုအနေဖြင့်သာ ပါဝင်နိုင်ပေတော့သည်။

ကမ္ဘာ့နေရာအနှံ့အပြားတို့တွင် ဝိညာဉ်ပုံရိပ်များ တွေ့ကြရသလို မြန်မာနိုင်ငံအတွင်းမှာလည်း ထိုကဲ့သို့သော အဖြစ်အပျက်များ ရှိကြလေသည်။

ဓာတ်ပုံရိုက်သောအခါ ဝိညာဉ်ပုံရိပ်များကို တွေ့ကြရခြင်း၊ သရဲ၊ တစ္ဆေ၊ ဝိညာဉ်များဖြင့် ကိုယ်တွေ့ကြုံခဲ့ရသူများလည်းရှိကြပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို စာအုပ်များအဖြစ် ရေးသားထုတ်ဝေကြသည်လည်းရှိသည်။

မြန်မာစာပေလောကတွင် တစ္ဆေဝတ္ထုများ၊ တစ္ဆေပုံပြင်များသည် ယခင်အခါကတည်းကပင် ရှိခဲ့ကြပေသည်။

ဝေါဟာရလိနတ္ထ ဒီပနီကျမ်းကို ပြုစုခဲ့သော လယ်သင်းအတွင်းဝန်မင်းကြီး စဟာဇေယျသင်္ခယာက 'တဇ္ဇတ္ထဒီပနီကျမ်း' ကို ရေးသားပြုစုတော်မူခဲ့သည်။

ထိုကျမ်းတွင် မြန်မာ့သမိုင်း၊ မြန်မာရာဇဝင်ထဲမှ တစ္ဆေများအကြောင်းကို ရေးသားဖော်ပြထားသည်။

(၁၉၂၀)ခုနှစ်လောက်က ပဋ္ဌရုပ်ဦးခ၏ တစ္ဆေညွှန့်ပေါင်းစာအုပ်လည်း ထွက်ပေါ်ခဲ့သည်။

ထိုစာအုပ်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ တစ္ဆေသရဲတို့နှင့် ကိုယ်တွေ့ကြုံရပုံများအကြောင်းကို ပုံပြင်သဖွယ်၊ ဝတ္ထုသဖွယ် ရေးသားတင်ပြထားသော စာအုပ်လည်းဖြစ်သည်။

ထို့ပြင် . . ရှေးအခါက ထုတ်ဝေခဲ့ကြသော သိုက်သမိုင်းဝတ္ထု၊ စုန်းကဝေဝတ္ထုများ၊ မှော်ဆရာမှတ်တမ်း စသောဝတ္ထုများ၌ တစ္ဆေသရဲများအကြောင်းကို ထည့်သွင်းရေးသားခဲ့ပေသည်။

ထိုစာအုပ်များကို ဖတ်ရှုလေ့လာသောအခါ ကမ္ဘာ့နေရာအနှံ့အပြားတွင် ဝိညာဉ်နှင့်သက်ဆိုင်သော ဝတ္ထုများ၊ မှတ်တမ်းများရှိကြသလို မြန်မာနိုင်ငံအတွင်းမှာလည်း ပရလောကနှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာတို့ ရှိကြသည်။





ထိုအထဲတွင် တစ်ချိန်က နေပြောက်မထိုးအောင် အရိပ်ကောင်းလှသော မဲဇာ၊ ရွှေလီသစ်တောကြီးများအတွင်းမှ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုလည်း ရှိပေသည်။

ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့သော အချိန်ကာလမှာ မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်အုပ်ချုပ်နေသော (၁၉၃၅)ခုနှစ် အချိန်ဝန်းကျင်ကာလတစ်ဝိုက်ပင်ဖြစ်သည်။

ကျွန်ုပ်သည် တပည့်ဖြစ်သူ မောင်တိုးအောင် စီစဉ်ပေးထားသော လက်ဖက်ရည်ကြမ်း၊ ကော်ဖီ၊ ဘန်းမုန့်၊ ပဲပြုတ်တို့ကို စားသောက်ရင်းနှင့် ထိုအဖြစ်အပျက်၊ အကြောင်းအရာတို့ကို သတိရနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂ )

# ရွှေလီ-မဲဇာ မောရမြိုင်ရွာ

စာပေရေးသားကြရာတွင် မဲဇာ-ရွှေလီ ဟူသော အမည်နှစ်ခုကိုတွဲကာ ရေးသားကြလေသည်။

တကယ်တော့ မဲဇာမြစ်နှင့် ရွှေလီမြစ်တို့သည် တစ်နေရာစီဖြစ်ကြလေသည်။

ဧရာဝတီမြစ်ကြီးထဲသို့စီးဝင်သော ထင်ရှားသည့် မြစ်လက်တက်ကြီးတစ်ခုမှာ ရွှေလီမြစ်ဖြစ်၍ မြန်မာနိုင်ငံ၏ အရှေ့တံခါးပေါက်ကြီးဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံ ထိန်ယွေး(မိုးမျှဉ်း)နယ် အရှေ့မြောက်ဘက် မိုင်(၆၀)ခန့်အကွာမှ ဖြစ်ဖျားခံခဲ့ပြီးနောက် အနောက်တောင်ဘက်သို့ စီးဆင်းကာ မိုင်းမော၊ နမ့်ခမ်းမြို့များအနီး ဖြတ်သန်း၍ မိုးမိတ်နယ်သို့ဝင်ပြီးလျှင် မြစ်ဆုံရွာအနီး ရော သောအခါတွင် မြောက်ဘက်သို့ မြစ်ကြောင်းတစ်ဖန်လှည့်က ကသာမြို့တောင်ဘက် မိုင်နှစ်ဆယ်ခန့်ကွာဝေးသော အင်းရွာ အနီး၌ ဧရာဝတီမြစ်ထဲသို့ ပေါင်းဆုံစီးဝင်သည်။

မိုင်ပေါင်းအားဖြင့် (၃၅၀)ခန့် ရှည်လျားသည်။

တရုတ်မြန်မာလမ်းမကြီးသည် များသောအပိုင်းတွင် ရွှေလီမြစ်နှင့် ယှဉ်ပြိုင်သွယ်တန်းလျက်ရှိသည်။

ထို့ကြောင့် ရွှေလီမြစ်သည် တရုတ်၊ ရှမ်း၊ ကချင် ဒေသ တို့ကိုဆက်သွယ်ပေးသော တံခါးပေါက်ကြီးဟုဆိုရပေမည်။

ဧရာဝတီမြစ်နှင့် ရွှေလီမြစ်တို့ ပေါင်းဆုံရာဒေသ နုန်းတင်မြေနုကျွန်းများသည် ရေစီးရေလာအရ သဘာဝ လျောက် ပေါ်ထွန်းနေကြသည်။

ရွှေလီမြစ်ကို ချိုင်လွှင်ပြင်သို့ မရောက်မီ တရုတ်တို့ "လွန်ကျန်၊ လွန်ချွန်းကျန်"ဟုခေါ်သည်။

ရှမ်းတို့က "နမ့်ယမ်မြစ်" ဟုခေါ်သည်။ "နမ့်မောမြစ်" ဟုခေါ်ကြပြန်သည်။

မြန်မာတို့သည် ဧရာဝတီမြစ်၏ လက်တက်ဖြစ်သော နမ့်မင်မြစ်ကို ရွှေလီဖြစ်ဟုခေါ်သည်။

"နမ့်မင်"ကို မြန်မာပြန်သော် "မောမြစ်" ဖြစ်၏။





ရွှေလီမြစ်အညာပိုင်း "မောမြစ်"တွင် နေထိုင်သော ိုင်(ရှမ်း)အမျိုးသားတို့သည် မိမိကိုယ်ကို "မောမြေဝှမ်းမှတိုင် သို့မဟုတ်)ရှမ်းများ" (Taimao) ဟုခေါ်ကြသည်။

တောတောင်စိမ့်စမ်း လျှိုမြောင်ကြားမှ ဖြတ်စီးရသော ကြောင့် မြစ်ကျဉ်းများ၊ ရေတံခွန်များ ပေါ်များသဖြင့် အချို့နေရာ ာ ကူးသန်းသွားလာရေး ခက်ခဲသည်။

မြစ်ဆုံရွာအောက်ဘက်တွင် မြစ်ကြောင်းသည် ကျယ် သော်လည်း မြစ်ဆုံရွာအထက်ဘက်မြစ်ကြောင်းသည် အလွန် ကျဉ်းသည်။

မိုးကုတ်နယ် ရွှေညောင်ပင်ရွာနားမှ စီးဆင်းလာသော ာင်းချောင်းနှင့် မိုးမိတ်မြို့ကို ဖြတ်သန်းစီးဆင်းသော နမ့်မိတ် မြစ်တို့သည် ပေါင်းဆုံပြီးနောက် မြစ်ဆုံရွာနားတွင် ရွှေလီမြစ် ထဲသို့ လက်ဝဲဘက်မှ စီးဝင်သည်။

ရွှေလီမြစ်သည် ကူးသန်းသွားလာရန် များစွာအသုံး ဝင်သော်လည်း ယင်းမြစ်ကို သစ်ဝါးမျှောရန် အသုံးပြုကြ သည်။

နမ့်ခမ်းမြို့အနီးဆွပ်ခန်းရွာအောက်နားတွင် ရွှေလီမြစ် သည် တောင်ကုန်းကိုဖြတ်၍ စီးရသဖြင့် ကိုက်(၁၀၀)ခန့်သာ ကျယ်သည်။

ဧရာဝတီမြစ်သို့ ဝင်ခါနီး ရွှေလီမြစ်၏ အောက်ပိုင်းဒေ သ၌ သစ်တောကြီးများရှိသည်။

ရွှေလီမြစ်ကမ်းပေါ်ရှိ ထင်ရှားသော ကူးတို့ဆိပ်များမှာ



www.burmeseclassic.com

www.burmeseclassic.com



နောင်ခမ်း၊ ဆွပ်ခမ်း၊ တကျယ်၊ အေအောက်၊ ဆာလီ၊ ပိန်း၊ ဖျံဖော၊ မန်းဆတ်တို့ ဖြစ်ကြသည်။

မိုင်းမောနှင့် နန်ခမ်းလွင်ပြင်ဒေသတွင် ရွှေလီမြစ်သည် လွင်ပြင်ကို စီးဆင်းရသော်လည်း အကွေ့အကောက်များသည်။

ထိုနေရာရှိ ရွှေလီမြစ်ဝှမ်းဒေသသည် အရှေ့နှင့်အနောက် မိုင်(၃၀)ခန့်၊ တောင်နှင့်မြောက် (၇)မိုင်ခန့် ရှည်လျားသည်။

ထိုဒေသသည် ရွှေလီမြစ်တစ်လျှောက်တွင် လူဦးရေအများဆုံးဖြစ်သည်။

ရွှေလီမြစ်ဝှမ်းတွင် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး လယ်ယာကိုင်းကျွန်းလုပ်ငန်း လုပ်ကိုင်စားသောက်ကြသည်။

ထင်ရှားသောထွက်ကုန်များမှာ လက်ဖက်ခြောက်၊ ကျောက်ကျော၊ မက်မုံသီး၊ သစ်သော့သီး၊ သစ်အယ်သီး၊ တယ်သီး၊ ဝါး၊ လွယ်အိတ်၊ ခမောက် စသည်တို့ ဖြစ်ကြသည်။

ရွှေလီမြစ်ဝှမ်းနေ ရှမ်းတို့သည် ကျဉ်းမြောင်းသောချောက်ကြိုမြောင်ကြားမှ စီးဆင်းလာသည်ကို စွဲ၍ "ရှည်လီ၊ ဖွေလီ" ဟူ၍လည်းကောင်း ခေါ်ကြသည်။

မြနီညိုရောင် အဆင်းရှိသော ရွှေလီမြစ်သည် ငါးမည်ရမြစ်ဖြစ်သည်။

ဧရာဝတီမြစ်နှင့် ရွှေလီမြစ်တို့သည် တရုတ်ပြည်သို့ ဝင်ရောက်ရန် လမ်းကြောင်းအဖြစ် အရေးပါသည်။





မဲဇာမြစ်အကြောင်းကို အနည်းငယ် ဖော်ပြပါဦးမည်။

မဲဇာဟူသောအမည်ကို "မဲ+ဇာ" ဟုခွဲခြားစိတ်ဖြာသည်။ မဲ = မည်းနက်သည်။ ဇာ = ရေအဟောဖြစ်၏။

ထို့ကြောင့် "မဲဇာမြစ်" ဟူသည် "ရေမည်းမြစ်" ဟု ဆိုပါယ်ရသည်။

မဲဇာမြစ်တွင် ဧရာဝတီမြစ်ဝမှ အင်းတော်ကြီးမြို့နယ် န်လည်၊ ဆိပ်သာ၊ သီလရွာများအထိ လှေနှင့် စက်တပ်လှေများ န်တက်သွားလာနိုင်သည်။

နွေရာသီတွင် ရေအလွန်နည်းပါးပြီး မိုးရာသီတွင် ရေစီး န်သောမြစ်ဖြစ်သဖြင့် လှေသင်္ဘောများသွားလာရန် ခက်ခဲသည်။ ထိုမြစ်သည် သစ်ဖောင်၊ ဝါးဖောင်များ မျှောချရန်သာ အသုံးဝင်သည်။

မဲဇာမြစ်သည် အင်းတော်မြို့နယ်တွင် သုက္ခ၊ တာပေါ၊ မော်တိတ်၊ ဆိပ်ဆာ၊ မန်လည်၊ တံခွန်တိုင်၊ လယ်နောင်၊ မဲဇာ၊ ရမ်းစပ်ကုန်း၊ လက်ပန်ကုန်း၊ ဂျုံးဂျုံးကျ၊ ကျောင်းကုန်း စသော ကျေးရွာအုပ်စုများကို ဖြတ်သန်းစီးဆင်းခဲ့သည်။

မဲဇာမြစ်သည် ဟုမ္မလင်းမြို့နယ်၊ ကချင်ပြည်နယ်နှင့် န်းမောက်မြို့နယ်တို့၏ နယ်စပ်ဆုံ (သုံးမြေဆိုင်) တောင်သုံးလုံးမှ အစပြု၍ စီးဆင်းလာပြီး ကချင်ပြည်နယ်ကို ဖြတ်လျက် ဗန်းမောက်မြို့နယ် ဆူးတောင်ရွာအထက်မှ ဗန်းမောက်မြို့နယ်အတွင်း စီးဝင်သည်။

အင်းပေါက်အုပ်စု၊ မံထုံအုပ်စု၊ ကျွန်းကုန်းအုပ်စု၊ ထုံး



www.burmeseclassic.com

www.burmeseclassic.com



လှော်အုပ်စု၊ ကိုင်းကြီးအုပ်စုနှင့် ကွဲကော်အုပ်စုများကို ဖြတ်၍ အင်းတော်မြို့နယ်သို့ စီးဆင်းသွားသည်။ အင်းတော်မြို့နယ်ကို ဖြတ်သန်းကာ တောင်ဘက်စူးစူးသို့ စီးဆင်းသွားခြင်းဖြစ်သည်။

မဲဇာချောင်းသည် အလျား(၅၂)မိုင် ရှည်လျားကာ မိုး ဥတုတွင် ရေအနက်(၁၂)ပေခန့်ရှိပြီး ရေစီးနှုန်း(၄)မိုင်ခန့်ရှိ သည်။

မဲဇာမြစ်သည် အင်းတော်မြို့နယ်မှ ထီးချိုင့်မြို့နယ်အ တွင်းသို့ ဖြတ်သန်းစီးဝင်သည်။

"မဲဇာလေးရွာ" ၊ သာယာကုန်း၊ ဇီးပင်တောင်၊ ပေါက်ပင် ကွေ့၊ ရေပေါက်ကြီး၊ အင်ဖြူဆိပ်၊ လင်းပိုင်းဆင်၊ မုတ်ဝ၊ တောမ ဝဲကြီး၊ မိချောင်းအိုက်၊ ဒိုးပင်၊ မယ်ဇလီ၊ ညောင်ပင်သာ စသော ကျေးရွာအုပ်စုများကို ဖြတ်သန်းစီးဆင်းပြီး ထီးချိုင့်မြို့ အောက် ဘက် (၈)မိုင်ခန့်အကွာ ညောင်ပင်သာ (ဂိုတောင်)အရပ်တွင် ဧရာဝတီသို့ ပေါင်းဆုံသည်။

ယခင်က မဲဇာချောင်းသည် တုံငယ်အရပ်တွင် ဧရာဝတီ သို့စီးဝင်သည်။

မဲဇာလေးရွာအထက်နားတွင် ကွမ်းဆောင်ချောင်း သည် မဲဇာချောင်းသို့ ပေါင်းဆုံသည်။

ဂျော့စကော့၏ မှတ်တမ်းမှ ကောက်နုတ်ဖော်ပြပါမည်။

မဲဇာသည် ကသာခရိုက် အနောက်မြောက်စွန်း၊ တောင် သုံးလုံးအကြား စီးဆင်းသော မြစ်ငယ်ဖြစ်သည်။

ယင်းမြစ်သည် အရှေ့တောင်ယွန်းယွန်းသို့ စီးဆင်းကာ





ထီးချိုင့်မြို့နယ်အနီး ဧရာဝတီမြစ်အတွင်း စီးဝင်သည်။

မြန်မာမင်းများလက်ထက်မှာ ဥတုသဟာယ မမျှသဖြင့် နိုင်ငံအဝှမ်းမှ အပြစ်ရှိသူတို့ကို ပို့ဆောင်ရာဒေသ ဖြစ်ခဲ့ပေသည်။

အပြစ်ဒဏ်ခံရသူသည် သတ်မှတ်ထားသည့် ကာလအ ထိ ရာဇဝတ်ပန်းကို ခံယူပြီးနောက် သတ်မှတ်ထားသည့်နယ် ပယ်အတွင်း လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိသည်။

မဲဇာနှင့်ပတ်သက်၍ ဂျပ်ဆင်အဘိဓာတ်တွင် ဖော်ပြ ထားသည်မှာ ဤသို့ဖြစ်သည်။

မဲဇာနှင့် ရွှေလီသည် အထက်မြန်မာနိုင်ငံရှိ မြစ်နှစ်သွယ် ဖြစ်သည်။ ထိုမြစ်နှစ်သွယ် ပေါင်းဆုံရာဒေသသည် မြန်မာမင်း များလက်ထက်က မင်းပြစ်မင်းဒဏ်သင့်သူများအား နယ်နှင်ရာ ဒေသတစ်ခုဖြစ်ခဲ့သည်။

မဲဇာရွှေလီဒေသသည် ငှက်ဖျားရောဂါ အလွန်ထူထပ် သဖြင့် ထိုဒေသသို့ နယ်နှင်မှုများပြုလုပ်ခြင်းသည် သေဒဏ်ပေး သည့်သဘောပင်ဖြစ်သည်ဟု လူအများက လက်ခံယူဆထား ကြသည်။

မဲဇာဆိုလျှင် ရှေးမြန်မာမင်းများ လက်ထက်က မင်း မျက်သင့်၍ နယ်ခြားသို့အပို့ခံရသော ဒေသဖြစ်သောကြောင့် မဲဇာသို့ အပို့ခံရမည်ကို ထိုခေတ်က လူတိုင်းကြောက်ရွံ့ကြသည်။

မဲဇာမြစ်ကမ်းတွင် မဲဇာဟူသောအမည်ဖြင့် ရွာနှစ်ရွာ တည်ရှိပါသည်။

မန္တလေးမြစ်ကြီးနားလမ်း မီးရထားခရီးစဉ်တွင် မီးရ



www.burmeseclassic.com

www.burmeseclassic.com



ထားဘူတာဖြစ်သော မဲဇာရွာ(အင်းတော်မြို့နယ်)နှင့် ထီးချိုင့်မြို့နယ်အတွင်းရှိ မဲဇာရွာတို့ဖြစ်သည်။

ယင်းနှစ်ရွာလုံးမှာ မဲဇာမြစ်၏ အရှေ့ဘက်ကမ်းမှာ တည်ရှိနေကြပြီး တစ်ရွာနှင့်တစ်ရွာ (၁၂)မိုင်မျှ ကွာဝေးပါသည်။

ထိုရွာနှစ်ရွာ၏အလယ်တွင် ကင်းစမ်းတောင် ခြားလျက်ရှိသည်။

မဲဇာရွာများကို ရောထွေး၍ ခေါ်နိုင်သဖြင့် ရထားလမ်းပေါ်ရှိ မဲဇာရွာအား 'သံလမ်းမဲဇာ' (သို့မဟုတ်) "မဲဇာကြီး" (သို့မဟုတ်) "အထက်မဲဇာ" ဟုခေါ်ကြသည်။

ထီးချိုင့်မြို့နယ်အတွင်းရှိ မဲဇာရွာအား "မဲဇာလေး" (သို့မဟုတ်) "အောက်မဲဇာ" ဟု ခွဲခြားခေါ်လေ့ရှိကြသည်။

လက်ဝဲသုန္ဒရအမတ်ကြီး မင်းမှုက်သင့်၍ မဲဇာပို့သည် ဆိုသည်မှာ ထီးချိုင့်မြို့နယ်အတွင်းရှိ မဲဇာလေးရွာပင်ဖြစ်သည်။

မဲဇာနှင်ပတ်သက်၍ ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် ဤသို့ဖော်ပြထားသည် "သက္ကရာဇ်(၂၂၈)-ခု၊ တပေါင်းလပြည့် ကျော်(၉)ရက်နေ့၊ ဗုဒ္ဓဟူးနေ့ သန်လွဲ(၇)ဖဝါးတွင် သီရိမဏ္ဍသောကမင်းကြီး တည်ထားပြုစုခဲ့သည့်အတိုင်း ထပ်မံ၍. . သက္ကရာဇ်(၉၆၉)ခု၊ တပို့တွဲလပြည့်ကျော် (၁၀)ရက်၊ အင်္ဂါနေ့တွင် ညောင်ရမ်းမင်းတရားကြီး အစုလုပ်ငန်းမြေ နယ်မြေစားမြေ၊ ပယ်ခြားနယ်ခြား (၄)ရပ်၊ သစ်စည်းဝါးစည်း မြို့ပြကျေးရွာနယ်ပယ်၊ အဖို့အငန်းစစ်တမ်းလူစုဖွဲ့ ဖြည့်တင်းပေးသည့်အခါကာလဖြစ်သည်။





ထိုအခါကာလတွင် အမတ်သရေပျံချီနန္ဒယော်ဓာတို့ကို ဆ၍ အထက်မြစ်စဉ်တစ်လျှောက်တွင် မြို့များတည်ခဲ့သည်။ ကောင်းတုံမြို့၊ ကောင်းစင်မြို့၊ ရင်းခဲမြို့၊ ထီးချိုင့်မြို့၊ ငါးရုံမြို့၊ မြတောင်မြို့၊ ချွန်းတောင်မြို့၊ တကောင်းမြို့၊ ကြာညှပ်မြို့၊ စမွာကိုမြို့၊ ငါးပင်ရွာ၊ စေဥ့်ကူးမြို့၊ ကျောက်ငွား၊ ကျောက်မြောင်းမြို့၊ မန်လည်ငါးရွာ၊ ရေပေါ်စီးငါးရွာ၊ "မဲဇာ"၊ မိုးတားမြို့၊ ငါရင်မြို့၊ ရွှေကူမြို့ စသည်ဖြင့်. . အောက်မြစ်စဉ်အတိုင်း မြို့ပေါင်း(၁၂၈)မြို့၊ ရွာပေါင်း(၁၂၄၅)ရွာ တည်သမုတ်သည်။

ဒေသခံများက မဲဇာမြစ်ရိုးမြစ်စဉ်ကို အပိုင်းကန့်ထားရာ မဲဇာမြစ်အထက်ပိုင်းကို ကချင်ပြည်နယ်နှင့် ပန်းမော်မြို့နယ်တို့တွင် ပါဝင်သည်။

မဲဇာမြစ် အလယ်ပိုင်းသည် အင်းတော်မြို့နယ်တွင်ပါဝင်သည်။

မဲဇာမြစ်အောက်ပိုင်းသည် ထီးချိုင့်မြို့နယ်တွင် ပါဝင်ဖြတ်သန်းစီးဆင်းသည်။

မဲဇာမြစ်ကမ်းဝဲယာတွင် မဲဇာလေးရွာရှိ လက်ဝဲသန္ဒရအမတ်ကြီးတည်ထားကိုးကွယ်ခဲ့သော စေတီတော်များ။ ဇာဘရုံဘုရား၊ ညီအစ်မခုနစ်ဖော်ဘုရား(မဲဇာလီရွာ)၊ လောကမာရဇိန်ဘုရား(တောမရွာ)၊ ပုခန်းမင်းသားတည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့် ကျောက်စေတီ(ပေါက်ပင်ကွေ့ရွာ). . စသည့်ဘုရားများမှာ သမိုင်းဝင်ဘုရားများဖြစ်သည်။

ရွှေလီမြစ်ဝှမ်းတစ်လျှောက်နှင့် မဲဇာမြစ်ဝှမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်မှာ ရှေးအခါက လူနေကျဲလှပြီး အထိကရ သစ်တော ကြီးများသာ ဖုံးလွှမ်းထားလေသည်။

သစ်တောများ ထူထပ်လှသောကြောင့် သားရဲတိရစ္ဆာန် တို့ကလည်း ပေါများလှသည်။

တောထဲသို့ဝင်ရောက်လာသောလူတို့ကို အလွတ်မပေး တတ်ပဲ ဖမ်းဆီးသတ်ဖြတ်လေ့ရှိသော ကိုးတောင်ကျားကြီးများ အလွန်ပေါလှပေသည်။

ထို့ကြောင့် သစ်ဝါးအလို့ငှာ တောတွင်းသို့ ဝင်ရောက် ကြသူတို့မှာ အဖော်အပေါင်းမပါပဲနှင့် ဝင်ရောက်ခြင်းမပြုဝံ့ကြ ပေ။

တောကောင်ကြီးများမှာ တစ်ခါတစ်ရံ မြစ်ကမ်းတစ် ဝိုက်မှာရှိသောရွာများ၊ တောစပ်၌သော်လည်းကောင်း၊ တောင် ခြေ၌သော်လည်းကောင်းရှိသော ရွာများအထိ ဆင်းလာကြပြီး ကျွဲနွားများကို ဖမ်းဆီးသတ်ဖြတ်ကာ တောတွင်းသို့ ယူဆောင် သွားလေ့ရှိကြသည်။

ထို့ကြောင့် ထိုအရပ်ဒေသတစ်ဝိုက်တွင် ရွာတည်ပြီး နေကြသူတို့မှာ စိတ်ချလက်ချမနေဝံ့ကြပဲ သတိကြီးစွာဖြင့် နေ ကြရပေသည်။

(၁၉၃၅)ခုနှစ် ဝန်းကျင်ကာလရောက်သောအခါ ရွှေလီ မြစ်ဝှမ်းတစ်လျှောက်နှင့် မဲဇာမြစ်ရိုးတစ်လျှောက်တွင် သစ်ထုတ် လုပ်ရေးစခန်းများ ပေါ်ပေါက်လာခဲ့လေသည်။

ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် အစိုးရသစ်ထုတ်လုပ်





ရေးလုပ်ငန်းများ ပေါ်ပေါက်ခဲ့သည်က ရှေးနှစ်ပေါင်းများစွာ ကတည်းကဖြစ်သည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်း၊ သီပေါဘုရင်စသော ဘုရင်များလက်ထက်ကတည်းက ရှိခဲ့ကြခြင်းဖြစ်ပေသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲများဖြစ်ရခြင်း အကြောင်း ရင်းမှာပင် သစ်ထုတ်လုပ်ရေးကိစ္စများကြောင့်ပင်ဖြစ်ပေသည်။

(၁၈၈၅)ခုနှစ် ဧပြီလအတွင်းရှိ ဘုံဘေဘားမား သစ် ကုမ္ပဏီကိစ္စမှ အစပျိုးခဲ့ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့ပိုင်သော ဘုံဘေဘားမားသစ်ကုမ္ပဏီသည် မြန်မာနိုင်ငံမှ နှစ်နှစ်အတွင်း သစ်လုံးရေ(၈၀၀၀၀)ထုတ်သော် လည်း (၃၀၀၀၀)သာ စရင်းလိမ်ပြခဲ့သောကြောင့် မြန်မာအစိုးရ က ကုမ္ပဏီအား ဒဏ်ငွေကျပ် နှစ်သန်းသုံးသိန်း ရိုက်ခဲ့သည်။

ကုမ္ပဏီမှ ဒဏ်မဆောင်ဘဲ အိန္ဒိယဘုရင်ခံချုပ်ထံ တိုင် ကြားလေသည်။

ဘုရင်ခံချုပ်က မြန်မာအစိုးရအား ရာဇသံပေးသည်။ ရာဇသံတွင် အမှုနှင့်မသက်ဆိုင်သည့် မြန်မာ့အချုပ်အခြာ အာ ဏာကို စော်ကားသောအချက်ဖြစ်သည်။

မြန်မာနှင့် နိုင်ငံခြားဆက်သွယ်ရေးကို အင်္ဂလိပ်တို့ကို အသိပေးရမည်ဟူသော အချက်ပါလေသည်။

မြန်မာအစိုးရက ဒဏ်ရိုက်ခြင်းကို ပြန်လည်ရုပ်သိမ်း လိုက်ခြင်းဖြင့် ကိစ္စငြိမ်းသွားရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံ အား အပြီးသိမ်းပိုက်ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်သော. .



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဒဏ်တပ်မှုရပ်သိမ်းကြောင်း အကြောင်းပြန်ကြားချက်ကို ဂရုမပြုတော့ပဲ အင်္ဂလိပ်မြန်မာတတိယစစ်ကို စတင်ဖန်တီးကြပေတော့သည်။

သို့ကြောင့် မြန်မာနိုင်ငံ သစ်တောကြီးများအတွင်းသို့ အင်္ဂလိပ်တို့ဝင်ရောက်ပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်မှာ (၁၉၃၅)ခုနှစ်မတိုင်ခင် နှစ်ပေါင်း(၅၀)ကျော် အချိန်ကာလလောက်ကတည်းက ဖြစ်ကြလေသည်။

ရွှေလီနှင့် မဲဇာမြစ်ဝှမ်းတစ်လျှောက်တွင် (၁၉၃၅)ခုနှစ် နောက်ပိုင်း ပေါ်ပေါက်လာသော သစ်ထုတ်လုပ်ရေးစခန်းများမှာ အစိုးရသစ်ထုတ်လုပ်ရေးစခန်းများပါသလို ပုဂ္ဂလိက သစ်ထုတ်လုပ်သော ကုန်သည်များမှ ဗြိတိသျှအစိုးရထံတွင် သစ်ထုတ်လုပ်ခွင့် လိုင်စင်ရအောင်ဆောင်ရွက်ပြီး လာရောက်ဖွင့်လှစ်လုပ်ကိုင်ကြသော သစ်ထုတ်လုပ်ရေး စခန်းများပင်ဖြစ်ကြလေသည်။

ယခင်က လူနေမများလှသော သစ်တောများနှင့် မြစ်ဝှမ်းတစ်လျှောက်တွင် သစ်ထုတ်လုပ်ရေးစခန်းများ ပေါ်ပေါက်လာသောအခါ ထိုနေရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင်လည်း ရွာငယ်ကလေးများ ပေါ်ပေါက်လာလေ၏။

ပထမတော့ သစ်တောအလုပ်သမားများ စုဝေးနေထိုင်သော ရွာကလေးဖြစ်ပြီး နောက်ပိုင်း မုဆိုးများ၊ သစ်တောထွက်ပစ္စည်းများ ရှာဖွေစုဆောင်းသူတို့ပါ လာရောက်ပူးပေါင်းနေကြသဖြင့် တဖြည်းဖြည်းနှင့် အိမ်ခြေတိုးပွားလာပြီး ရွာငယ်





တလေးများမှ ရွာကြီးများအဖြစ်သို့ ရောက်ခဲ့ကြပေသည်။

ထိုရွာများထဲတွင် မဲဇာမြစ်ကမ်းနှင့် မနီးမဝေး၌ ရှိသော 'မောရမြိုင်ရွာ'လည်း တစ်ရွာအပါအဝင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃ )

## သွေးစုပ်ဖြီးဘွားနှင့် ထူးဆန်းသောလူသတ်မှု

(၁၉၃၅)ခုနှစ်နောက်ပိုင်း ပေါ်ပေါက်ခဲ့သောရွာများထဲတွင် မောရမြိုင်ရွာသည် ရွာကြီးတစ်ရွာဟုဆိုရပေသည်။ အချို့နေရာများရှိကြသောရွာများမှာ သစ်တောအုပ်သမားများ စုဝေးနေကြသည့် အိမ်ခြေ(၁၀)လုံးခန့်သာရှိသော ရွာငယ်ကလေးများဖြစ်ကြသည်။

မောရမြိုင်ရွာကတော့ အိမ်ခြေ(၅၀)ကျော်ခန့်ရှိပြီး ရွာ



www.burmeseclassic.com

www.burmeseclassic.com


လူကြီးအုပ်ချုပ်သော ရွာကြီးတစ်ရွာဖြစ်သည်။

ထိုရွာကိုအုပ်ချုပ်နေသည့် ရွာလူကြီးမှာ ဦးထန်ဖုန်းမှ ဖြစ်ပေသည်။

အသက်(၆၀)အရွယ်ခန့်ရှိပြီး တိုင်းရင်းသားတစ်ဦးဖြစ် သည်။ မောရမြိုင်ရွာနှင့် မနီးမဝေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦး လာရောက်ဖွင့်လှစ်ထားသော သစ်ထုတ်လုပ်ရေး စခန်း တစ်ခုရှိသည်။ မဲဇာစပ်ရေးစခန်းဟုပင် အမည်ပေးပြီး ဆိုင်းဘုတ် တင်ထားသည်။

မဲဇာမြစ်ရိုးတစ်လျှောက်မှာ အစိုးရသစ်ထုတ်လုပ်ရေး စခန်းများရော ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးစခန်းအချို့ကလည် ရှိနေကြသေးသည်။

မြစ်ရိုးဝှမ်းသစ်တောကြီးများက တဆက်တစပ်တည်းရှိ နေကြသော်လည်း လုပ်ပိုင်ခွင့်ရသော သစ်ကွက်နယ်နိမိတ်များ ကိုတော့ ပိုင်းခြားထားကြပေ၏။

နီမောင်တို့မိသားစုက မောရမြိုင်ရွာ၌နေကြလေသည်။

အမိအဘများဖြစ်ကြသည့် ဦးဘရှိန်နှင့် ဒေါ်ကျင်မေ တို့အပြင် နီမောင်တို့မှာ မောင်နှမနှစ်ယောက်ရှိသည်။

အစ်ကိုဖြစ်သူ နီမောင်က (၂၅)နှစ်အရွယ်ရောက်နေပြီး ညီမဖြစ်သူ နှင်းမေက အသက်(၂၀)ဝန်းကျင်သာရှိပေသေး သည်။

မောင်နှမနှစ်ယောက်စလုံး အိမ်ထောင်ရက်သား မကျ ကြသေးပဲ မိဘနှင့်အတူ လုပ်ကိုင်စားသောက်နေကြလေသည်။



နီမောင်က သစ်ထုတ်လုပ်ရေးစခန်းမှာ ဝင်ရောက်လုပ်ကိုင်နေ ပြီး နှင်းမေကတော့ အိမ်မှုကိစ္စများလုပ်ကိုင်ရင်းနှင့် အိမ်မှာပင် နေလေသည်။

သူတို့မိသားစုများမှာ နီမောင်တစ်ယောက်တည်း လုပ် စာနှင့်တော့ မလောက်ငပေ။

သို့ကြောင့် နီမောင်က . . တစ်ခါတစ်ရံ မိတ်ဆွေနှစ် ယောက်နှင့်အတူ အမဲပစ်ထွက်သည်။

ရလာသော သားကောင်များမှာ သူတို့မိသားစုအတွက် ဟင်းကြွေးဟင်ရံ ရသလို ပိုလျှံသောအသားများကို တောရွာ မှာ၌သော်လည်းကောင်း၊ သစ်တောစခန်းများသို့ သွားရောက် ရောင်းချသောအခါ အပိုဝင်ငွေများရသည်။

ထိုဝင်ငွေမျိုးဖြင့် ၎င်းတို့မိသားစုမှာ မပူမပင် မကြောင့် ကျနေကြရခြင်းဖြစ်ပေသည်။

ထို့ပြင် နှင်းမေကည်း မိန်းကလေးအဖော်များ စုမိလျှင် တောထဲဝင်ပြီး မှိုရှာခြင်း၊ မျှစ်ချိုးခြင်းများ ပြုလုပ်လေသည်။

မောရမြိုင်ရွာတွင် နီမောင်နှင့်အတူ အလုပ်လုပ်သော လူရွယ်နှစ်ယောက်ရှိကြပေ၏။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင်ဖြစ်ကြသည်။

နီမောင်နှင့် သက်တူရွယ်တူများဖြစ်ကြပြီး သစ်လုပ်ငန်း များလုပ်သောအခါ၌သော်လည်းကောင်း၊ အမဲလိုက်ခြင်းစသော အခြားသောအလုပ်များ လုပ်ကြသည့်အခါများ၌သော်လည်း ကောင်း သုံးယောက်အတူတူပင် လုပ်ကိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရရှိသောငွေများကိုလည်း အညီအမျှပင် ခွဲဝေယူ[illegible] လေသည်။

သည်နေရာတွင် နီမောင်၏ ညီမဖြစ်သူ နှင်းမေ[illegible] ကြောင်းကိုလည်း ရေးရပေဦးမည်။

နှင်းမေက အသက်(၂၀)ဝန်းကျင် အရွယ်ရောက်နေ[illegible] ဖြစ်သောကြောင့် ရုပ်ရည်က ချောမောလှပသည်။

အနေစုတ်သော်လည်း ရွှေထုတ်သည့် မြပုဝါဆိုသ[illegible] သို့ အနေဆင်းရဲသော်လည်း အလှပန်းပွင့်သူဖြစ်သောကြော[illegible] မောရမြိုင်မှာရှိသော ရွာခံကာလသားများသာမကဘဲ အနီးပ[illegible] ဝန်းကျင်မှာရှိကြသော ရွာများမှ လူပျိုကာလသားများကပင် လာ[illegible] ရောက်ပိုးပန်းကြလေသည်။

နီမောင်က ရုပ်ရည်ချောမောလှပသော ညီမအတွ[illegible] ဂုဏ်ယူစရာ ဖြစ်သော်လည်း . . တစ်ဘက်မှလည်း စိတ်မအေ[illegible] စရာအဖြစ်မျိုးနှင့် ကြုံတွေ့နေရပေသည်။

သို့သော်လည်း အရွယ်ငယ်သူတစ်ယောက် မဟုတ်သည်[illegible] အပြင် လိမ္မာရေးခြားရှိသူတစ်ယောက် ဖြစ်ခြင်းကြောင့်တော့ စိတ်သက်သာရရစေသည်။

နှင်းမေကို လာရောက်ပိုးပန်းနေသူများထဲတွင် သာမန် လက်လုပ်လက်စားရွာသားများ ပါဝင်သလို သစ်တောဝန်ထမ်း အရာရှိအရာခံများလည်း ပါဝင်ကြသည်။

သစ်တောစခန်းများ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ အား ကြီးကြပ်ရန်အတွက် . . အင်္ဂလိပ်အစိုးရမှ သစ်တောဝန်





[illegible]ထောက်ရုံးများ လာရောက်ဖွင့်လှစ်ထားသည်။

သစ်တောဝန်ထောက်ရုံးဟု အမည်တပ်ထားပြီး ဗိုလ်တဲ [illegible]ဆောက်ထားသော်လည်း မှုက်နှာဖြူအရာရှိ သစ်တောဝန် [illegible]ထောက်မင်းကတော့ တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်သာ [illegible]ရောက်ပြီး ကြည့်ရှုစစ်ဆေးတတ်ပေသည်။

ကျန်အချိန်များမှာ ဒေသခံတောအုပ်ခေါင်းများကသာ [illegible]ဝန်ယူပြီး ကြည့်ရှုစစ်ဆေးကြရလေသည်။

ငှင်းတို့တာဝန်ကတော့ လိုင်စင်မရှိဘဲ သစ်ခိုးထုတ်ခြင်း [illegible] ပေမမီတန်မမီသော သစ်များထုတ်ယူခြင်းနှင့် နယ်ကျော် [illegible] လာရောက်သစ်ခိုးသူများကို ဖမ်းဆီးတားဆီးရန်အတွက်ဖြစ် [illegible]သည်။ သစ်တောစခန်းများတွင် လူအင်အားပြည့်စုံစွာ ပေးထား [illegible]သည့်အပြင် သေနတ်လက်နက်များလည်း ပေးထားသည်။

မြစ်တွင်းမှသွားသော သစ်ဖောင်များကို လိုက်လံ [illegible]ဆေးရန်အတွက် ယူဘီသင်္ဘောငယ်တစ်စင်းပါ ပေးထားလေ [illegible]သည်။

နှင်းမေကို နှစ်သက်သဘောကျနေသူများထဲတွင် ရွာ [illegible]ကြီးဦးထန်ဖုန်းရှိန်၏သား စံနက်ကျော်နှင့် မဲဇာမြိုင်သစ်တော [illegible]ခန်းမှ တောခေါင်းသောင်းရွှေတို့မှာ ရှေ့ဆုံးမှပါဝင်ကြလေ [illegible]သည်။

အလုပ်အားသည်နှင့် နှင်းမေရှိနေရာသို့ လာရောက် [illegible]သည်ပတ်ကြရာ နှင်းမေတို့အိမ်တွင် မကြာခဏလူချင်းဆုံမိကြ [illegible]လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့နှစ်ယောက်မှာ သက်တူရွယ်တူချင်းလည်းဖြ
အကြံတူချင်းလည်းဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကြည့်
ပေ. . . ။

အကယ်၍ တောခေါင်းသောင်းရွှေက ရောက်လာ
အနှောက်အယှက်ကင်းစွာဖြင့် စကားပြောဆိုခွင့်ရသောအ
သူပြောလိုသော စကားများကို ဤသို့ပြောဆိုသည်။

"လူဆိုတာ ဆင်းရဲတာချမ်းသာတာနဲ့ မဆိုင်ဘူး၊ တ
လမ်းရှိတဲ့ နေရာမှာနေမှ တက်လမ်းရှိတယ်၊ တောမှာနေတေ
လည်း တောသူပေါ့၊ မြို့ရောက်သွားတော့လည်း မြို့သူဘ
ရောက်တာပေါ့. . ၊ နှင် မြို့မှာမနေချင်ဘူးလား"

"ကျွန်မက မိဘတွေနဲ့ နေရတာကိုပဲ ပျော်တယ်၊ မိ
တွေနဲ့ အခုလိုနေရရင် မြို့မှာပဲနေနေ၊ ရွာမှာပဲနေနေ ပျော်တ
ပါပဲ"

သောင်းရွှေမျှော်လင့်ထားသည်က ထိုအဖြေမျိုးတေ
မဟုတ်ပေ. . ။

"နေချင်တာပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် မြို့ကြီးပြကြ
မှာနေဖို့ဆိုတာ ကျွန်မတို့လိုဘဝမျိုးတွေနဲ့ ဘယ်လိုဖြစ်နိုင်ပါ့မယ်

ထိုကဲ့သို့ ပြန်ပြောတော့မှသာ သူပြောချင်သောစကာ
များကို ဆက်ပြီးပြောခွင့်ရပေမည်။ ယခုတော့. . .

သောင်းရွှေမှာ စကားဆက်ရမှာ ခက်သွားသောကြော
ရေနွေးပူပူကို ပန်းကန်ထဲထည့်ပြီး အေးအောင်မမှုတ်ပဲ ဒီအ
တိုင်း မော့သောက်မိရာ အပူလောင်သွားသဖြင့် ထွေးရအခ





ရအခက် ဖြစ်သွားလေသည်။

နောက်မှ ရေနွေးပန်းကန်ကို အရှက်ပြေ ပြန်ချထား
လိုက်ပြီး စကားကိုဆက်ပြောလေသည်။

"ဒီလိုလည်းမဟုတ်သေးဘူးလေ၊ လူဆိုတာ ပျော်ရာမှာ
နေ တော်ရာမှနေရမယ်ဆိုတဲ့ စကားပုံရှိတယ်မဟုတ်လား"

"အသွားမတော်တစ်လှမ်း အစားမတော်ရင်တစ်လုပ်
ဆိုတဲ့ စကားပုံလည်း ရှိသေးတယ်လေ. . ."

"မဟုတ်သေးဘူး နှင်းမေ၊ တစ်ရွာမပြောင်း သူကောင်း
မဖြစ်ဆိုတဲ့ စကားအတိုင်း. . ."

"ဒါပေမယ့် တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုပေမယ့်
သချင်တဲ့ကျားတောပြောင်း ဆိုတဲ့ စကားကလည်း ရှိနေပြန်
တော့ ကျွန်မကတော့ ကိုယ့်အရပ်ကိုယ့်ဒေသနဲ့ ကိုယ့်မိဘအရိပ်
အောက်မှာပဲ နေချင်ပါတယ်၊ တခြားအလှမ်းဝေးထဲ့နေရာတွေ
ဆိုရင် ဘယ်တော့မှ စိတ်ကူးထဲမှာ မထည့်ဝံ့ပါဘူး"

တောခေါင်းသောင်းရွှေက မြို့သားတစ်ယောက်ဖြစ်သ
ဖြင့် နှင်းမေအပေါ်မှာ အတော်ကလေး လျှော့တွက်ထားခဲ့လေ
သည်။ တောထဲမှာ နေသူတစ်ယောက်ဖြစ်သောကြောင့် သူပြော
သမျှ မျက်လုံးအဝိုင်းသားဖြင့် နားထောင်ကာ ယုံကြည်လက်ခံ
လိမ့်မည်ဟု စိတ်ထဲမှ ထင်ထားခဲ့သည်။

သို့သော် လက်တွေ့မှာတော့ တခြားစီဖြစ်နေခဲ့လေ
သည်။ နှင်းမေမှာ လူသူမနီးသော တောထဲမှာနေသူဖြစ်သော်
လည်း အသိဉာဏ်အတွေးအခေါ် နည်းပါးသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်းတော့ စိတ်ထဲမှ လက်ခံထားခဲ့ပေသည်။

နှင်းမေကို စိတ်ဝင်စားနေကြသူများတွင် စံနက်ကျော် လည်းပါဝင်ပေရာ သူကတော့ တောမှာမွေးတောမှာကြီးသူ သဖြင့် စကားပြောရာမှာ သွယ်သွယ်ဝိုက်ဝိုက် မရှိလှပေ. .

"နှင်းမေ ငါကတော့နှင့်ကို သဘောကျနေတယ်၊ ဒါ နှင်လည်းသိပါတယ်"

"အို. . ဘယ်လိုသိမှာလဲ၊ ကျွန်မက ဒီအကြောင်းတွေ စိတ်မဝင်စားတာ. . ."

"နှင် စိတ်မဝင်စားပေမယ့် ငါကတော့ နှင့်ကိုစိတ်ဝင် စားနေတာကြာပြီ၊ နှင်ကသာ ငါမေတ္တာကို လက်ခံပေးမယ်ဆို ရင် ငါ့မိဘတွေကိုပြောပြီး လူကြီးစုံရာနဲ့ တောင်းရမ်းပြီး ယူ မယ်"

ထိုသို့ပြောသော်လည်း နှင်းမေကတော့ တည်တည်ငြိမ် ငြိမ်ဖြင့်သာ ပြန်လည်ပြောလေသည်။

"ကိုစံနက်ကျော်က တောင်းရမ်းလက်ထပ်ဖို့အထိ စဉ်း စားထားတယ်လား၊ ကျွန်မအထင်တော့ အိမ်ထောင်ပြုကြတာ အဲဒီလောက်တော့ လွယ်လှမယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

စံနက်ကျော်က မျက်လုံးအပြူးသားဖြင့် ပြန်မေးသည်။

"ရှင်နဲ့ကျွန်မနဲ့ တစ်ရွာတည်း နေကြတယ်ဆိုပေမယ့် တစ်ယောက်အကြောင်းတစ်ယောက် ဘာမှသိကြတာလည်း မဟုတ်ဘူး၊ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးမှ အိမ်





ထောင်ပြုကြတာတောင် နည်းနည်းအချိန်ကြာလာတာနဲ့ အများ အယွင်းဖြစ်ကြသေးတာပဲ၊ ကျွန်မလည်း လောလောဆယ်တော့ ဒီအကြောင်းတွေကို မစဉ်းစားချင်သေးပါဘူး"

"နှင်ကလည်း ကြီးကြီးကျယ်ကျယ်စကားတွေ အတော် ပြောတတ်တယ်၊ ငါတို့က တောသားတွေဆိုတော့ မြို့သားတွေ လိုလည်း ပရိယာယ်မကြွယ်ဘူး၊ ချစ်ရင်ချစ်တယ်၊ မချစ်ရင်မချစ် ဘူး၊ ဒါပဲပြောတတ်တယ်"

စံနက်ကျော်က ထိုသို့ပြောသော်လည်း နှင်းမေကတော့ ကြွေရုပ်မျက်နှာပင် နားထောင်နေလေသည်။

"နှင့်ကို မေးပါရစေဦး၊ ဟို တောခေါင်းကလည်း နှင့်ဆီ လာပြီး ချဉ်းကပ်နေတာမဟုတ်လား"

နှင်းမေက ဘာမှပြန်မပြောပေ။

"ဘာပဲဖြစ်ဖြစ်၊ ငါကတော့ နှင့်ကို ဘယ်သူနဲ့မှ အဆင် ပြေသွားတာကို လက်ခံမှာမဟုတ်ဘူး"

ဟုပြောဆိုကာ ပြန်သွားလေသည်။

နောက်ပိုင်းမှာလည်း တောခေါင်းသောင်းရွှေနှင့် စံနက် ကျော်တို့ နှစ်ယောက်မှာ နှင်းမေထံလာရောက်လည်ပတ်ရင်းနှင့် ဆုံမိတတ်ကြလေသည်။

ထိုအခါ တစ်ယောက်မှအလျှော့မပေးဘဲ လူမိုက်တစ် ပိုင်းဖြစ်နေသော စံနက်ကျော်က ခါးကြားထဲမှာ ထိုးလာသော ဓားမြှောင်ကို တပြပြလုပ်နေတတ်သလို. . တောခေါင်းသောင်း ရွှေကလည်း ဘောင်းဘီခါးပတ်တွင် ချိတ်ထားသော ခြောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုနေသေနတ်ကိုမချဘဲ ရှိလေသည်။

ထိုနှစ်ယောက်၏ တင်းမာနေသော အခြေအနေကို မြင်သောအခါ နှင်းမေ၏ မိဘများကပင် စိတ်ပူကြသဖြင့် တိုးတိုးတိတ်တိတ်သတိပေးကြရလေသည်။

နီမောင်ကတော့ သူ့အလုပ်နှင့်သူ ရှုတ်နေသောကြောင့် ညီမဖြစ်သူကိစ္စများကို မသိသေးသော်လည်း စောထီးနှင့် ငမဲအောင်တို့ကပြောထားသောကြောင့် သိတန်သလောက် သိထားပြီးဖြစ်သည်။

သို့သော် ညီမဖြစ်သူနှင်းမေမှာလည်း အရွယ်ရောက်နေပြီဖြစ်သောကြောင့် သူ့ဘဝအိမ်ထောင်ရေး ကိစ္စကို သူမဖာသာ ရွေးချယ်ဆုံးဖြတ်မည်ဟု သဘောထားကာ မသိဟန်ပင် ဆောင်နေလေသည်။

ဤသို့ဖြင့် လအတန်ကြာသောအခါ မဲဇာသစ်တောဝန်ထောက်ရုံးတွင် ပြဿနာတစ်ခုပေါ်ပေါက်လာလေတော့သည်။

အခြားတော့မဟုတ်ပေ။

သစ်တောရုံးမှ တောခေါင်းသောင်းရွှေတစ်ယောက် သစ်ကွက်အတွင်း လှည့်လည်စစ်ဆေးရင်းမှ ပျောက်နေသော သတင်းပင်ဖြစ်သည်။

သစ်တောရုံးမှ အလုပ်သမားများ၊ သစ်တောဝန်ထမ်းများက လက်နက်များကိုင်ဆောင်ကာ လိုက်လံရှာဖွေကြသော်လည်း မတွေ့ရဘဲရှိကြလေသည်။

နှစ်ရက်ခန့်ကြာတော့မှ တောတွင်းတစ်နေရာတွင် သေဆုံးနေပြီဖြစ်သော တောခေါင်းသောင်းရွှေအလောင်းကို တောလိုက်မုဆိုးများက တွေ့ခဲ့သဖြင့် . . သစ်တောရုံးသို့လာရောက်သတင်းပို့ကြလေသည်။





သို့ကြောင့် တောအုပ်၊ တောခေါင်းနှင့် အခြားသစ်တောဝန်ထမ်းများက အလောင်းတွေ့ခဲ့သောနေရာသို့ လိုက်သွားကြကာ ကြည့်ရှုစစ်ဆေးကြလေသည်။

မြင်ကွင်းကတော့ သိပ်မကောင်းလှပေ. . . ။

သောင်းရွှေအလောင်းက သစ်ပင်ကြီးတစ်ပင်ခြေရင်းတွင် ဦးခေါင်းစိုက်ပြီး သေဆုံးနေခြင်းဖြစ်သည်။ သူကိုင်နေကျခြောက်လုံးပြူးသေနတ်ကလည်း မနီးမဝေးမှာ ကျနေလေသည်။

မှောက်လျက်အနေအထားဖြစ်ပြီး သွေးကွက်ကြီးများကတော့ ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ နီရဲနေသည်။

အချို့ခြောက်နေပြီဖြစ်သော်လည်း အချို့မှာတော့ ရေအိုင်ကဲ့သို့ဖြစ်ကာ မခြောက်သေးပေ။

ယင်ကောင်ကြီးများနှင့် အခြားပိုးကောင်များက ဝိုင်းအုံနေကြသည်။ လူများအနားရောက်တော့မှ တဝေါဝေါဖြင့် ထပျံကြလေသည်။

အလောင်းကို ပက်လက်လှန်ကြည့်တော့မှ ကြောက်စရာကောင်းသော မြင်ကွင်းကို ထပ်မံတွေ့ကြရလေသည်။

သောင်းရွှေရင်ဘတ်တစ်ခုလုံး ဟောင်းလောင်းဖောက်ထားသောကြောင့် အူများက အပြင်သို့ထွက်ကျနေလေသည်။

ထို့ပြင် အနားမှာရှိသော ကျောက်နံရံပေါ်မှာ သွေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မညီမညာရေးသားသော စာလုံးအချို့ကိုတွေ့ကြရပြန်သည်။

ရေးထားသောစာလုံးများမှာ . . .

" အနီးသွေးလိုမှ မရသေးရင်

သွေးအနီလိုပဲယူမယ်..

သွေးစုပ်ပြိတ္တာ "

ဟူသောစာများပင်ဖြစ်သည်။

"ဒီစာတွေက ဘယ်သူရေးထားတာလဲ"

တောအုပ်ကြီးကမေးလိုက်သည်။

"မ. . မသိပါဘူး၊ တောအုပ်ကြီး"

"စာတွေရဲ့အဓိပ္ပာယ်ကရော ဘာလဲ"

"အဲဒါလည်း. . . မသိပါဘူး"

တောအုပ်ကြီးမျက်နှာပေါ်မှာ ဒေါသကြောင့် တဖြည်းဖြည်းနီရဲတက်လာလေသည်။

"မင်းတို့သိတာ ဘာရှိသလဲ၊ အရက်သောက်ဖို့နဲ့ အားရင် ဖဲချဖို့လောက်ပဲ သိကြတာမဟုတ်လား"

"ကို. . ကိုသောင်းရွှေကို. . တစ်ယောက်ယောက်က သတ်သွားတာကိုတော့. . သိ. . . သိပါတယ်"

"ဟေ. . ရင်ဘတ်ကိုဓားနဲ့ထိုးလို့ အူတွေတောင်ထွက်နေပြီ၊ ဒါကိုမြင်တာတောင် လူသတ်တာမဟုတ်ဘူးလို့ ပြောချင်သေးလို့လား"

တောအုပ်ကြီးက ဒေါသတကြီး အော်ဟစ်ပြောဆိုနေသောကြောင့် တောအုပ်ခေါင်းနှင့် အလုပ်သမားများမှာ ဘာမှ





ပြန်မပြောဝံ့ပဲ ငြိမ်နေကြရလေသည်။

"မင်းတို့ ဒီလိုသာ ပေါ့ပေါ့လျော့လျော့လုပ်နေကြရင် တစ်နေ့ကျရင် လူသတ်ကောင်က မင်းတို့ကိုပါ လာသတ်သွားလိမ့်မယ်၊ ဒီလိုကြည့်နေလို့ မပြီးသေးဘူး၊ ဒီကိစ္စက လူသတ်မှုဆိုတော့ အရေးကြီးတယ်၊ အင်းတော်ဂါတ်တဲက ပုလိပ်တွေကို ချက်ခြင်းအကြောင်းကြားရမယ်"

"ဒီအလောင်းကဘယ်လိုလုပ်မလဲ ဆရာကြီး"

"ပုလိပ်တွေစစ်ဆေးပြီးမှ သင်္ဂြိုလ်လို့ရမှာပေါ့၊ ဒီအတိုင်းထားရမှာပဲ"

"တောထဲမှာ ဒီအတိုင်းထားရင် ကျားဆွဲသွားလိမ့်မယ် ဆရာကြီး"


"ကျားမဆွဲအောင် မုဆိုးတွေခေါ်ပြီး အစောင့်ထားလိုက်ရင်ရတာပဲ"

ထိုကဲ့သို့သော တောနက်ထဲတွင် သေပြီးသား အလောင်းနှင့် အတူနေရမည့် ကိစ္စမျိုးတော့ မည်သည့်မုဆိုးကမှ လုပ်ချင်ကြမည်မဟုတ်ပေ. . .။

ထို့နောက်မှာတော့ တောခေါင်းသောင်းရွှေအလောင်းကို သစ်ကိုင်းသစ်ခက်များဖြင့် လုံခြုံအောင်ဖုံးထားခဲ့ကြပြီး ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း ( ၄ )

# ကွယ်ရာမဲ့နေသော ဝိညာဉ်ဘဝများ

တောခေါင်းသောင်းရွှေတစ်ယောက် သေဆုံးသွားသောသတင်းက မောရမြိုင်တစ်ရွာလုံး ပြန့်နှံ့သွားလေတော့သည်။ နွေရာသီ ဝါးတောမီးလောင်သကဲ့သို့ သတင်းစကားက တစ်နေရာပြီးတစ်နေရာ လျှင်မြန်စွာ ကူးစက်ပြန့်နှံ့သွားခြင်းဖြစ်သည်။

"မင်းတို့ သတင်းကြားပြီးကြပြီ မဟုတ်လား၊ တောထဲမှာ တောခေါင်းသောင်းရွှေတစ်ယောက် ဗိုက်ကိုဓားနဲ့ခွဲပြီး အသတ်



www.burmeseclassic.com

www.burmeseclassic.com



ခံရလို့တဲ့"

"သတ်တာတောင် ရိုးရိုးမသတ်ပဲ ဗိုက်ကိုဓားနဲ့ခွဲပြီး သတ်တာဆိုတော့ ရန်ငြိုးရန်စ အတော်ကြီးလို့ဖြစ်မှာပေါ့"

"တောခေါင်းသောင်းရွှေက အလုပ်မှာတော့ လူမုန်း သိပ်မရှိပါဘူး၊ ရွာထဲမှာတော့ သူနဲ့ ကမ္ဘာရန်ဖြစ်နေတာ တစ်ယောက်တော့ရှိတယ်"

"စံနက်ကျော်ကိုပြောတာမဟုတ်လား. .၊ သူတို့နှစ်ယောက်က နှင်းမေကို အပြိုင်ပိုးနေကြတာဆိုတော့ မလုပ်ဖူးလို့တော့ အတပ်မပြောနိုင်ဘူး"

"ဒါပေမယ့် စံနက်ကျော်က သူ့အဖေအရှိန်အဝါကြောင့်သာ မောက်မာနေပေမယ့် သွေးမကောင်းလှပါဘူး"

"သွေးမကောင်းပေမယ့်လည်း အရေးအကြောင်းနဲ့ကြုံတွေ့လာတော့လည်း လုပ်ချင်လည်းလုပ်မှာပေါ့"

"ဒါကအရေးမကြီးဘူး၊ တောအုပ်ကြီးက ရွာလူကြီးကို တောထဲမှာ အလောင်းစောင့်ပေးဖို့ လူနှစ်ယောက်သုံးယောက်လောက်လွှတ်ပေးဖို့ မှာထားတယ်လို့ သတင်းကြားမိတယ် ဘယ်သူတွေမဲကျဦးမယ်တော့ မသိဘူး"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

နေ့လယ်ဘက်အချိန်ရောက်သောအခါ ရွာလူကြီး ဦးထန်ဖုန်းရှိန်က ရွာထဲမှာနေထိုင်ကြသူများ တစ်အိမ်တစ်ယောက်ကျလာရောက်ကြရမည်ဟု ဆင့်ခေါ်သဖြင့် သွားကြရလေသည်။

လူစုံတော့ ရွာလူကြီးက ပြောသည်။





"တောထဲမှာ တောခေါင်းတစ်ယောက် အသတ်ခံရတယ်၊ အဲဒါ . . အင်းတော်ဂါတ်တဲက ပုလိပ်တွေ မလာခင် အလောင်းပျောက်မသွားဖို့အတွက် အလောင်းစောင့်ပေးကြရမယ်၊ အဲဒါ ဘယ်သူတွေ စောင့်ပေးနိုင်မလဲ"

ဦးထန်ဖုန်းရှိန် စကားဆုံးသောအခါမှာတော့ စောစောက ဆူဆူညံညံပေါ်ထွက်နေကြသော စကားပြောသံတို့မှာ အော်နေသောဘဲအုပ်အတွင်းသို့ ပြာဖြင့်ပက်ချလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ဦးထန်ဖုန်းရှိန်က ဆက်ပြောပြန်သည်။

"ဒါက အစိုးရနဲ့သက်ဆိုင်တဲ့ကိစ္စဆိုတော့ အုပ်ချုပ်တဲ့လူကြီးတွေက အာဏာနဲ့ခိုင်းရင် မဖြစ်မနေ လုပ်ပေးကြရမှာ၊ ကိုယ့်သဘောနဲ့ကိုယ် မလုပ်ချင်ဘူးဆိုရင် မဲနှိုက်ကြပြီး ပေါက်တဲ့သူသွားစောင့်ကြရမှာပဲ"

ထိုသို့ပြောသောအခါမှာတော့ စကားသံများ ဆူဆူညံညံ ပြန်ပေါ်လာပြန်လေသည်။

"ဒီလိုတော့ မဖြစ်ဘူးထင်တယ်၊ ကျွန်မတို့အိမ်မှာ ယောက်ျားတွေ တစ်ယောက်မှမရှိကြဘူး၊ တောတက်နေတာ ပြန်မရောက်ကြသေးဘူး၊ အခုလို မိန်းမတွေချည်းရှိတဲ့ ကျွန်မတို့အိမ်မဲကျတော့ ဘယ်နှယ်လုပ်ရပါ့မလဲ"

ဟု မိန်းမတစ်ယောက်က ထပြောလေသည်။

ထိုအခါ အခြားမိန်းမများကလည်း တစ်ယောက်တစ်ပေါက်ဖြင့် ထပြောကြရာ ဆူညံသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ပိုင်းအချိန်ဖြစ်သောကြောင့် ရွာထဲမှယောကျ်ား အတော်များများ မရှိကြပေ။

တောတွင်းသို့ အလုပ်သွားနေကြရာ ပြန်မရောက်ကြ သေးပေ။ ရွာလူကြီးဆင့်ခေါ်သဖြင့် ရောက်လာကြသူများမှာ သက်ကြီးရွယ်အိုများနှင့် မိန်းမများသာဖြစ်ကြလေသည်။

"အေး. . နင်တို့အိမ် မဲကျတော့လည်း နင်တို့မလုပ်ချင် ရင်လည်း နင်တို့ယောကျ်ားတွေ တောထဲက ပြန်ရောက်လာ တော့ ပြောပြပေါ့၊ တောအုပ်ကြီးခိုင်းတာတော့ ငြင်းပယ်လို့ရတာ မဟုတ်ဘူး"

"တောအုပ်ကြီးခိုင်းတာလည်း ခိုင်းတာပေါ့ဗျာ၊ အ လောင်းက ရွာထဲမှာရှိနေတယ်ဆိုရင်လည်း တော်သေးရဲ့၊ ရွာ မှာဆိုရင်တော့ ဖဲဝိုင်းလုပ်ပြီး မသာစောင့်ပေးရရဲ့. . အခုတော့

ဟု လူတစ်ယောက်ကထပြောပြန်သည်။

"ဟုတ်တယ်. . တောထဲမှာတော့ ပိုကာဆွဲလို့ရမှာ ဟုတ်ဘူး၊ ကျားဆွဲရင်ဆွဲ မဟုတ်ရင်တော့ သရဲဆွဲတာခံရဖို့ ခြာသလောက်ပဲ၊ ထိပ်တုံးခတ်တာပဲ ခံတော့မယ်၊ တောထဲ မသွားဘူးဗျာ. . . "

ထိုသို့ပြောကြသဖြင့်. . တောထဲမှအလောင်းကို သွား ရောက်စောင့်ပေးမည့်သူမရဘဲ ရှိနေလေသည်။

ထိုသို့အခက်တွေ့နေစဉ် နီမောင့်ဖခင် ဦးဘရှိန်က ပြောလေသည်။

"ဒါက ရပ်ရွာနဲ့သက်ဆိုင်တဲ့ ကိစ္စလည်းဖြစ်နေတာ





ငြင်းပယ်လို့လည်း ကောင်းမယ်မထင်ဘူး၊ နီမောင်တို့သုံးယောက် တောထဲက ပြန်လာရင် အကျိုးအကြောင်းပြောပြီး. . ကျွန်တော် စောင့်ခိုင်းပေးပါ့မယ်"

ထိုစကားကြားတော့မှပင် ရွာလူကြီးလည်း အတော်ပင် အသက်ရှူချောင်သွားဟန်ရှိပေတော့သည်။

"ကျေးဇူးတင်လိုက်တာ ကိုဘရှိန်ရာ၊ ကျုပ်လည်း ဝတ္တ ရားရှိလို့သာ ခေါ်ပြောနေရတာပါ၊ ဘယ်သူမှ မလုပ်ချင်ကြမှန်း လည်း သိပါတယ်၊ နီမောင်တို့ပြန်ရောက်လာရင်သာ တစ်ဆိတ် လောက်. . . "

"စိတ်ချပါ ကျွန်တော်လွှတ်ပေးလိုက်ပါ့မယ်၊ အလောင်း ထားခဲ့နေရာနဲ့ ဟိုနေရာရောက်ရင် ဘယ်လိုလုပ်ကြရမယ်ဆိုတာ ပါ မှာကြားလိုက်ပါ. . . "

ဟုပြောပြီး ပြန်လာခဲ့သေည်။

ထိုသို့အဖြေသိရတော့မှပင် ရွာသူရွာသားများလည်း သီးသီး ထပြန်သွားကြလေတော့သည်။

ညနေပိုင်း နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက် တောတွင်းမှ ပြန်ရောက်လာသောအခါ ဦးဘရှိန်က အကျိုးအ ကြောင်းပြောပြလိုက်လေသည်။

နီမောင်မှာ ဖခင်စကားကို မပယ်ရှားလိုသည်က တစ် ကြောင်း၊ သူကိုယ်တိုင်ကပင် ထိုကဲ့သို့ပြုလုပ်ရသည်ကို စိတ်ဝင် စားသောကြောင့်. . တောထဲသို့သွားရန် သဘောတူလိုက်လေ သည်။ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကတော့ နီမောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ညီအစ်ကိုကဲ့သို့ စိတ်တူသဘောတူ နေကြသူများဖြစ်
သဖြင့် ထွေထွေထူးထူး ဘာမှမပြောကြတော့ပေ. . .။

သို့ကြောင့် ညနေပိုင်းအချိန်ရောက်သောအခါ လို
သော ပစ္စည်းများကိုပါ တစ်ပါတည်းယူဆောင်ပြီးနောက် သ
တောဝန်ထောက်ရုံးသို့သွားကြသည်။

သစ်တောဝန်ထောက်ရုံးရှိသောနေရာမှာ မောရ
ရွာရှိသောနေရာနှင့် မဝေးလှပေ။

ဝန်ထောက်ရုံးသို့ရောက်သောအခါ တောအုပ်ကြီး
လိုအပ်သည်များကို မှာကြားပြီးနောက် တောခေါင်းတစ်ယော
ကိုပါ သေနတ်တစ်လက်နှင့် အတူထည့်ပေးလိုက်သည်။

ထိုတောင်ခေါင်းမှာ အလောင်းရှိသောနေရာသို့ ရော
ခဲ့ဖူးသောသူပင်ဖြစ်၏။ ထိုသူ၏အမည်မှာ တောခေါင်းမော
ဖြစ်သည်။

မောင်ရွှေထံတွင် ရိုင်ဖယ်သေနတ်တစ်လက်နှင့် 
တောင့်ထိုး လက်နှိပ်မီးတစ်လက်ပါ ပါလာသည်။ နီမောင်တို့
သူတို့သုံးယောက်အပြင် တောခေါင်းမောင်ရွှေပါ ပါလာသ
ပိုပြီးအားရှိသွားကြသည်။ ထို့ပြင် ရိုင်ဖယ်သေနတ်ပါ ပါသ
တောကောင်ကြီးများနှင့် တွေ့သောအခါ စိုးရိမ်စရာမရှိ
ပေ။

လေးယောက်သား ယူဆောင်စရာပစ္စည်းများကို 
များဖြင့်ထည့်၍ အသီးသီးလွယ်ကာ တောတွင်းသို့ ဝင်
သည်။ သူတို့ဝင်သောအချိန်မှာ ညနေပိုင်းအချိန်ရောက်





ပြီ။ သို့သော်လည်း ဆောင်းလအခါဖြစ်သဖြင့် နေရောင်ခြည်
အစောပိုင်းကတည်းက ပျောက်ကွယ်သွားခဲ့ပေပြီ. . ။

သစ်တောအတွင်းမှာ သစ်ပင်ရိပ်များက အုပ်မိုးထား
သောကြောင့် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။ နေ့အချိန်
အစာရှာထွက်သော ကျေးငှက်နှင့် တောသတ္တဝါတို့ အိပ်တန်း
ဝင်ချိန်ရောက်သဖြင့် ပြန်လာကြပြီး၊ တစ်နေ့လုံး အိပ်နေပြီး
ညနေအချိန်ရောက်တော့မှ အစာရှာထွက်ရန် ပြင်နေကြသော
တောကောင်ကြီးများနှင့် ညဉ့်တိရစ္ဆာန်တို့၏ အသံမျိုးစုံတို့ကို
ကြားနေကြရပေပြီ. . .။

တောထဲပြန်ဝင်ကာနီးတော့ နီမောင်က ထုံးစံအတိုင်း
တောစပ်၌ရပ်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့်
တောပိုင်တောင်ပိုင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တိုင်တည်ပြီး
ဆုတောင်းမေတ္တာပို့ပေးနေသည်။

မောင်ရွှေက ဘာမှမပြောဘဲ ကြည့်နေပြီး၊ နီမောင်ပြီး
တော့မှပြောသည်။

"ငါက တောနဲ့ပတ်သက်ရင် မင်းတို့လောက်မသိသေး
ဘူး၊ စာနဲ့သင်ခဲ့ရတာတွေပဲရှိတယ်၊ လက်တွေ့အတွေ့အကြုံ
များသေးဘူး၊ ဒီတော့ ငါကမင်းတို့ထက် အသက်လည်းကြီး
ရာထူးလည်းရှိတယ်ဆိုပေမယ့်၊ အခုအချိန်မှာတော့ မင်းတို့ကို
ဆရာတင်ပါတယ်"

ဟု ပွင့်ပွင့်လင်းလင်း ပြောလေသည်။

"ဘာပဲဖြစ်ဖြစ် ဆရာနဲ့ကျွန်တော်တို့သုံးယောက်နဲ့ တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပြီးမှ လုပ်ကြတာပေါ့၊ အလောင်းရှိတဲ့နေရာက အတော်ဝေ
သေးသလား”

နီမောင်က မေးလိုက်သည်။

“မဝေးတော့ဘူး ဟိုအနောက်ဘက်တောအုပ်ထဲမှာပဲ

ဟုပြောကာ တောခေါင်းမောင်ရွှေက သေနတ်ကို အ
ဆင်သင့်ကိုင်ပြီး ရှေ့မှသွားလေသည်။

နီမောင်တို့ သုံးယောက်ကလည်း နောက်မှ သတိကြ
စွာထားကာ လိုက်သွားကြလေသည်။

နေရောင်ခြည်ကလည်းမရှိ ညနေစောင်းအချိန်ရောက်
နေပြီဖြစ်သောကြောင့် တောထဲမှာ မှောင်စပြုနေချေပြီ. .

ထိုအချိန်မျိုးရောက်တော့ တောတိရစ္ဆာန်များကလည်
လူနှင့်တွေ့သော်လည်း သိပ်မကြောက်ကြတော့ပေ။ တော
ကောင်ကြီးများဆိုလျှင် မာန်ဖီလျှက် သစ်တစ်ပင်၊ ဝါးတစ်ရုံကြ
လောက်သာ ရှောင်သွားလေ့ရှိသည်။

“ကျွန်တော်တို့. . မမှောင်ခင် အလောင်းရှိတဲ့နေ
ရောက်ရင်ကောင်းမယ်. . ၊ ဒါမှ ပြင်ဆင်စရာရှိတာ ပြင်လို့
မယ်. .”

“မဝေးတော့ပါဘူး”

ဟုစကားတပြောပြောနှင့် လျှောက်သွားကြရာ နာရီဝ
ခန့်ကြာသောအခါ တောခေါင်းသောင်းရွှေ အလောင်းရှိသေ
နေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ သစ်ကိုင်းသစ်ခက်များဖုံးအု





ားခဲ့သည်မှာ ခြေရာလက်ရာမပျက်သေးကြောင်း တွေ့ရ
သည်။

“အလောင်းက ဒီသစ်ကိုင်းတွေအောက်မှာရှိတယ်. . ၊
ာတစ်ခုလုံး ဓားနဲ့ဖွင့်ထားတာဆိုတော့ မြင်ရက်စရာတောင်
ပါဘူး”

ဟုမောင်ရွှေကပြောသည်။

နီမောင်က ခေါင်းညိတ်ပြပြီး ပတ်ဝန်းကျင်အခြေအနေ
အကဲခတ်ကြည့်သည်။

ထိုနေရာတွင် သစ်ပင်မြင့်ကြီးများရှိသည်။

အတော်အတန်မြင့်သော ကျောက်တုံးကြီးများနှင့်
ာက်နံရံများလည်းရှိသည်။

အနီးပတ်ဝန်းကျင်မှာရှိကြသော သစ်ပင်မြင့်ကြီးများ
တော့ ကျွန်းပင်အပါအဝင် သစ်ပင်မြင့်ကြီးများဖြစ်သော
ကြောင့် လူလေးယောက်တက်နေလောက်အောင် အဆင်မပြေ
ပေ။ အလောင်းရှိသောနေရာနှင့် မနီးမဝေးမှာတော့ အကိုင်း
ခက်များလှသော ညောင်ကျပ်ပင်ကြီးတစ်ပင်ရှိသည်။

ထိုသစ်ပင်ပေါ်မှ ကြည့်လျှင်တော့ အလောင်းရှိသော
ရာကို ကောင်းစွာမြင်နိုင်ပေလိမ့်မည်။

“ကျွန်တော်တို့ ဒီည ဟိုညောင်ကျပ်ပင်ပေါ်မှာ လင့်စင်
ပြီး တက်နေကြမယ်”

“မင်းကောင်းသလိုသာ မြန်မြန်လုပ်ပေတော့၊ ဒါတက်
ဆင်လာရင် အန္တရာယ်ရှိလာနိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ရွှေက သတိပေးသည်။

ထို့နောက် လေးယောက်သား တက်ညီလက်ညီနှင့်
သစ်သားတန်းများ၊ ဝါးလုံးများ ခုတ်ယူကြပြီး ညောင်ကျပ်ပင်
မှာ လူလေးယောက်နေသာလောက်သော လင့်စင်ထိုးကြ
သည်။

ထိုကိစ္စမှာ တောတွင်းမှာမွေး၊ တောတွင်းမှာကြီးခဲ့
သော နီမောင်တို့အတွက် ပြုလုပ်နေကျကိစ္စမျိုးဖြစ်သောကြေ
မခက်ခဲ့ကြဲတော့ပေ. . . ။

ထို့ပြင် ညောင်ကျပ်ပင်ဆိုသည်မှာလည်း သဘာ
တိုင်း အကိုင်းအခက်များသော သစ်ပင်မျိုးဖြစ်သောကြေ
လည်း ခက်ခက်ခဲခဲမရှိလှဘဲ မှောင်စပျိုးသော အချိန်မှာ
လင့်စင်ထိုးသောကိစ္စ ပြီးကြလေသည်။

သစ်ပင်ပေါ်မှာ လင်စင်ထိုးပြီးသောအခါမှာတော့
အောက်မှာပင် အလေးအပေါ့ စွန့်ခြင်းများ ပြီးစီးအောင်ပြု
ပြီးနောက် အပေါ်သို့တက်ကြလေသည်။

ဆောင်းရာသီဖြစ်သဖြင့်. . နေဝင်စောသည်က
ကြောင်း၊ သစ်တောကလည်း ထူထပ်သည်ကတစ်ကြေ
ကြောင့် တောတစ်ခုလုံး အမှောင်ဖုံးနေပေပြီ. . . ။

ညဦးပိုင်းအချိန်ရောက်သောအခါမှာတော့ ညဉ့်အ
ရောက်မှ အစာရှာထွက်လာကြသော ကျားအစရှိသော
ကောင်ကြီးများအသံကို ကြားလာရသည်။

တစ်နေရာမှ ကြားနေရခြင်းမျိုးမဟုတ်ဘဲ နေရာ





မှ ကြားရခြင်းမျိုးဖြစ်သည်။

သို့သော် သူတို့ရောက်နေသော နေရာနှင့်တော့ အ
နည်းငယ်အလှမ်းဝေးသည်။

ကိုးတောင်ကျားများက အခြားသတ္တဝါများနှင့် မတူပေ၊
အခြားတောသတ္တဝါများက နေ့အချိန်အစာရှာထွက်ကြပြီး ည
အချိန်ရောက်တော့ အိပ်ကြသည်။

ကျားသတ္တဝါတို့ကတော့ တစ်နေ့လုံးအိပ်နေတတ်ပြီး
နေဝင်ချိန်ရောက်မှ အိပ်နေရာမှ ထလာတတ်ကြလေသည်။

ဦးစွာ ရေသောက်ဆင်းရင်းနှင့် စမ်းချောင်းများ၊ ရေအိုင်
များရှိသော နေရာတွင် ရေသောက်နေကြသော အခြားသတ္တဝါ
များကိုတွေ့ပါက ဖမ်းဆီးသတ်ဖြတ်ကြသည်။

ထိုနေရာတွင်မှ သားကောင်းမရပါက ရေသောက်ပြီး
သည်နှင့် တောထဲသို့ဝင်ကာ သားကောင်ရှာဖွေလေ့ရှိသည်။

သားကောင်ရှာဖွေရာတွင် တစ်ကောင်ချင်းသော်လည်း
ကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း အစာရှာထွက်ကြ
သည်။

မှောင်နေသောအချိန်တွင် သတ္တဝါငယ်ကလေးများက
စမ်းတဝါးဝါးဖြင့် လမ်းပျောက်နေသော အချိန်မျိုးတွင် ဖမ်းဆီး
သတ်ဖြတ်ကြသည်။

ကိုးတောင်ကျားတို့သည် တစ်ကောင်ချင်းသော်လည်း
ကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း အမဲလိုက်ကြလေ့ရှိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုလိုက်အမဲလိုက်သောအခါတွင် နေရာအနှံ့မှ ကျားဟိန်းသံများပေးလေ့ရှိကြသည်။

အိပ်နေသောသားကောင်ငယ်ကလေးများမှာ ထိုဟိန်းသံ၊ အော်သံများကြားသဖြင့် ကြောက်လန့်တကြား ထွက်ပြေးသောအခါ အခြားတစ်နေရာမှ အသံမပေးဘဲစောင့်နေသော တောကောင်နှင့်တွေ့ပြီး အဖမ်းခံရတော့သည်။

သားကောင်ရလာလျှင်တော့ အတူတူပင်စားသောက်လေ့ရှိကြသည်။

တောကောင်များထဲတွင် ကျားသည် အမဲလိုက်နည်းတော်ပင်ကျွမ်းကျင်သော သတ္တဝါမျိုးဖြစ်ပေသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်လာသောအခါ တောထဲမှာသွားလာနေသော တောကောင်များ၏ ပုံရိပ်အချို့ကို လင့်စင်ပေါ်မှ ဝိုးတဝါးလှမ်းမြင်ကြရသည်။

ထူးဆန်းသောအချက်မှာ ညအချိန်အစာရှာထွက်လာသော တောကောင်ကြီးများမှာ လင့်စင်အောက်တစ်နေရာတွင်ရှိနေသော အလောင်းရှိရာဘက်သို့တော့ ရောက်မလာကြပေ။

အချို့တောကောင်ကြီးများမှာ ထိုနေရာအနီးသို့ပင်ရောက်လာကြသည်။

အချို့ အနံ့ခံကြည့်ရုံ အနံ့ခံကြည့်ပြီးနောက် တစ်စုံတစ်ယောက်က ခြောက်လှန့်မောင်းနှင်လိုက်သကဲ့သို့ ထွက်ပြေးသွားသည်ကို လင့်စင်ပေါ်မှ နီမောင်တို့က လှမ်းမြင်နေကြရသည်။

"အံ့သြစရာပဲ. . တောကောင်တွေက အလောင်းရှိတဲ့





နေရာကို ဘာကြောင့်မလာဝံ့ကြတာလဲ မသိဘူး"

တောခေါင်းမောင်ရွှေက လေသံတိုးတိုးဖြင့် ပြောသည်။

"ကြောက်လန့်စရာတစ်ခုခု တွေ့လို့ဖြစ်မှာပေါ့"

နီမောင်ကတော့ ထိုမျှလောက်သာ ပြန်ပြောလိုက်လေသည်။ ညဥ့်နက်ပိုင်းအချိန်ရောက်တော့မှ တောကောင်ကြီးများ ဘာကြောင့် ကြောက်လန့်ကာ ထွက်သွားကြသည်ကို သိကြရပေတော့သည်။

ထိုအချိန်က အမှောင်ဖုံးနေသောအချိန်ပင်ဖြစ်သည်။ လရောင်ကလည်းမရှိ။ သစ်ပင်ရိပ်များကလည်း ထူထပ်စွာပိတ်ဆီးနေသောကြောင့် အလင်းရောင်ပျောက်နေသည်။

ထိုအချိန်ရောက်တော့မှ တောထဲမှ မှုံဝါးဝါးနှင့် အလင်းရောင်တစ်ခုပေါ်လာသည်ကို လှမ်းမြင်ကြရလေသည်။ ပိုးစုန်းကြူးမီးရောင်ကဲ့သို့ အစိမ်းရောင်ဖျော့ဖျော့အရောင်မျိုး ဖြစ်သည်။

နီမောင်တို့တအံ့တသြဖြင့် လှမ်းကြည့်နေစဉ်မှာပင် ထိုအလင်းရောင်က သစ်ပင်များကြားမှ တဖြည်းဖြည်းနှင့် အပြင်သို့ထွက်လာလေသည်။

"ဟင်. . ."

"ဘယ်လိုဟာမျိုးလဲ"

ဟု ရေရွတ်သံများ ပေါ်လာသည်။

ထွက်လာသောအလင်းရောင်မှာ လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ဖြစ်သော်လည်း စင်စစ်လူတစ်ယောက်တော့မဟုတ်ပါချေ. . .။



www.burmeseclassic.com

www.burmeseclassic.com

ပုံပန်းသဏ္ဌာန်ဟုသာဆိုရသော်လည်း ပီပီပြင်ပြင် ပေါ် လာလိုက်၊ မီးခိုးငွေ့များကို လေတိုက်နေသကဲ့သို့ မှုံဝါးပြီးပျောက် သွားလိုက်နှင့် ဖြစ်နေတော့သည်။

သစ်ပင်များကြားမှ ထွက်လာသော ပုံပန်းသဏ္ဌာန်က အလောင်းရှိသောနေရာဘက်သို့ တဖြည်းဖြည်းနှင့် ရောက်လာ လေသည်။

ထိုအခါမှ ပုံရိပ်သဏ္ဌာန်၏ မူလရုပ်သဏ္ဌာန်က ဖမ်းမိ ကြလေသည်။

"သေသွားတဲ့တောခေါင်းသောင်းရွှေပါလား"

မောင်ရွှေက တအံ့တသြဖြင့် ရေရွတ်လိုက်သည်။

"သူ့ရဲ့ဝိညာဉ်ဖြစ်မယ်"

"သူသေတာပဲ နှစ်ရက်လောက်ရှိနေပြီ၊ ဝိညာဉ်က ရှိပါ ဦးမလား"

"လူတစ်ယောက်သေသွားပြီးရင် ခုနစ်ရက်မကျော်ခင် ချင်း ဝိညာဉ်က ခန္ဓာကိုယ်အနားမှာပဲ ရှိနေတတ်လို့ ဆရာကြီး ဦးဗန်ကောင်းက ပြောဖူးတယ်"

နီမောင်စကားကြောင့် မောင်ရွှေမှာ ပါးစပ်အဟောင်း သားဖြစ်သွားသည်။

သူတို့ကြည့်နေစဉ်မှာပင် ဝိညာဉ်ပုံရိပ်က သစ်ကိုင်းသစ် ခက်များတင်ထားသော အလောင်းအတွင်းသို့ ပြန်ဝင်ရန် ကြိုး စားနေသည်ကို မြင်နေကြရသည်။

နီမောင်တို့လည်း သူတို့တစ်သက်တွင် တစ်ခါမှ မမြင်





ဖူးသော မြင်ကွင်းမျိုးဖြစ်သောကြောင့် အံ့သြစွာဖြင့် ငုံ့ကြည့်နေ ကြလေသည်။

ဝိညာဉ်ပုံရိပ်က မူလရုပ်ခန္ဓာအတွင်းသို့ ပြန်ဝင်ရန် ကြိုး စားနေပုံကိုကြည့်ရသည်မှာ သနားစရာကောင်းလှပေသည်။ တံခါးပိတ်ထားသော အိမ်အတွင်းသို့ဝင်ရောက်ရန် နည်းအမျိုး မျိုးဖြင့် ကြိုးစားနေသည်မျိုးဖြစ်သည်။

ခြေရင်းဘက်မှတစ်မျိုး၊ ခေါင်းရင်းဘက်မှတစ်မျိုး ကြိုး စားကြည့်နေသည်။

ထိုသို့မှမရသောအခါ အပေါ်မှတစ်မျိုး၊ ဘေးတစ်ဖက် တစ်ချက်မှတစ်သွယ် နည်းလမ်းအသွယ်သွယ်သုံးကာ. . ဝင် ရောက်ရန်ကြိုးစားနေရှာသည်။

သို့သော် မရပေ. . ။

ရုပ်ခန္ဓာက အိပ်ပျော်နေသည်လည်းမဟုတ်။

မေ့မျောနေသည်မျိုးမဟုတ်သဖြင့် ပြန်ဝင်၍မရတော့ ခြင်းဖြစ်ပေသည်။

ထို့ပြင်. . ရုပ်ခန္ဓာပျက်စီးစ ပြုနေပြီဖြစ်သောကြောင့် ဝိညာဉ်ခန္ဓာကို ပြန်လည်လက်ခံ၍ မရနိုင်တော့ပေ။ ထို့ကြောင့် ဝင်မရတော့ခြင်းဖြစ်ပေသည်။

ဝိညာဉ်ခန္ဓာ၏အဖြစ်က အလည်လွန်နေသောကလေး တစ်ယောက်ကို မိဘများက အိမ်ထဲသို့ ပြန်မဝင်နိုင်ရန် တံခါး ပိတ်ထားသောကြောင့် အခက်တွေ့နေသောပုံစံမျိုးဖြစ်သည်။

ဝိညာဉ်ပုံရိပ်၏ အမျိုးမျိုးအသွယ်သွယ် ကြိုးစားနေပုံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာ သနားစရာကောင်းလှသည်။

နောက်ဆုံး နည်းအမျိုးမျိုးဖြင့် ကြိုးစား၍မရတော့သည့်အဆုံးမှ မနီးမဝေးမှာရှိနေသော သစ်တုံးကြီးတစ်တုံးပေါ်မှာ သွားထိုင်နေလေတော့သည်။

ကြည့်ရသည်မှာ စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်တော့ရှိသည်။ သို့သော် စိတ်မကုန်သေးသော အမူအယာဖြင့် အလောင်းရှိသောနေရာဘက်သို့သာ ကြည့်နေလေသည်။

ထိုအခိုက်မှာ တောထဲမှ ကျားတစ်ကောင် တိုးထွက်လာလေသည်။

အလောင်းနှင့်မနီးမဝေး ရောက်တော့ ဦးခေါင်းမော့ပြီးအနံ့ခံနေသည်။

ကျားထွက်လာသည်ကိုမြင်တော့ သစ်တုံးပေါ်မှာ စိတ်ပျက်လက်ပျက်ထိုင်နေသော ဝိညာဉ်ပုံရိပ်က မျက်ခြည်မပြတ်ကြည့်နေလေသည်။ ကျားကလည်း ဝိညာဉ်ပုံရိပ်ကို မြင်တွေ့ဟန်ရှိပေသည်။ (ခွေး၊ကြောင် အပါအဝင် တိရစ္ဆာန်အတော်များများတို့မှာ တစ္ဆေသဲရဲ စသောဝိညာဉ်များကို မြင်တွေ့နိုင်ကြပေသည်။)

ပထမတော့ ကျားက ဝိညာဉ်ပုံရိပ်ကို ဂရုမထားဘဲ အလောင်းရှိရာသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

ထိုအခါ သစ်တုံးပေါ်မှာ ထိုင်နေသော ဝိညာဉ်ပုံရိပ်က ထလာလေသည်။

ကျားကခြေလှမ်းတုံ့သွားပြီး မာန်ဖီလိုက်သည်။ ကျားမာန်ဖီသံကြားသော်လည်း ဝိညာဉ်က မကြောက်ဘဲနှင့် ရှေ့သို့ဆက်တိုးလာရာ ကျားကကြောက်လန့်ပြီး တောတွင်းသို့ ပြန်ပြေးလေတော့သည်။ ထိုအခါမှ ဝိညာဉ်လည်း စောစောကထိုင်သော သစ်တုံးပေါ်သို့ ပြန်ထိုင်နေလေသည်။





ညဥ့်နက်ပိုင်းအချိန်ကျော်တော့ အလောင်းကိုဆွဲရန် တောခွေးအုပ်များ ရောက်လာကြပြန်သည်။

နီမောင်တို့ပင် ဘာမှမလုပ်လိုက်ရဘဲ ဝိညာဉ်က နေရာမှထလာပြီး ခြောက်လှန့်မောင်းနှင်ပစ်သောကြောင့် ထွက်ပြေးကြပြန်လေသည်။

ဤသို့ဖြင့် သစ်ကိုင်းများ၊ သစ်ရွက်များဖြင့် ဖုံးအုပ်ထားသော အလောင်းမှာ ခြေရာလက်ရာမပျက်ပင် ရှိနေပေသည်။ အလောင်းကိုစောင့်ရန် ရောက်နေကြသော နီမောင်တို့လေးယောက်မှာလည်း အိပ်ရေးပျက်ရုံသာအဖတ်တင်ပြီး အခြားထွေထွေထူးထူး ဘာမှမလုပ်ကြရပေ. . . ။

အာရုဏ်တက်လာပြီးနောက် တောထဲမှာ အလင်းရောင်များပေါ်လာသောအခါမှာတော့ သစ်တုံးပေါ်မှာထိုင်နေသော ဝိညာဉ်ပုံရိပ်လည်း တဖြည်းဖြည်းနှင့် မှုန်ဝါးပြီးပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၅ )

## အမှောင်ရိပ်မှ အန္တရာယ်ဆောင်

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ မောရမြိုင်ရွာ
ဝ့လိပ်အဖွဲ့တစ်ဖွဲ့ရောက်လာကြသည်။

အင်းတော်ဂါတ်တဲမှ လာကြခြင်းဖြစ်သည်။ ဦးဆောင်
သူမှာ အမှုလိုက်အင်စပက်တော် ကျော်စွာပင်ဖြစ်သည်။

ကျော်စွာက အသက်(၃၀)ပတ်ဝန်းကျင်ခန့်ရှိသေးပြီး
ာက်ပိုင်းဒေသသို့ ရွှေ့ပြောင်းလာခဲ့သည်မှာ မကြာလှသေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။

ကျော်စွာနှင့်အတူ ပုလိပ်(၅)ယောက်လည်းပါလာ
သည်။ ၎င်းတို့သည် ယူဘီသင်္ဘောဖြင့် လာကြခြင်းဖြစ်ပြီး
လူကြီး ဦးထန်ဖုန်းရှိန်အိမ်မှာ ဝင်ရောက်တည်းခိုကြသည်

"ကျွန်တော်တို့ တောထဲသွားပြီး စစ်ဆေးပါ့မယ်၊
နေရာတွေကိုသိတဲ့ ကျွမ်းကျင်တဲ့ လူတစ်ယောက်နှစ်ယော
တော့ ထည့်ပေးလိုက်ပါ"

ဦးထန်ဖုန်းရှိန်လည်း ထွေထွေထူးထူး စဉ်းစား
တော့ဘဲ. . ထိုနေရာမှာ တစ်ညအိပ်ခဲ့ဖူးသော နီမောင်တို့
ယောက်ကိုပင် ခေါ်ပေးရပြန်လေသည်။

နီမောင်တို့ကလည်း ရပ်ရွာနှင့်သက်ဆိုင်နေသော
ဖြစ်သောကြောင့် ငြင်းပယ်မနေကြတော့ပေ။

ယခင်က သေဆုံးသွားသော တောခေါင်းသော
နှင့် ရန်ငြိုးရှိခဲ့ဖူးသော ရွာလူကြီး၏သား စံနက်ကျော်
ယောက်ကတော့ ပုလိပ်များရောက်လာကတည်းက တစ်
သို့ သွားရှောင်နေလေသည်။

ကျော်စွာက ရွာလူကြီးအိမ်မှာ မေးမြန်းစရာမျာ
ထပ်မံမေးမြန်းပြီး တောထဲသို့ သွားရန်ပြင်လေသည်။

"မင်းနာမည် နီမောင်လား"

"ဟုတ်ပါတယ်ဆရာ. ."

"မင်းက အဲဒီနေရာရောက်ခဲ့ပြီးသားဆိုတော့ ငါတို့
တဲ့အခါ ဘာတွေလိုအပ်မလဲ"





နီမောင်က အနည်းငယ်စဉ်းစားလိုက်ပြီး. . .။

"ကျွန်တော်တို့ရွာထဲမှာ ဆေးဆရာကြီးတစ်ယောက်
ရှိတယ်၊ သူ့ကိုပါ အကျိုးအကြောင်းပြောပြီး ခေါ်သွားရင် ပို
ကောင်းမယ်ထင်တယ်"

ဟုပြောလိုက်သည်။

ထိုစကားကြားတော့ ကျော်စွာက မျက်မှောင်ကျုံ့ပြီး
ဉ်စားပြီးမှမေးသည်။

"ဆေးဆရာကို ဘာအတွက်ခေါ်တာလဲ"

"ဒီတောတွေက ကြမ်းတယ်၊ တချို့အကြောင်းအရာ
တွေ ကိစ္စတွေက ကျွန်တော်တို့ မသိသေးတာရှိတယ်၊ ဆေးဆရာ
ပါတော့ ပိုကောင်းတာပေါ့"

ကျော်စွာက သဘောကျသဖြင့် တစ်ချက်ပြုံးလိုက်သည်။

"မင်းက အဲဒီကိစ္စမျိုးတွေ ယုံလို့လား"

"အချို့ကိစ္စတွေကျတော့ အယူသီးလို့ မရတာတွေ၊ ဆန့်
ကျင်လို့ မရတာတွေရှိပါတယ်"

"ဒါဖြင့်လည်း ခေါ်သွားကြတာပေါ့၊ မင်းပဲခေါ်လာခဲ့
ပေးပါ"

ဟုပြောလိုက်လေသည်။

တောတွင်းသို့သွားကြသောအခါ လူ(၁၀)ယောက်ခန့်
ပါသွားကြလေသည်။

ကျော်စွာတို့ ပုလိပ်အဖွဲ့ကခြောက်ယောက်၊ နီမောင်တို့
သုံးယောက်နှင့် ဆရာကြီး ဦးဗန်ကောင်းပါ ပါသဖြင့် လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ ထို့ပြင် တောခေါင်မောင်ရွှေပါ ပါလာသဖြင့် အား (၁၀)ယောက်ကျော်ဖြစ်သွားလေတော့သည်။

နီမောင်တို့က ထိုနေရာသို့ရောက်ခဲ့ဖူးသောကြောင့် မှပင်လမ်းပြကာ ခေါ်သွားကြသည်။

ကျော်စွာတို့အဖွဲ့ကတော့ ထိုနေရာသို့ တစ်ကြိမ်တစ် မှ မရောက်ဖူးသေးသောကြောင့် သတိကြီးစွာထားနေကြ ရှိသည်။

နေ့လည်ပိုင်းအချိန်ရောက်တော့ အလောင်းရှိသေ နေရာသို့ ရောက်သွားကြသည်။

ထိုနေရာနှင့် နီးလာသောအချိန်မှာပင် သွေးညှီနံ့မှာ ရလာပြီး မနီးမဝေးနေရာမှ ယင်မမည်းရိုင်းများ တဝေါဝေါ ပျံနေသောအသံများကို ကြားကြရသည်။

နီမောင်မှာ ညကပူပူနွေးနွေး တွေ့ကြုံခဲ့ရသော အ ကြောင်းများကို သတိပြန်ရနေသဖြင့် စိတ်လှုပ်ရှားနေသည်။ အ လောင်းရှိသောနေရာရောက်တော့ အပေါ်မှဖုံးထားသော သစ် ကိုင်းသစ်ရွက်များ ခြေရာလက်ရာမပျက် ရှိနေသေးသည်ကို လှမ်းမြင်ရသည်။

"မင်းတို့ညက ဒီနေရာမှာ ညအိပ်ခဲ့ကြတယ်လို့ သူကြီး ကပြောလိုက်တယ်၊ တယ်လည်း သတ္တိကောင်းကြတာပဲ၊ ဒါထက် ညတုန်းက ဘယ်လိုထူးခြားမှုတွေ တွေ့ခဲ့ရသေးလဲ"

"သေတဲ့လူရဲ့ ဝိညာဉ်ကို တွေ့ကြရတယ်"

"ဝိညာဉ်ဆိုတာ သရဲကိုပြောတာလား"





"သရဲဘဝ မရောက်သေးတဲ့ ဝိညာဉ်ပါ"

"ဘယ်နေရာမှာ တွေ့တာလဲ"

"ဟိုသစ်တုံးကြီးပေါ်မှာ ထိုင်နေတာ၊ သူက အလောင်း ကိုက်ဆီးစားသောက်ဖို့လာတဲ့ တောတိရစ္ဆာန်တွေကို ခြောက် လှန့်နေတာ. . "

"ဟင်. . ."

"ကျော်စွာက မနီးမဝေးမှာရှိနေသော သစ်တုံးကြီးကို ကြည့်လိုက်သည်။

သစ်တုံးကြီးက သစ်ဆွေးတုံးကြီးပင်ဖြစ်၏။

ယခုအချိန်မှာတော့ သစ်ဆွေးတုံးကြီးပေါ်မှာ သစ်ရွက် ခြောက်များမှလွဲပြီး အခြားဘာမှမတွေ့ရပေ။

နီမောင်စိတ်ထဲမှာတော့ တောခေါင်းသောင်းရွှေ၏ ဝိညာဉ်မှာ ထိုသစ်ဆွေးတုံးပေါ်၌ ရှိနေလိမ့်မည်ဟု ထင်နေမိ သည်။

ထို့နောက်မှာတော့ ပုလိပ်များက အလောင်းအပေါ်မှ ဖုံးထားသော သစ်ကိုင်းများကို ဖယ်ချလိုက်ကြသည်။ ယင်မမည်း များက ဝေါခနဲ ထပျံသွားကြရာ ဆူညံသွားလေတော့သည်။

ဆောင်းရာသီလည်းဖြစ်၊ တော်ထဲမှာလည်း သစ်ပင်ရိပ် ကြောင့် စိမ့်နေသည်ကတစ်ကြောင်းကြောင့် အလောင်းက ပုပ်ဆင်းပျက်တော့ သိပ်မဖြစ်သေးပေ။ သို့သော်လည်း မျက်နှာကတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီး ကြောက်စရာ ကောင်းသော အနေအထားမျိုးဖြစ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာက ရင်သွန့်နေရာမှ ဆီးစပ်နေရာ ရောင် သည်အထိ ဟက်တက်ခွဲထားသော ဓားဒဏ်ရာကြီးကို ကြ ရှုနေလေသည်။

ပွင့်နေသောဒဏ်ရာမှ အပြင်သို့ထွက်ကျနေသော ႏ များမှာ သူ့ဖာသာထွက်ကျနေခြင်းမျိုးမဟုတ်ဘဲ တစ်စုံတ ယောက်က အပြင်သို့ ဆွဲထုတ်ထားဟန်ရှိပေသည်။

ကျော်စွာနှင့်တူ ပါလာသော ပုလိပ်ငါးယောက်ထဲတွ ဆားပုလင်းတစ်ယောက်ပါလာပြီး ၎င်း၏အမည်မှာ မောင်ကြ ဖြစ်သည်။

ဆားပုလင်းမောင်ကြီးသည် အမှုလိုက်ရာမှာသေ လည်းကောင်း စစ်ဆေးရာ၌သော်လည်းကောင်း၊ စေ့စပ်သေ လှသူတစ်ဦးဖြစ်ပြီး အားကိုးရသော ရဲကြပ်(ဆားပုလင်း)တစ် ပင်ဖြစ်ပေသည်။

(ကိုလိုနီခေတ်လွန်ကာများ၌ ပုလိပ်အဖွဲ့၌ ရဲကြပ်သည အလွန်အရေးပါလှပြီး နေရာတကာပါဝင်ရသောကြောင့် ‘ဆာ ပုလင်း’ဟု နောက်ပြောင်ခေါ်ဝေါ်ရာမှ ထိုအမည်တွင်လာခဲ့ခြ ဖြစ်ပေသည်)

ဆားပုလင်းက အလောင်းတစ်ခုလုံးကို စေ့စပ်သေ စွာစစ်ဆေးပြီးသောအခါ မှတ်ချက်ချသည်။

“ဒါလူသတ်မှုပဲဆရာ. . ၊ သတ်တာတောင် ရိုးရိုးသ တာမဟုတ်ဘူး၊ ရန်ငြိုးရန်စကြောင့် သတ်တဲ့ပုံပဲ၊ ဝမ်းဗိုက်တစ် လုံးကို ဓားနှင့်ခွဲပြီး အူတွေကို အပြင်ဆွဲထုတ်ထားတာ”





“တောခေါင်းတောအုပ်တွေရဲ့ အဓိက ရန်ငြိုးရှိတာ ာ သစ်ခိုးသမားတွေပေါ့၊ သူဖမ်းခဲ့တဲ့ သစ်ခိုးသမားတွေက တ်ကလိုက်ခြောင်းပြီး သတ်သွားတာလည်း ဖြစ်နိုင်တာပဲ”

ထိုသို့ပြောနေကြစဉ်မှာ. . နီမောင်က သူတို့အနီးသို့ တ်လာပြီး အခြားတစ်နေရာတွင် သွေးဖြင့်ရေးထားသော များရှိနေသေးကြောင်း လာရောက်ပြောသဖြင့် လိုက်သွား ကြည့်ကြလေသည်။

ကျောက်နံရံပေါ်မှာ ရေးထားသည့် စာများမှာ သွေး ်ရေးထားခြင်းဖြစ်သော ပုရွက်ဆိတ်အနီများက ဝိုင်းအုံနေ လသည်။

သို့ကြောင့် ထိုပုရွက်ဆိတ်များကို သပ်သပ်ဖယ်ပစ်ကြ ည်။ သွေးများကို ပုရွက်ဆိတ်များက စားထားသောကြောင့် ထားသောစာလုံးအချို့ပင် ပျက်နေပြီ။

သို့သော် ဆက်စပ်ဖတ်၍ တော့ရသေးသည်။

“ ဘာနီသွေးကိုမှ မရသေးရင်
သွေးဘာနီကိုယူမယ်..
သွေးရှင်ပြိတ္တာ ”

ဟူသော စာကြောင်းများပင်ဖြစ်သည်။

ကျော်စွာက ထိုစာလုံးများကို လက်ရေးဖြင့် ကူးယူပြီး းပင်မောင်ကြီးကတော့ ကင်မရာဖြင့် ဓါတ်ပုံရိုက်ယူနေသည်။

ထို့နောက်မှာတော့ အလောင်းနှင့်ပတ်သက်ပြီး စစ်ဆေး ာများစစ်ဆေးခြင်း၊ အရေးကြီးသော သဲလွန်စများကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

မှတ်သားခြင်းများပြုလုပ်ပြီး တောခေါင်းသောင်းရှေ့၏ 
လောင်းကို သင့်တော်သောနေရာတွင် မြေမြှုပ်သင်္ဂြိုလ်လိုက်
သည်။ ပြီးမှ တောတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

ညအချိန်ရောက်တော့ ဦးထန်ဖုန်းရှိန်အိမ်မှာပင် စ
ချကြပြီး ၄င်းတို့ချက်ပြုတ်ကျွေးမွေးသော ထမင်းဟင်းမျာ
စားသောက်ကြရပေသည်။

ကျော်စွာက နီမောင်တို့အပြင် ဦးဗန်ကောင်းကိုပါ
ထားသဖြင့် စကားပြောရင်းနေကြရသည်။

ညအချိန်ရောက်တော့ ကျော်စွာက မေးသည်။

“နီမောင်. . မင်းရဲ့ ထင်မြင်ချက်ကိုလည်းပြောပြပါ

“ကျွန်တော်အထင်ပြောရရင်တော့ ရန်ငြိုးရန်စရှိ
သတ်တယ်မှန်ပေမယ့် တော်ရုံကိစ္စတော့ ဟုတ်မယ်မထင်ဘူး

“ဘယ်လိုအကြောင်းကြောင့်လဲ”

“ရန်ငြိုးကြီးကြီးနဲ့သတ်တယ်ဆိုရင်တောင် ဗိုက်ခွဲပြီး
ထဲကအူတွေကိုတော့ ဆွဲထုတ်မယ်မထင်ဘူး၊ ဒီလိုလုပ်ခဲ့တာ
အကြောင်းတစ်ခုတော့ရှိမယ်ထင်တယ်၊ ကျွန်တော်အထင် ပြော
ရရင်တော့ ကျောက်နံရံပေါ်မှာ ရေးထားခဲ့တဲ့ သွေးစာတွေ
သက်ဆိုင်မယ်ထင်တယ်၊ ဒါတွေကတော့. . ဆရာကြီးဦးဗ
ကောင်းက ကျွန်တော်တို့ထက် ပိုပြီးသိမယ်ထင်ပါတယ်. .”

နီမောင် အနားမှာရှိနေသော ဦးဗန်ကောင်းကို တ
ချက်ကြည့်ရင်းပြောလိုက်သည်။

“ဆရာကြီးရဲ့ ထင်မြင်ယူဆချက်လေးတွေကိုလည်း





ပြောပြပေးပါဦး”

ထိုသို့ပြောသောအခါ ကွမ်းတမြုံ့မြုံ့ဝါးရင်း နားထောင်
နေသော ဦးဗန်ကောင်းက. . ၊

“တောထဲက ကျောက်တုံးပေါ်မှာ ရေးထားတဲ့သွေးစာ
တွေကို ကူးယူလာခဲ့တယ် မဟုတ်လား”

ဟုမေးလိုက်သည်။

“ဟုတ်ကဲ့ ကူးခဲ့ပါတယ် ဆရာကြီး”

“တဆိတ်လောက် ကြည့်စမ်းပါရစေ. .”

ကျော်စွာက ၄င်းအိတ်ထဲမှာ ထည့်ယူလာသော စာရွက်
ကို ရှေ့သို့ချပေးလိုက်သဖြင့် ဦးဗန်ကောင်းက ကောက်ယူပြီး
တစ်လုံးချင်း ဖတ်ကြည့်နေလေသည်။

ထိုအချိန်မှာတော့ မည်သည့်နေရာကမှ အသံမထွက်
ဘဲ တိတ်ဆိတ်ငြိမ်သက်လျှက်ရှိနေသည်။

ထို့နောက်မှာတော့ ကျောက်သင်ပုန်းနှင့် ကျောက်တံ
တောင်းယူပြီး စာရွက်ပေါ်မှာ စာလုံးများ၊ စာပိုဒ်များကို ကူးယူ
လိုက်သည်။

ထိုသို့ကူးရေးပြီးတော့မှ အချို့စာလုံးများကို ပုဒ်မဖြတ်
ခြင်း၊ မျဉ်းသားခြင်းများ ပြုလုပ်နေသည်။

စိတ်ကျေနပ်လောက်အောင် ပြုလုပ်ပြီးတော့ အင်စ
ပတ်တော် ကျော်စွာကို ကြည့်ပြီးပြောသည်။

“မောင်ရင်တို့ကတော့ ခေတ်ပညာတတ်လည်းဖြစ်၊
ပုလိပ်ဌာနမှာလည်း အမှုထမ်းနေလေတော့ ကျုပ်တို့ထက်တွေ


www.burmeseclassic.com

www.burmeseclassic.com

ထက်တော့ အကြားအမြင် ဗဟုသုတများမှာပါ. . .”

“ဒါပေမယ့်. . အသက်ကြီးတော့ တစ်နည်းသာဆိုတာကလည်း ရှိပြန်တော့. .”

“ကျုပ်ပြောချင်တာက အမြင်ချင်မတူနိုင်ဘူးလို့ ပြောချင်တာပါ”

“တစ်ယောက်တည်းတွေးရင် တစ်ချက်ပဲရပေမယ့် အများစုပေါင်းတွေးတောရင် ဘဝင်အထိ ပေါက်နိုင်တာလည်း ရှိပါတယ်”

“ကျုပ်ကတော့ စာတွေကိုကြည့်ပြီး ဂမ္ဘီရအမြင်နဲ့ပဲ ပြောချင်ပါတယ်. . .”

“ဂမ္ဘီရနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ အတွေ့အကြုံတော့ သိပ်မရှိပါဘူး၊ ဒါပေမယ့် စိတ်ဝင်စားပါတယ်၊ ဆရာကြီးအမြင်ကိုသာ ပွင့်ပွင့်လင်းလင်းပြောပြစေချင်ပါတယ်”

“အတွေးအမြင်ချင်း ဖလှယ်ကြည့်ကြတာပေါ့လေ၊ အနီသွေးဆိုတာနဲ့ သွေးအနီဆိုတဲ့ ကာရံတူတဲ့ စာလုံးတွေကို တွေ့ရတယ်၊ သူတို့က အဓိကပေါ့၊ ကျန်တာတွေကတော့ အရံစာလုံးတွေလို့ ဆိုရမှာပါပဲ”

“မှန်ပါတယ် ခင်ဗျာ. .”

“ဆက်ပြောရရင် သူလိုချင်တာက “အနီသွေး”၊ အနီသွေးဆိုတာဘာလဲ၊ အဲဒါမရလို့ သွေးအနီကိုယူသွားတဲ့ သဘောပဲ၊ မောင်ရင့်အနေနဲ့ အနီသွေးကို ဘယ်လိုယူဆသလဲ”

ကျော်စွာက အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .





“သွေးရောင်လိုနီရဲနေပြီး တန်ဖိုးရှိတာဆိုတော့. . . ပတ္တမြားလိုမျိုးပဲဖြစ်မယ်ထင်ပါတယ်”

ဟုအဖြေပေးလိုက်သည်။

“မှန်ပါတယ် ကျုပ်လည်း ဒီလိုပဲယူဆထားမိပါတယ်၊ သူလိုချင်တာက ပတ္တမြားပေမယ့် မရတော့ လူသက်ပြီး သွေးဖောက်ခဲ့ရတာဖြစ်မယ်၊ အလောင်းကို စစ်ဆေးကြည့်တုန်းက ဗိုက်ထဲက အူတွေကို အပြင်ဘက်ဆွဲထုတ်ထားတာ တစ်ခုခုရှာဖွေထားတာလည်း ဖြစ်နိုင်တယ် မဟုတ်လား”

“ဖြစ်နိုင်ပါတယ် ဆရာကြီး”

ကျော်စွာစိတ်ထဲမှာတော့ ဆရာကြီးဦးဗန်ကောင်း ပြောပြနေသော အချက်အလက်များမှာ သူ့စိတ်ထဲမှာတွေးတောယူဆချက်များဖြင့် အတော်ပင်တူနေသောကြောင့် ကြိတ်၍ ချီးကျူးမိလေသည်။

“သူရေးခဲ့တဲ့ စာအတိုင်းဆိုရင်တော့ သူလိုချင်တဲ့ ‘အနီသွေးကိုမရမချင်း လူတွေတစ်ယောက်ပြီးတစ်ယောက် သတ်ပြီး သွေးအနီတွေ ယူနေဦးမယ်ထင်တာပဲ. . .”

ထိုစကားကြားသောအခါ ကြားရသူများပင် ကျောစိမ့်သွားကြလေသည်။

“အောက်ဘက်မှာရေးထားတဲ့ ‘သွေးစုပ်ပြိတ္တာ’ ဆိုတဲ့ အဓိပ္ပာယ်ကရောဘာလဲ ဆရာကြီး”

“ပြိတ္တာဆိုတာက ပရလောကသားတွေကို ခြုံပြီးပြောကြတဲ့အမည်ပေါ့၊ ဒီအထဲမှာမှ သွေးစုပ်ပြိတ္တာလို့ ရေးထားမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ သွေးဆာနေတဲ့ ပရလောကသားတစ်ယောက်လို့လည်း ပြောလို့ရတယ်”

ထိုသို့ပြောသည်ကို နားမလည်သဖြင့် ကျော်စွာက ထပ်မေးလိုက်သည်။

“ကျွန်တော် နားမရှင်းသေးလို့ သဘောပေါက်အောင် ရှင်းပြပေးပါ ဆရာကြီး”

“ရှင်းအောင်ပြောရရင်တော့ လူသတ်သမားက သာမန်လူတော့မဖြစ်နိုင်ဘူး၊ ဖုတ်ဝင်နေတဲ့လူ၊ ဒါမှမဟုတ် လူတစ်ပိုင်းမိစ္ဆာတစ်ပိုင်း ဖြစ်နေတဲ့သူပဲဖြစ်မှာပေါ့”

ထိုသို့ပြောဆိုနေစဉ် သူကြီးအိမ်မှာ မွေးထားသောခွေးများ စူးစူးဝါးဝါးဟောင်သံများ ပေါ်လာကြသည်။

“ပြောရင်းဆိုရင်းနဲ့များ ရောက်လာပြန်ပြီလား မပြောတတ်ဘူး၊ ကြည့်ကြပါဦး”

ဟု ဦးထန်ဖုန်းရှိန်က ကြောက်လန့်နေသောအသံဖြင့် ပြောလေရာ လက်နှိပ်မီးများ၊ သေနတ်များယူဆောင်ပြီး အပြင်ဘက်သို့ ထွက်ကြည့်ကြလေသည်။

မောရမြိုင်ရွာ တည်ထားသောနေရာမှာ မြစ်ကမ်းပါးနှင့်မဝေးသလို သစ်တောစပ်နှင့် ထိစပ်နေသော နေရာမျိုးလည်း ဖြစ်သည်။

ခွေးများ စူးစူးဝါးဝါးထိုးဟောင်နေသော နေရာဘက်သို့ အားကောင်းသောလက်နှိပ်မီးရောင်များဖြင့် ထိုးကြည့်ကြသော အခါ သစ်တောတွင်းသို့ ဝင်သွားသည့် မည်းမည်းသဏ္ဌာန်ကြီး၏





အရိပ်အယောင်ကို လှမ်းမြင်လိုက်ကြရလေသည်။

မည်သို့သော ပုံပန်းသဏ္ဌာန်ရှိသည်ကို သဲသဲကွဲကွဲ မမြင်လိုက်၊ မတွေ့လိုက်ကြရပေ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၆ )

# ဝိညာဉ်လှောင်အိမ်ရှိသောရွာ

ရွှေလီသစ်တောကြီးများနှင့် မဟာမြိုင်သစ်တောကြီးများမှာ အထိကရတောကြီးများပင် ဖြစ်ကြပေသည်။

ထို့အတူ ထိုတောကြီးများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော မဲဇာမြိုင်သစ်တောကြီးများမှာလည်း အတော်ပင်ကျယ်ဝန်းလှပေသည်။

ကျွန်း၊ ပျဉ်းကတိုး စသော အဖိုးတန်သစ်ပင်ကြီးများက နေပြောက်မထိုးအောင် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အပင်ချင်းယှက်၊ အရွက်ချင်းဆက်နေကြသည်။

တောအတွင်းမှာလည်း တောတိရစ္ဆာန်မျိုးစုတို့က ပေါလှသည်။ ဟူးကောင်းလွင်ပြင်ဘက်မှလာသော ကိုးတောင်ကျားကြီးများအပါအဝင်၊ ရွှေလီကျား၊ မဲဇာကျားဟု အရပ်ဒေသကိုအစွဲပြုပြီး ခေါ်ဝေါ်သော တောကောင်ကြီးများမှာ နေရာအနှံ့တွင် အိမ်မွေးတိရစ္ဆာန်များလို တွေ့ကြရသည်။

ဗြိတိသျှအစိုးရအုပ်ချုပ်သော ကာလတစ်လျှောက် (နှစ်ပေါင်းတစ်ရာကျော်မျှ) သစ်များထုတ်ယူခဲ့ကြသော်လည်း စနစ်တကျယူခဲ့ကြသောကြောင့် သစ်တောပြုန်းတီးမှုများလည်း သိပ်မရှိပေ။

ထို့ပြင် သစ်များကပေါများလှသောကြောင့် ဝေးဝေးလံလံ ရှာဖွေစရာမလိုဘဲ မြစ်ကမ်းနှင့်နီးသောနေရာများ၌သာ သစ်ထုတ်သောလုပ်ငန်းများ လုပ်ကြသည်။

ရှေးအခါက ယခုမျက်မှောက်ကာလကဲ့သို့ လမ်းများဖောက်ပြီး ကားများဖြင့် သယ်ယူကြခြင်းမျိုးမရှိပေ။

သစ်ကွက်တွင်းမှ သစ်လုံးများကို ဆင်များ၊ ကျွဲများ အသုံးပြုပြီး စုရပ်ရောက်သည်အထိ သယ်ယူကြရသည်။

စုရပ်တွင်ပုံထားပြီး တောင်ကျရေဆင်းလာတော့မှ မြစ်များချောင်းများအထိ ရောက်အောင်ခက်ခက်ခဲခဲ သယ်ယူကြရလေသည်။

သို့ကြောင့် သစ်ထုတ်သောသူများက ဝေးလံသောနေရာခက်ခဲသောနေရာများသို့ သွားရောက်လုပ်ကိုင်ကြခြင်း မရှိ





မြစ်များ၊ ချောင်းများနှင့် နီးသောနေရာများကိုသာ ရွေးချယ်ကိုင်ကြသည်။

သို့ကြောင့် ဝေးလံသီခေါင်လှသော နေရာများ၌ရှိသောစ်တောကြီးများမှာ ဓားတစ်ချက်၊ လွှတစ်ချက်မှ မထိဘဲ. . တိအတိုင်းပင် ရှိနေခဲ့ကြပေသည်။

ထိုကဲ့သို့ ခေါင်လှသော နေရာများမှာနေကြသော ရွာရှိသော်လည်း အခြားနေရာဒေသမှ လူများနှင့် အဆက်အယ်မရှိလှဘဲ သီးခြားနေထိုင်ကြလေသည်။

အချို့နေရာများတွင် မြို့ဟောင်းမြို့ပျက်နေရာများည်းရှိသည်။

မဲဇာမြိုင်သစ်တော အတွင်းတစ်နေရာတွင် ဘုရားျာင်းပျက်ကြီးတစ်ခု ရှိပေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့ခြင်းဖြစ်လူသူအရောက်အပေါက်နည်းသော တောနက်ကြီးအတွင်းရှိနေခြင်းဖြစ်ပေသည်။

ရှေးအခါကတော့ ဂဝံကျောက်များ၊ ကျောက်တုံးများ တည်ဆောက်ထားခဲ့ခြင်းဖြစ်ပြီး နှစ်ပရိစ္ဆေရကြာမြင့်သောခါမှာတော့ ပျက်စီးယိုယွင်းမှုများ ဖြစ်နေခဲ့ပေပြီ. . .။

ရေညှိရေမှော်များ တက်နေပြီး၊ ချုံနွယ်ပိတ်ပေါင်းများအုပ်နေသောကြောင့်လည်း အဝေးမှကြည့်လျှင် ကျောက်ဂူတစ်လုံးနှင့်ပင် တူနေတော့သည်။

ဘုရားကျောင်းပျက်ကြီးတစ်ဝိုက်မှာတော့ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များအုပ်မိုးထားခြင်းမရှိပေ။

ဘုရားကျောင်းပျက်ကြီး၏ ပုံသဏ္ဍာန်မှာ ဗုဒ္ဓဘာသာ

ဘုရားကျောင်းပုံသဏ္ဍာန်မျိုးတော့ မဟုတ်ပေ။

ဟိန္ဒူနတ်ဘုရားကျောင်းပုံသဏ္ဍာန်မျိုးဖြစ်သည်။

အပေါက်ဝတွင် ကြောက်စရာကောင်းသော ရုပ်တုကြီး

များရှိသော်လည်း နှစ်ပရိစ္ဆေဒကြာခဲ့ပြီဖြစ်သောကြောင့် ကျိုး

ပျက်စီးနေပေပြီ. . ။

ကျောင်းပျက်ကြီးအတွင်းမှာတော့ နတ်ဘုရား ရုပ်တု

စုံတို့ ရှိနေကြသည်။

အချို့လည်း အရောင်အဆင်းမပေါ်တော့သော်လည်း

မူလပုံသဏ္ဍာန်အတိုင်းပင်ရှိနေသေးသော်လည်း. . အချို့ရုပ်

များကတော့ ကျိုးပဲပျက်စီးနေပြီဖြစ်သောကြောင့် မည်သည်

ရုပ်တုမျိုးဖြစ်သည်ပင် ပုံမပေါ်တော့ပေ။

ရုပ်တုအတော်များများမှာ လူတစ်ယောက်ထက်

ကြီးပြီး အတော်များများမှာ ကြောက်စရာကောင်းသော ပုံပ

သဏ္ဍာန်မျိုးရှိကြသည်။

အတွင်းပိုင်းတစ်နေရာမှာတော့ အနက်ရောင်ကျောက်

တုံးကြီးဖြင့် ထုလုပ်ထားသော နတ်ဘုရားရုပ်တုကြီးရှိလေသည်

၄င်းရုပ်တုကတော့ ဒုထည်ကြီးမားသောကြောင့် ပျက်

ယိုယွင်းမှု သိပ်မရှိလှသေးပေ. . ။

မျက်လုံးနှစ်လုံးက အပြင်သို့ပြူးထွက်နေပြီး၊ နှာခေါင်း

ပွပွကြီးအောက်မှာတော့ ကားယ်ပြန့်လှသော ပါးစပ်ပြဲကြီးရှိသည်





ရုတ်တရက်ကြည့်လျှင်တော့ ဘီလူးတစ်ကောင် သွားဖြဲ

နေသကဲ့သို့ တူလှပေသည်။

ပလ္လင်ပေါ်မှာထိုင်နေသော ရုပ်တုဖြစ်ပြီး လက်ထဲမှာ

ည်း ဓားကောက်ကြီးတစ်လက် ကိုင်ထားလေသည်။

အချိန်က နံနက်ပိုင်းအချိန် ကျော်လာခဲ့ပေပြီ။ မြူနှင်း

ကွဲပါးသွားပြီး နေရောင်ခြည်ပင် လင်းလက်စပြုလာချေပြီ။

ဘုရားကျောင်းပျက်ကြီးတစ်ဝိုက်တွင် သစ်ပင်ကြီးများ

မိုးမနေသောကြောင့် နေရာင်ခြည်က ဘုရားကျောင်းပေါ်

ဖြာကျနေလေသည်။

အပေါ်မှ ဖြာကျလာသော နေရောင်ခြည်က ကျောင်း

ကြီးအမိုးမှတဆင့် အောက်ခြေသို့ပင် ရောက်နေပေသည်။

ခြားခြားပင် အပေါ်မှာ ဖြာကျလာသော နေရောင်ခြည်က

ကြီးပေါ်သို့ တည့်တည့်ကျနေလေသည်။

ဘုရားကျောင်းပျက်ကြီးမှာ ဂူကြီးတစ်ဂူကဲ့သို့ဖြစ်နေ

သော်လည်း အတွင်းကိုတော့ တောတိရိစ္ဆာန်များ ဝင်ရောက်နေ

ခြင်းတော့ မရှိကြပေ။

သို့ကြောင့် အတွင်း၌ သစ်ရွက်ခြောက်များနှင့် အမှိုက်

ကျက်များသာ ပြည့်နေပေတော့သည်။

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် ဘုရားကျောင်းပျက်

ရှိရာသို့ လူအချို့ရောက်လာကြသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသော အဘိုးကြီးမှာ အသက်

ကျော်အရွယ်ခန့်ရှိပြီး လက်ထဲမှာတောင်ဝှေးတစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားလေသည်။

ငှင်းအမည်မှာ ချန္ဒရာ ဖြစ်သည်။

သူ့နောက်မှပါလာသော အမျိုးသမီးကတော့ အသ
(၂၃)နှစ်ခန့်သာ ရှိသေးပြီး ချောမောလှပသူတစ်ဦးဖြစ်သည်

သူမအမည်က မြနှင်းဖြူဖြစ်သည်။

မြနှင်းဖြူက အိန္ဒိယသွေးစပ်သူဖြစ်သောကြောင့် မျ
လုံး၊ မျက်ခုံးကောင်းပြီး ချောမောလှပခြင်းဖြစ်သည်။ နော
မှာတော့ လူရိုင်းများနှင့် ပုံပန်းသဏ္ဍာန်တူပြီး လှံရှည်ကြီး
ကိုင်ထားသော လူသုံးလေးယောက်ပါလာလေသည်။

နီးကြောင်ကြောင် ဆံပင်များက မျက်နှာပေါ်သို့ ကျ
ပြီး မျက်နှာပေါက်များက ကြမ်းတမ်းခက်ထန်ကြသည်။

ကိုယ်အပေါ်တွင် အဝတ်မပါဘဲ ခါးအောက်ပိုင်းမှာ
အဝတ်ကြမ်းများဖြင့် ပတ်ထားလေသည်။

တစ်ကိုယ်လုံး အသားအရောင်ကတော့ အမည်းရေ
ထက်ပိုသော အနက်ရောင်ဖြစ်နေသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးရှည်များရှိသော အဘိုး
ချန္ဒရာက ဦးဆောင်ပြီး နတ်ဘုရားကျောင်းအတွင်းသို့ ဝင်
ကာ ကျောင်းအတွင်းမှာရှိသော ရုပ်တုများကို တစ်ရုပ်ပြီးတစ်
လိုက်လံကြည့်နေပြီးမှ အတွင်းပိုင်းမှာရှိသော နတ်ဘုရား ရုပ်
ကြီးရှေ့သို့ ရောက်သောအခါ ရပ်လိုက်သည်။

သူတို့ရောက်သွားသောအချိန်တွင် နတ်ဘုရား ရုပ်
ကြီးအပေါ်မှ နေရောင်ခြည်က တည့်တည့်ဖြာကျနေသည်။





သို့သော် ထူးထူးခြားခြားမရှိဘဲ သာမန် နေ၏အလင်း
ရောင်လောက်သာ ရှိနေပေသည်။

"ရာဝဏာ လာစမ်း"

ဟု အဘိုးကြီးက ခေါ်လိုက်သောအခါ မလှမ်းမကမ်း
မှာ ရပ်နေသော လူမည်းကြီးတစ်ယောက်က အနားရောက်လာ
သသည်။

"နတ်ဘုရားရုပ်ထုအပေါ်ကို တက်ကြည့်စမ်း"

ဟု အမိန့်ပေးလိုက်သည်နှင့် ရာဝဏာဆိုသောလူမည်း
ကြီးက ရုပ်တုကြီးအား အရိုအသေပေးပြီးနောက် ဖက်တွယ်
တက်သွားလေသည်။

ထိပ်ပေါ်ရောက်သောအခါ လှမ်းပြောလိုက်သည်။

"ဝိညာဉ်သွေး. . . မရှိတော့ဘူး ဆရာကြီး"

"ဒါကြောင့် အလင်းရောင်တွေ ပျောက်သွားတာကိုး၊
ခင်း. . လူတွေတော့ သေကြေပျက်စီးကြရပေဦးတော့မယ်"

ချန္ဒရာက မှတ်ချက်ချလိုက်သည်။

ခါတိုင်း ယခုလို နေရောင်ခြည်ထွက်လာပြီး ဘုရား
ကျောင်းပေါ်သို့ ထိုးကျလာသောအခါ ရုပ်တုကြီးမှာ အလင်း
ရောင်များ ဖြာတက်လာတတ်သည်။

ရုပ်တုကြီးထိပ်တွင် ပတ္တမြားကြီးတစ်လုံး မြှုပ်နှံတပ်ဆင်
ထားလေသည်။

ဦးခေါင်းထိပ်တည့်တွင် ထပ်ဆင်ထားသောကြောင့်
အောက်မှကြည့်ပါက မမြင်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းထပ်ပေါ်သို့ နေရောင်သော်လည်းကော လရောင်သော်လည်းကောင်း ထိတွေ့ပြီး အနီရောင်အလင်းတ များ ဖြာထွက်လာတတ်လေသည်။

ရုတ်တရက်ကြည့်လျှင်တော့ ရုပ်တုကြီး၏ ဦးခေါင်းထ ပေါ်မှ ရောင်ခြည်များ ဖြာထွက်နေသကဲ့သို့ ဖြစ်ပေသည်။

ရုပ်တုကြီးအပေါ်တည့်တည့်တွင် နေရောင်၊ လရော များဝင်ရောက်လာစေရန် မူလကတည်းက အမိုးအပေါက် ချန်လှပ်ထားခြင်းလည်း ဖြစ်တန်ရာသည်။

ထိုပတ္တမြားကြီးမှာ ရုပ်တုကြီးတည်ဆောက်စဉ်ကတည် က ထည့်သွင်းမြှုပ်နှံထားခဲ့ခြင်းဖြစ်ပြီး ဒေသခံများက ပတ္တမြ ကြီးကို 'ဝိညာဉ်သွေး'ဟု ခေါ်ဝေါ်ကြသည်။

နံနက်ပိုင်း နေရောင်ရသောအချိန်တွင် ရုပ်တုအပေါ် သို့ နေရောင်ခြည်ထိုးကျလာသောအခါ ပတ္တမြားကြီးမှ အ ရောင်အလင်းတန်းများ အပေါ်သို့ ဖြာတက်လာကြသည်။ အရောင်များက ပတ်ဝန်းကျင်အထိ ပြန့်နှံ့ရောက်ရှိလေသည်။

ဒေသခံများကတော့ ထိုအလင်းရောင်များမှာ . . နတ် ဘုရားရုပ်တုကြီးမှ ရောင်ခြည်များလွှတ်သည်ဟု ယူဆကာ အလေးမူပင် အရိုအသေးပေးကြသည်။

ဒီကနေ့မှာတော့ ရာသီဥတုသာယာပြီး နေရောင်ခြည် ရရှိသော်လည်း နတ်ဘုရားရုပ်တုမှ အလင်းရောင်များ မထွ လာသောကြောင့် အဘိုးကြီး ချန္ဒရာက ဦးဆောင်ပြီး လာရော ကြည့်ကြခြင်းဖြစ်သည်။





သူတို့လာကြည့်သောအချိန်မှာ နတ်ဘုရားရုပ်တုထိပ် တွင် တပ်ဆင်ထားသော ပတ္တမြားကြီးကမရှိတော့ပေ။ တစ်စုံ တစ်ယောက်က ယူသွားခဲ့ချေပြီ။

ရာဝကာက အောက်သို့ပြန်ဆင်းလာပြီး မေးသည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ယူသွားတဲ့လူတွေကတော့ ကျိန်စာသင့်ပြီး အသေဆိုး နဲ့ သေကြမှာပဲ၊ ငါတို့ကတော့ ပြန်ရအောင်ယူရမှာပေါ့"

"ဘယ်သူတွေယူသွားတယ်ဆိုတာသိရင် ကျုပ်တို့ ချက် ခြင်းသွားသတ်ပါ့မယ် . ."

"မင်းတို့မသတ်လည်း သူတို့ကတော့ သေရတော့မှာပဲ၊ သူတို့ကျူးလွန်ခဲ့တဲ့ အပြစ်ကို ချေဖျက်လို့မရတော့ဘူး၊ အပြစ် တွေကို သွေးနဲ့ပေးဆပ်ကြရမှာပဲ. . ."

ဟု လေးလေးနက်နက် ပြောလိုက်လေသည်။

"သူတို့သေသွားသော ဝိညာဉ်သွေးကို ဘယ်လိုတွေ့ အောင်ရှာရမလဲ"

"သက်ဆိုင်ရာ ဝိညာဉ်တွေကိုခေါ်မေးရင် . . သူတို့က လမ်းညွှန်ပေးကြပါလိမ့်မယ်"

ဟုပြောဆိုကာ နတ်ဘုရားကျောင်းအတွင်းမှ ပြန်ထွက် သွားကြလေသည်။

ဒီနေရာမှာတော့ ချန္ဒရာတို့အကြောင်းကို အနည်းငယ် ရေးသားဖော်ပြရန်လိုပေသည်။

၎င်းတို့သည် တိုင်းရင်းသားမျိုးနွယ်များတော့ မဟုတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ မဏိပူရဘက်မှ ဝင်ရောက်လာသူများဖြစ်ကြသည်။

စစ်ဘေးစစ်ဒဏ်ရှောင်တိမ်းရင်းနှင့် ရေကြည်ရာမြ
နုရာ အရပ်ဒေသကို ရှာဖွေရင်းနှင့် တောတောင်ထူထပ်ပြီး လူ
အရောက်အပေါက်နည်းသော မဲဇာမြိုင်ဒေသဘက်သို့ ရော
လာခဲ့ကြခြင်းဖြစ်သည်။

ထိုနေရာ ထိုဒေသဘက်သို့ ဝင်ရောက်နေထိုင်ခဲ့
သည်မှာ နှစ်ပေါင်းအတော်ကြာမြင့်ခဲ့ပြီဖြစ်ပေသည်။ နောက်ပို
တော့ ၄င်းတို့နေထိုင်ရာအရပ်သို့ ကုလားလူမျိုးအချို့ပါ ရော
လာပြီး လာရောက်နေထိုင်ကြသည်။

မဏိပူရဘက်မှ လာရောက်ကြသူများမှာ အသားအ
ဖြူသည်။

အိန္ဒိယဘက်မှ ကူးလာသူများကတော့ အသားမည်း
များဖြစ်ကြသည်။

နောက်ပိုင်း တစ်ရွာတည်း၊ တစ်နေရာတည်း ရောနှော
နေထိုင်ကြရင်းမှာ ပေါင်းစပ်မှုဖြစ်ကြပြီး လူဖြူတွေရောလူမည်း
တွေပါ ရောနှောသွားကြခြင်းဖြစ်သည်။

ထိုရွာသားများကို ခေါင်းဆောင်နေသော ချန္ဒရာ
လျှင် ကုလားသွေးပါဝင်သူဖြစ်သည်။

သို့ကြောင့် ချန္ဒရာ၏ မြေးတော်သူ မြနှင်းဖြူမှာ ကုလား
ကပြားတစ်ယောက်ကဲ့သို့ တူနေခြင်းဖြစ်၏။

၄င်းတို့နေသောရွာကို ကျတ်ကုန်းရွာဟုပင် ယေဘူယျ
အမည်ပေးထားသော်လည်း အိမ်များကို စနစ်တကျဆောက်





ရွာတည်ထားခြင်းမျိုးတော့ မဟုတ်ပေ။

ကျောက်ဂူများကိုပြုပြင်ပြီး နေအိမ်သဖွယ်ပြုလုပ်၍သော်လည်းကောင်း၊ တောင်စောင်းများကိုဖောက်ကာ လူနေနေရာနေရာများအဖြစ် ဖန်တီး၍သော်လည်းကောင်း နေထိုင်ကြလေသည်။

အချို့လည်း သစ်ဝါးများဖြင့် တဲများဆောက်ကာနေကြသည်။

တစ်ရွာလုံး နတ်ကိုသာယုံကြည်ကိုးကွယ်ပြီး မကြာခဏဆိုသလို သားကောင်များကိုသတ်ပြီး ယဇ်ပူဇော်ပွဲများ ပြုလုပ်ကြသည်။ နတ်ပူဇော်ပွဲများ ပြုလုပ်ကြသည်။

ထို့ပြင် ဝိညာဉ်များနှင့် မကောင်းဆိုးဝါးများကိုလည်း ယုံကြည်နှစ်သက်မှုရှိကြသည့်အပြင် မိတ်ဆွေဖွဲ့ထားကြသည်။

အောက်ပိုင်းဒေသများတွင် သရဲမွေးပြီး ကျွေးလည်း ကျွေး၊ ခိုင်းစရာရှိလည်း စေခိုင်းကြသည်မျိုးပင်ဖြစ်ပေသည်။

ကျတ်ကုန်းမှာ နေကြသူများကလည်း ဝိညာဉ်လောကသားများနှင့် မိတ်ဆွေဖွဲ့ထားကြပြီး၊ ကျွေးစရာရှိလည်း မျှဝေကျွေး၊ စေခိုင်းစရာရှိတော့လည်း ထိုဝိညာဉ်များကို စေခိုင်း၍ရကြလေသည်။

တောထဲတွင် သရဲသဘက်များနှင့် အတူနေကြခြင်းမှာ အဆန်းတော့မဟုတ်ပေ။

ဒါပေမယ့် ကျတ်ကုန်းရွာမှာနေကြသူများကတော့ဘာမူ ထူးခြားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့က ဝိညာဉ်ကိုစေခိုင်းနိုင်ရုံမကဘဲ ရာဇဝတ်သား တစ်ယောက်ကဲ့သို့ ဖမ်းဆီးနိုင်ခြင်း၊ အကျဉ်းလှောင်အိမ်ထဲမှာ လှောင်ထားနိုင်ခြင်း စသော ဓလေ့ဆန်းများလည်း ကျွမ်းကျင်ကြသည်။

ငှင်းတို့နေသောနေရာနှင့် မနီးမဝေးမှာ သရဲသဘက်များကို ဖမ်းလှောင်ထားသော ဝိညာဉ်လှောင်အိမ်ရှိလေသည်။





# အခန်း ( ၅ )

# နတ်ဘုရားကျောင်းမှ ဝိညာဉ်ဖုံရိပ်

ဝိညာဉ်လှောင်အိမ်ရှိသောနေရာမှာ ရှာနှင့်မဝေးလှပေ။ ထိုနေရာတစ်ဝိုက်တွင် သစ်တောကြီးများ ဖုံးလွှမ်းထားပြီး ကျောက်တောင်များလည်းရှိသည်။ ကျောက်တောင်များရှိသော နေရာတစ်ဝိုက်တွင် ကျောက်ဂူပေါက်များရှိသည်။

အချို့ဖွင့်ထားပြီး အချို့ဂူပေါက်ဝများကိုတော့ ကျောက်တုံးများ၊ ကျောက်တံခါးများဖြင့် ပြုလုပ်ကာ ပိတ်ဆို့ထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကဲ့သို့ ကျောက်တံခါးများဖြင့် ပိတ်ထားသော ဂူပေါက်များမှာ ၎င်းတို့အသုံးပြုသော ဂူပေါက်များဖြစ်ကြသည်။

အသုံးပြုသည်ဆိုသော်လည်း လူနေထိုင်ခြင်းမျိုးတော့ မဟုတ်ပေ။

အချို့ဂူပေါက်များထဲမှာ သရဲသဘက်စသော ပရလောကသားများကို ပိတ်လှောင်ထားပြီး အချို့အခန်းများကိုတော့ အဘိုးကြီး ချန္ဒရာ အသုံးပြုလေသည်။

အဘိုးကြီး ချန္ဒရာမှာ ကုလားလူမျိုးတစ်ဦးဖြစ်ပြီး တစ်ချိန်က ဆာဒူးတစ်ယောက်ဘဝဖြင့် နှစ်ပေါင်းများစွာနေထိုင်ခဲ့ဖူးသည်။

ဆာဒူးကျင့်စဉ်များ၊ ယောဂကျင့်စဉ်များအဖြစ် ဂါထာမန္တာန်များနှင့်၊ အစီအရင် အတတ်ပညာများည်း တတ်ကျွမ်းလေသည်။

အဘိုးကြီး ချန္ဒရာကိုတော့ ကျတ်ကုန်းရွာမှာနေထိုင်ကြသူများက မော်ဆရာ၊ နတ်ဆရာဟု ယုံကြည်လက်ခံထားကာ သူပြောသမျှ လိုက်နာကြလေသည်။

အဘိုးကြီးချန္ဒရာက မြေးဖြစ်သူ မြနှင်းဖြူနှင့်ပင် အတူနေထိုင်ပြီး အခြားဘာမှ လုပ်စရာမလိုပေ. . . ။

၎င်းတို့မြေးအဘိုး စားသောက်ဖို့ရန်အတွက် ရွာသူရွာသားများကပင် ရှာဖွေကျွေးမွေးကြသည်။

အဘိုးကြီးချန္ဒရာတာဝန်က ရွာသူရွာသားများ ရောဂါဖြစ်လာလျှင် ကုသပေးရန်နှင့် ပယောဂအနှောင့်အယှက်များ





ရှိလာလျှင် ဖယ်ရှားပေးရန်အတွက်သာဖြစ်သည်။

ထိုသရဲတစ္ဆေနှင့် ပရလောက်သားများနှင့် မိတ်ဆွေဖွဲ့ခြင်း၊ မွေးထားခြင်း၊ အစားအသောက်ကျွေးမွေးခြင်း၊ အပြစ်ကျူးလွန်သော ပရလောကသားများကို ဝိညာဉ်လှောင်အိမ်ထဲမှာ ထည့်လှောင်ထားခြင်း စသောအလုပ်များကို လုပ်ရလေသည်။

မြနှင်းဖြူကတော့ အဘိုးကြီးချန္ဒရာ စေခိုင်းသော အလုပ်များကို လုပ်ပေးရလေသည်။

ဝိညာဉ်လှောင်အိမ်အဖြစ် အသုံးပြုသော နေရာမှာ ကျောက်ဂူတစ်လုံးပင်ဖြစ်သည်။

နံရံတွင် အင်းချပ်များရေးဆွဲထားပြီး အတွင်းပိုင်းမှာတော့ မှောင်နေသည်။

အပြစ်ရှိသော ပရလောကသားများကို အင်းချပ်၊ ဆေးအစီအရင်များဖြင့် ဖမ်းဆီးချုပ်နှောင်ပြီး ဝိညာဉ်လှောင်အိမ်အတွင်းသို့ ထည့်ထားလေသည်။

ထိုသို့ ထည့်လှောင်ထားပြီး အကျဉ်းသားများကဲ့သို့ပင် အစားအသောက်များ ကျွေးမွေးပေးရလေသည်။

တစ်နေ့သ၌ ညဦးပိုင်းအချိန်တွင် ဝိညာဉ်လှောင်အိမ်အဖြစ် အသုံးပြုထားသော ကျောက်ဂူပေါက်ဝသို့ လူငါးယောက်ရောက်လာကြသည်။ တောင်ဝှေးတစ်ချောင်းကိုင်ထားသော အဘိုးကြီးချန္ဒရာက ရှေ့မှဦးဆောင်လာပြီး နောက်မှ မြနှင်းဖြူလည်း ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နောက်မှပါလာသော လူသုံးယောက်ကတော့ ကျွတ်ကုန်းရွာကို ခေါင်းဆောင်နေကြသည့် ရာဝဏ၊ မာလနှင့် ဗာလတို့ သုံးယောက်ပင်ဖြစ်ကြသည်။

သုံးယောက်စလုံး ကုလားလူမျိုးများဖြစ်ကြပြီး မာလနှင့် ဗာလတို့နှစ်ယောက်ကတော့ ညီအစ်ကိုတော်ကြသည်။

သူတို့ငါးယောက် ကျောက်ဂူပေါက်တစ်ခုသို့ ရောက်လာသောအချိန်မှာ နေဝင်ရီတရောအချိန် ဖြစ်နေလေသည်။

ဂူပေါက်ဝမှာ ကျောက်တံခါးတစ်ချပ် ပိတ်ထားလေသည်။

ထိုနေရာရောက်တော့ အဘိုးကြီးချန္ဒရာက ဂါထာမန္တာန်များရွတ်ဆိုလိုက်ရာ အတန်ကြာသောအခါ ပိတ်ထားသော ကျောက်တံခါးကြီးမှာ တကျွိကျွိနှင့် လှုပ်လာပြီး ပွင့်လာလေသည်။

လူတစ်ယောက် ဝင်သာရုံ ဟသွားသောအခါ အားလုံးက အတွင်းသို့ ဝင်ကြလေသည်။

သူတို့အတွင်းရောက်တော့ ကျောက်တံခါးက အလိုအလျောက်ပြန်ပိတ်သွားလေသည်။

သို့ကြောင့် အတွင်းမှာ မှောင်သွားသည်။

ထိုအခါ ရာဝဏက နံရံ၌ စိုက်ထောင်ထားသော မီးတိုင်တစ်တိုင်ကို မီးထွန်းလိုက်တော့မှ အလင်းရောင်ရလာတော့သည်။

ဂူအတွင်းမှာတော့ အခြားထွေထွေထူးထူးတော့ မရှိ





ပေ။ သားကောင်များ သတ်သောနေရာ၊ ယဇ်ပူဇော်သောနေရာ၊ ရလောကသားများကို အစားအစာကျွေးသောနေရာများ ရှိသည်။

အခန်းတစ်နေရာတွင် သားကောင်များသတ်ဖြတ်ခုတ်ထစ်ရာ နေရာရှိပြီး၊ ဓားလှံစသည်တို့နှင့် သွေးခံသော ကျောက်ခွက်တစ်လုံးရှိသည်။

ထိုနေရာများတွင် သွေးညှီနံ့များဖြင့် ဖုံးလွှမ်းနေပြီး အချို့နေရာများတွင် သွေးများပင် မခြောက်သေးပေ။

အလယ်နေရာလောက်မှာတော့ ကျောက်ပလ္လင်ပြုလုပ်ထားသော ကျောက်တုံးတစ်တုံးရှိပြီး၊ အပေါ်မှာတော့ နတ်ဘုရားရုပ်တုတစ်ခုရှိသည်။

ရှီဗာ(သိဝ)ဟုခေါ်သော ကာလီနတ်ဘုရားမရုပ်တုပင်ဖြစ်သည်။

ရုပ်တုမှာ လူတစ်ယောက်အရွယ်စားထက် အနည်းငယ်သာငယ်ပြီး ပန်းပုရုပ်ထုလုပ်ထားသကဲ့သို့ လက်ရာမြောက်လှပေသည်။

မျက်နှာပြင်တွင် အဝါကြားများပါရှိသော ထူထဲသည့်နှုတ်ခမ်းများ၊ ချွန်ထက်ပြီး အစွယ်နှင့်တူသော သွားကြီးများ၊ ပွပွတွန့်လိမ်နေသည် ဆံပင်များကြားတွင် တွဲလောင်းခိုတွယ်နေသော မြွေရုပ်များကို ဦးခေါင်းပိုင်းတစ်ဝိုက်တွင် မြင်နိုင်လေသည်။

ကိုယ်ခန္ဓာပေါ်မှာတော့ တစ်ဖက်လျှင် လက်(၆)ချောင်း



www.burmeseclassic.com

စီနှင့် ဝဲယာလက်(၁၂)ချောင်းရှိသည်။

ထိုလက်များထဲတွင် ဓားရှည်၊ ဓားကောက်၊ လှံချွန်၊ ခတ်ရင်းခွဲများသော်လည်းကောင်း၊ ရှန်းရင်းကြမ်းတမ်းသော လူဦးများ၊ လူဦးခေါင်းပြတ် စသည်တို့ကို ကိုင်ထားသည်။

ရုပ်တု၏ လည်ပင်းတစ်ဝိုက်မှာမူ လူဦးခေါင်းခွံများတို့ကြိုးဖြင့်သီကုံးကာ ဆွဲပေးထားသည်။

တစ်ကိုယ်လုံးမှာတော့ အဝတ်မပါ ကိုယ်ခန္ဓာသက်သက်ချည်းသာ ဖြစ်ပေသည်။

ရှေးပဝေါင်း အိန္ဒိယသမိုင်းဟောင်းများအရ ကာလီနတ်ဖုရားမှာ ရှိဗာ(သီဝ)နတ်မင်း၏ မိဖုရားတစ်ပါးဖြစ်သည်ဆိုသဖြင့် ထိုအမည်နှင့်တွဲကာ ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

လူသားတို့၏အသက်များကို သတ်ဖြတ်သုတ်သင်ခြင်းကို နှစ်သက်သော နတ်ဖုရားမဖြစ်ပြီး ကြမ်းကြုတ်ရက်စက်သော သွင်ပြင်မျိုးလည်းရှိပေသည်။

ကျောက်ဂူထဲမှာတော့ ကာလီနတ်ဖုရားမ ရုပ်တုရှိနေပြီး မျက်လုံးမှာ အရောင်တောက်သော မဟူရာကျောက်များထည့်ထားသောကြောင့် အမှောင်ထဲမှာပင် အရောင်တလက်လက် တောက်ပနေရာ ရုတ်တရက်ကြည့်ပါက အသက်ဝင်နေသကဲ့သို့ ထင်ရလေသည်။

နတ်ဖုရားမရုပ်ထု၏ ဘေးဘက်မှာတော့ ကျောက်နံရံများသာရှိတော့သည်။

ထိုရှေ့မှာတော့ မီးဖိုသည့် ခွက်ကြီးများရှိသည်။ မီးတော့



ရှိပေ. . .။

အဘိုးကြီးချန္ဒရာ ခေါင်းဆောင်လာသော လူငါးယောက်တို့သည် ရုပ်တုရှေ့သို့ ရောက်သောအခါ ခေတ္တရပ်ကာအရိုအသေပေးလိုက်ကြသည်။

အဘိုးကြီးချန္ဒရာက အရိုအသေပေးကာ တိုင်တည်ဆုတောင်းနေစဉ် နောက်မှပါလာသော ရွာသားသုံးယောက်မှာများစွာကြောက်ရွံ့ထိတ်လန့်နေသောဟန်ဖြင့် ကြမ်းပြင်ပေါ်၌ပြားပြားဝပ်ကာ အရိုအသေပေးနေကြလေသည်။

ထို့နောက် ရုပ်တုနှင့် မနီးမဝေးနေရာသို့ သွားကြသည်။ ထိုနေရာတွင် ဂူပေါက်တစ်ပေါက်ရှိသည်။

အတွင်း၌ မှောင်မည်းနေသည်။

ရာဝဏ လက်ထဲမှာကိုင်ထားသော မီးတိုင်မှ မီးအလင်းရောင်က အတွင်းသို့မရောက်ပေ။

"ရာဝဏ. . မင်းလက်ထဲက မီးတိုင်ကို မီးငြိမ်းလိုက်ပါ၊ ဝိညာဉ်တွေကို ခေါ်တော့မယ်"

ဟု ချန္ဒရာကပြောသဖြင့် ရာဝဏက မီးတိုင်ကိုမီးငြိမ်းသတ်လိုက်သည်။

ထိုအခါ ဂူကြီးအတွင်းမှာ မည်သည့်အလင်းရောင်မှမရှိတော့ဘဲ ပိန်းပိတ်အောင်မှောင်ကျသွားလေတော့သည်။

ထိုသို့ မှောင်သွားသောအခါ သူတို့ရှေ့တွင်ရှိသော ဂူပေါက်အတွင်းမှ ငြီးငြူသံလိုလို စကားပြောသံလိုလို အသံများပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂူထဲတွင် အကျဉ်းကျနေသော ပရလောကသား
ရှိနေသည်။

၄င်းတို့သည် အဘိုးကြီးချန္ဒရာက ထွက်ခွင့်ပေးမှ ထွ
ကြရမည်ဖြစ်ပြီး ခွင့်မပေးပါက ထွက်၍မရကြပေ။

"မာလနဲ့ ဗာလ၊ ငါမှာထားတဲ့ အသားတုံးတွေ သေ
ခြာခြာထုပ်ယူလာခဲ့ရဲ့ မဟုတ်လား"

"ယူခဲ့တယ်ဆရာကြီး"

"အဲဒီအထုပ်တွေကို အပြင်ထုတ်ပြီး အဆင်သင့်
ထား"

ဟုပြောသဖြင့် မာလနှင့် ဗာလတို့နှစ်ယောက်က
တစ်ထားသော အသားများကို ဖက်ဖြင့်ထုပ်ထားသော အထု
နှစ်ထုပ်ကို အပြင်ထုတ်ကာ ချထားလိုက်သည်။

ပြီးတော့မှ အဘိုးကြီးချန္ဒရာက ကုလားဘာသာစကာ
ဖြင့် အောက်ပါအတိုင်း ရေရွတ်ပြောဆိုလေသည်။

"ဝိညာဉ်လှောင်အိမ်ထဲမှာ ရောက်နေသည့် ပရလော
ကသားအပေါင်းတို့၊ ငါတို့နတ်ဘုရားကျောင်းအတွင်းမှာရှိသေ
နတ်ဘုရားရုပ်တုမှ ဝိညာဉ်သွေး(ပတ္တမြား)ပျောက်နေသည်
သိတဲ့သူရှိရင် လာပြောပေးပါ၊ အစာလည်းကျွေးမယ်၊ ဒီလှော
အိမ်တွင်းမှ လွတ်ငြိမ်းချမ်းသာခွင့်လည်း ပေးမယ်. . ."

ဟုပြောလိုက်သောအခါ. . အတန်ကြာအောင် တိ
ဆိတ်ငြိမ်သက်သွားလေသည်။

ခဏကြာတော့မှ အတွင်းပိုင်းမှ ဖြူဖြူသဏ္ဌာန်တစ်





ပြင်သို့ထွက်လာသည်။

"ပြောနိုင်တဲ့ ဝိညာဉ်လား"

"ဟုတ်တယ်. . ."

အသံကိုတော့ တစ်နေရာမှ ကြားနေရခြင်းဖြစ်သည်။

"ဒါဖြင့် အပြင်ထွက်ခဲ့ပါ၊ သင့်အပေါ်မှာ ချုပ်နှောင်ထား
း အစီအရင်များကို ရုတ်သိမ်းပေးပါ့မယ်"

ထိုသို့လွတ်လပ်ခွင့်ပေးလိုက်တော့မှ အပေါက်ဝကို
ျော်ပြီး အပြင်ထွက်လာ၍ရလေသည်။

ဂူတစ်ဂူလုံး အမှောင်ထုကြီးက လွှမ်းနေသောကြောင့်
ညာဉ်၏ပုံရိပ်မှာ ထင်ထင်ရှားရှားပေါ်နေလေသည်။

လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ပင်ဖြစ်၏။

"မင်းသိတာတွေ ပြန်ပြောပြပါ"

"ရှေ့မှာရှိနေတဲ့ နံရံပေါ်ကိုသာကြည့်ပါ"

ဟု ဝိညာဉ်က ပြန်ပြောသဖြင့် နံရံရှိရာဘက်သို့ ကြည့်ကြ
သည်။ ပထမတော့ ဘာမှမမြင်ရပေ။

ခဏကြာတော့ ပုံရိပ်များပေါ်လာလေသည်။

(ယခုခေတ်ကာဆိုလျှင်တော့ အမှောင်ထဲတွင် ပိတ်
းပေါ်သို့ ပရိုဂျက်တာနှင့် ထိုးပြနေသည်နှင့်ပင် တူပေတော့
ည်။)

ဘုရားကျောင်းပျက်ကြီးရှိရာသို့ လူသုံးယောက်ရောက်
ကြသည်။

သစ်တောဝန်ထမ်းတစ်ယောက်နှင့် အလုပ်သမားနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တို့ဖြစ်သည်။

သစ်တောဝန်ထမ်းမှာ တောခေါင်းစံဖေ ဆိုသူဖြစ်ပြီ အလုပ်သမားနှစ်ယောက်ကတော့ ဘရွေးနှင့် မင်းဒင်တို့ဖြစ် သည်။

၄င်းတို့သုံးယောက်သည် သစ်တောကွက်များကို လို လံကြည့်ရှုစစ်ဆေးရင်းမှာ ဘုရားကျောင်းပျက်ကြီးရှိရာ ရောက်လာကြခြင်းဖြစ်သည်။

တောခေါင်းစံဖေကတော့ တစ်ခါမှ မရောက်ဖူးသဖြ အံ့သြနေသော်လည်း အလုပ်သမားနှစ်ယောက်ကတော့ ထို ရာသို့ ရောက်ခဲ့ဖူးကြသဖြင့် မအံ့သြတော့ပေ။

"ဘုရားကျောင်းပျက်ကြီးပါလား"

"ဟုတ်တယ်၊ ဒီနေရာတစ်ဝိုက်မှာ လူရိုင်းတွေနဲ့တူ လူတွေ နေကြတဲ့နေရာတွေရှိတယ်"

"အထဲမှာဘာရှိသလဲ"

"အထဲမှာ ဘာမှတော့ ထွေထွေထူးထူးမရှိပါဘူး န ရုပ်ကြီးတစ်ရုပ်တော့ရှိတယ်၊ အဲဒီနတ်ရုပ်ကြီးက နေရောင် ရောင်တွေအပေါ်က ထိုးကျလာရင် အနီရောင်တွေ ဖြာထွ လာတယ်လို့တော့ ပြောသံကြားဖူးပါတယ်"

မင်းဒင်က ထိုနယ်သားဖြစ်သောကြောင့် ကြားဖူးသ ပြန်ပြောပြလိုက်သည်။

တောခေါင်းစံဖေမှာ သစ်တောဝန်းထမ်းဘဝဖြင့် န ရပ်တကာနယ်တကာ လှည့်လည်သွားလာခဲ့ဖူးသူဖြစ်သေ



ကြောင့် အတွေ့အကြုံ ဗဟုသုတများလေသည်။

သူ့စိတ်ထဲမှာ ကျောက်တုံးကြီးဖြင့် ထုထားသော နတ် ပ်ကြီးမှ အနီရောင်အလင်းတန်းများ ဖြာထွက်သည်ဆိုသော ားကို များစွာစိတ်ဝင်စားမိလေသည်။

"ကျောက်တုံးကြီးကတော့ ဘယ်လိုနည်းနဲ့မှ အလင်း ရောင်မထွက်နိုင်ဘူး၊ တစ်ခုခုရှိနေလို့သာ အလင်းရောင် ထွက် ာဖြစ်မယ်၊ နေရောင်ခြည်နဲ့ထိလို့ အလင်းရောင်ထွက်နိုင်တာ ဆိုရင် အဖိုးတန်ကျောက်မျက်ရတနာတစ်ခုခုလည်း ဖြစ်နိုင် တယ်၊ အခြေအနေသိရအောင် စောင့်ကြည့်ရင်ကောင်းမယ်"

ဟုစိတ်ထဲမှာတွေးမိသဖြင့် ထိုနေရာတစ်ဝိုက်မှ အခြေ အနေစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သူတို့ရောက်သွားသောအချိန်က နံနက်ပိုင်းအချိန် ကျော်နေပေပြီ။ မကြာမီ နေမွန်းတည့်တော့မည်ဖြစ်သည်။

နေသာချိန်လည်းဖြစ်နေသောကြောင့် မွန်းတည့်ချိန် ရောက်ပြီး ဘုရားကျောင်းပေါ်သို့ နေရောင်ခြည်ထိုးကျလာပါက ထူးခြားမှုတွေ့ရလိမ့်မည်ဟုလည်း မျှော်လင့်မိသဖြင့် သင့်တော် သောနေရာမှ စောင့်ကြည့်ကြလေသည်။

သူတို့သုံးယောက်သည် ဘုရားကျောင်းနှင့် မနီးမဝေး သစ်ပင်များကြားမှာထိုင်ကာ အခြေအနေကို စောင့်ကြည့်ကြ လေသည်။

အတန်ကြာသောအခါ နေရောင်ခြည်က သစ်ပင်ချုံ များကိုကျော်ကာ ဘုရားကျောင်းပေါ်သို့ ရောက်လာကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တောခေါင်းစံဖေတို့လည်း စိတ်ဝင်စားစွာဖြင့် စော
ကြည့်ကြလေသည်။

သူတို့ကြည့်နေရင်းမှာပင် ဘုရားကျောင်းအပေါ် ဘ
အနီရောင်အလင်းများ ဖြာတက်လာလေသည်။

ညနေပိုင်းအချိန်၊ တိမ်တိုက်များကြားမှ ဆည်းဆာ
ရောင်များ ပေါ်လာသလိုမျိုး အနီရောင်များဖြစ်သည်။

"မင်းဒင်ပြောတာမှန်တယ်၊ ဟိုမှာ ဘုရားကျောင်းခေါင်
မိုးက အနီရောင်အလင်းတန်းတွေ ထွက်လာနေပြီ. . ."

စံဖေက ဝမ်းသာအားရ ပြောလိုက်သည်။

"အဲဒါဘာဖြစ်တာလဲ ဆရာ၊ နတ်ဘုရားရုပ်တုကြီး
ရောင်ခြည်ထွက်နေတာလား"

ဘရှေက တအံ့တသြမေးလိုက်သည်။

"မင်း တယ်အ,တာပဲ၊ ကျောက်တုံးကြီးနဲ့ထုထားတဲ့
ရုပ်တုကတော့ ရောင်ခြည်ထွက်ပါ့မလား၊ ကျောက်တုံးကြီးမှာ
ရှိနေတာ တစ်ခုခုကို နေရောင်ခြည်နဲ့ထိလို့ ထွက်လာတာ ဖြစ်မှာ
ပေါ့"

"ဘာဖြစ်မလဲဆရာ"

"အဖိုးတန်တဲ့ ကျောက်တွေဘာတွေ ဖြစ်နိုင်တယ်"

ထိုစကားကြောင့် အလုပ်သမားနှစ်ယောက် မျက်နှာ
ပေါ်မှာ လောဘအရိပ်အယောင်များ တက်လာကြလေတော့
သည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"





"အခြေအနေသိရအောင် နတ်ရုပ်တုကြီးရှိတဲ့ အပေါ်
ကို တက်ကြည့်ကြမှပဲသိရတော့မှာပေါ့"

"ဖြစ်ပါ့မလား၊ ဒီနေရာတစ်ဝိုက်မှာ လူရိုင်းတွေနေတယ်
လို့လည်း ပြောသံကြားမိတယ်"

ထိုစကားကြောင့် တောခေါင်းစံဖေက အတော်ကြာ
အောင်စဉ်းစားနေလေသည်။

"ဒါဖြင့် မိုးချုပ်တဲ့အထိ ဒီနေရာမှာ စောင့်နေမယ်၊
မှောင်သွားတော့မှ တက်ကြည့်ရင် မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် ကြောက်
စရာကောင်းတာတော့ အမှန်ပဲ"

"ဒီလောက်ကြောက်နေရင်တော့ မင်းတို့ ဘာမှဖြစ်လာ
မှာမဟုတ်ဘူး၊ ဆင်းရဲတဲ့ဘဝက လွတ်ချင်ရင်တော့ မင်းတို့ ငါ
ပြောတဲ့အတိုင်းသာလုပ်ကြ"

ဟုပြောဆိုပြီး သုံးယောက်သား နေဝင်ချိန် ရောက်သည်
အထိ ထိုနေရာမှာပင် စောင့်နေကြလေသည်။

ညဦးပိုင်းအချိန်ရောက်ပြီး စိတ်ချရတော့မှ. . ဘုရား
ကျောင်းပျက်အတွင်းသို့ဝင်ပြီး အခြေအနေကြည့်ကြသည်။

အခြေအနေကတော့ နေ့လည်ဘက်မှာ မြင်ရသည့် အ
တိုင်း ဘာမှမထူးခြားဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့ကြောင့် မင်းဒင်ကို အပေါ် တက်ကြည့်စေသည်။ မင်း
ဒင်လည်း ဓားတစ်လက်နှင့် လက်နှိပ်ဓာတ်မီးတစ်လက်ယူပြီး
ရုပ်တုအပေါ်သို့ တက်သွားလေသည်။ ကျောက်တုံးကြီးဖြင့် ထု



www.burmeseclassic.com

www.burmeseclassic.com



ထားတာဖြစ်သောကြောင့် အပေါ်သို့တက်ရသည်မှာ မခက်

လှပေ...။

အပေါ်ရောက်တော့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ အနီရောင်များ ဖြာတက်လာသည်။

ရုတ်တရက်တွင် လန့်ဖျပ်သွားသောကြောင့် လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်သည်။

နောက်တစ်ကြိမ်မီးဖွင့်ပြီး အသေအချာကြည့်သော အခါတွင် ရုပ်တုကြီးထိပ်ပေါ်တွင် မြှုပ်နှံထားသော ပတ္တမြားကြီးကို တွေ့ရလေတော့သည်။ ပတ္တမြားကြီးမှာ သာမန်လိမ္မော်သီး အရွယ်အစားလောက်ရှိသော လုံးချောကြီးဖြစ်သည်။

မင်းဒင်သည် ထွေထွေထူးထူး စဉ်းစားမနေတော့ ပါသွားသောဓားဖြင့် ပတ္တမြားကြီးကို ခက်ခက်ခဲခဲ ကော်ထုတ်ယူလေသည်။

ရုပ်တုပြုလုပ်ထားသော ကျောက်တုံးမှာ နှစ်ပရိစ္ဆေ ကြာခဲ့ပြီဖြစ်သောကြောင့် မာကျောမှုသိပ်မရှိလှသောကြော ဓားဖြင့်ကော်ယူ၍ ရခြင်းဖြစ်ပေသည်။

ပတ္တမြားကြီးရသောအခါ မင်းဒင်က အောက်သို့ ဆင်းလာပြီး ရလာသောပတ္တမြားကြီးအား တောခေါင်းစံဖေအား ပေးလိုက်သည်။

ပြီးနောက် သုံးယောက်သား အမှောင်ထဲသို့ ဝင်ရော ပျောက်ကွယ်သွားလေတော့သည်။

နံရံပေါ်မှာပေါ်နေသော ပုံရိပ်များလည်း ‌ဝေ့ဝါးပျော





ကွယ်သွားလေတော့သည်။

ထိုအခါ အဘိုးကြီးချန္ဒရာက အသားတုံးများကိုယူပြီး ဝိညာဉ်ပုံရိပ်ရှိသော နေရာဘက်သို့ ပစ်ပေးလိုက်ရာ ကောက်ယူပြီး စားသောက်နေသည်။

“လက်စသပ်တော့ နတ်ဘုရားရုပ်တုက ဝိညာဉ်သွေးကို သစ်တောအလုပ်သမားတွေ ဝင်ယူသွားတာကိုး..၊ ဘယ်လိုလုပ်မလဲအဘ...”

မြနှင်းဖြူက မေးလိုက်သည်။

“နတ်ဘုရားကျောင်းက ပစ္စည်းဖြစ်နေတော့ ပြန်ရအောင်တော့ ကြိုးစားရမှာပေါ့၊ ဒါပေမယ့် ဒီကိစ္စက ငါတို့ချည်းတော့ လုပ်နိုင်မှာမဟုတ်ဘူး၊ အကူအညီပေးနိုင်တဲ့သူ ရှာရမယ်”

ထိုစကားကြောင့် အားလုံးငြိမ်သက်သွားကြလေသည်။ နောက်မှ ရာဝဏက ပြောသည်။

“ကျွန်တော်တို့ ကြိုးစားပေးနိုင်ပါတယ်”

“မင်းတို့ချည်းလည်း မဖြစ်သေးဘူး၊ သစ်တော အလုပ်သမားတွေကို သိတဲ့လူ ပါမှဖြစ်မယ်၊ ဒါအပြင် ဝိညာဉ်ရဲ့ အကူအညီလည်း ယူရမယ်၊ မင်းအကူအညီပေးမလား”

အသားများကို စားသောက်နေသော ဝိညာဉ်က ခေါင်းညိတ်ပြသည်။

ထိုအခါ မြင်နှင်းဖြူက ဝင်ပြောလေသည်။

“ဒီကိစ္စကို ကျွန်မလည်း ပါဝင်ပါရစေ၊ ခွင့်ပြုပေးပါအဘ”



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်တော့များလှတယ်"

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်မက အကူအညီပေးနိုင်တဲ့သူကိုပဲ အရင်ရှာဖွေမှာပါ. . ."

"ကောင်းပြီလေ၊ ဆန္ဒရှိရင်လည်း လုပ်ပေါ့. ."

ဟု ခွင့်ပေးလေသည်။

ထို့နောက် အဘိုးကြီးချန္ဒရာက မနီးမဝေးမှာရှိနေသော ဝိညာဉ်ရှိရာဘက်သို့ ကြည့်ကာ. .

"ဒီကနေ့ကစပြီး မင်းကို လွတ်လပ်ခွင့်ပေးလိုက်ပြီ၊ သွားလိုရာသွားပေတော့၊ ဒါပေမယ့် နတ်ဘုရားရဲ့ ဝိညာဉ်သွေးကို ပြန်ရအောင်ရှာဖွေတဲ့အခါမှာတော့ မင်းအကူအညီပေးရမယ်၊ မင်းရဲ့နာမည်ကို အကျဉ်းသားဝိညာဉ်လို့ ပေးထားမယ်၊ မင်းအနေနဲ့ ဒီကိစ္စတွေကို ဝင်ရောက်အကူအညီမပေးဘဲ သွားချင်ရာသွားနေမယ်ဆိုရင်တော့ နောက်တစ်ကြိမ် ဝိညာဉ်လှောင်အိမ်ထဲ ပြန်နေရမယ်"

ဟုပြောလိုက်ရာ အမှောင်ထဲမှာပေါ်နေသော ဝိညာဉ်ပုံရိပ်လည်း ဝေ့ဝဲပျောက်ကွယ်သွားလေတော့သည်။

ထို့နောက် အဘိုးကြီးချန္ဒရာတို့ ငါးယောက်မှာလည်း ဝိညာဉ်လှောင်အိမ်ဟုခေါ်သော ဂူအတွင်းမှ ပြန်ထွက်လာကြပေသည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များက ဖုံးလွှမ်းနေလေသည်။

အပေါက်ဝနားရောက်တော့ မနီးမဝေးနေရာမှာရပ်နေ





သော ပုံရိပ်သဏ္ဌာန်တစ်ခုကို အားလုံးမြင်တွေ့ကြရလေသည်။

အဖြူရောင်ဆာရီကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

ညအမှောင်ထဲမှာပင် သူမ၏ ပုံရိပ်သဏ္ဌာန်ကို ထင်ရှားစွာမြင်နေကြရသည်။

ဆာရီနှင့် ဆံပင်ရှည်များက လေတိုက်နေသောကြောင့် တလူလူလွင့်နေသည်။

အတန်ကြာတော့ ထိုအမျိုးသမီးက ကျောက်နံရံများကို ဖောက်ထွင်းဝင်ရောက်ပြီး ပျောက်ကွယ်သွားလေတော့သည်။

အဘိုးကြီးချန္ဒရာတို့အတွက်ကတော့ ထိုမြင်ကွင်းမျိုးမှာ အဆန်းတကြယ်မဟုတ်ကြတော့ပေ. . . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၈ )

# ပတ္တမြားရှာဖွေနေသည့် ဝိညာဉ်အကျဉ်းသား

နတ်ဘုရား ရုပ်ထုကြီးမှ ပတ္တမြားကြီးကို ဖြုတ်ယူခဲ့ကြသော တောခေါင်းစံဖေတို့သုံးယောက်မှာလည်း စခန်းသို့ ပြန်ရောက်ကတည်းက အခြေအနေမကောင်းလှပေ။

၎င်းတို့ လုပ်ကိုင်နေသော သစ်တောစခန်းမှာ 'ကျွန်းညိုနောင်' သစ်တောစခန်းဖြစ်သည်။

၎င်းတို့ရောက်ခဲ့သော နတ်ဘုရားကျောင်းပျက်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းညီနောင်သစ်တောစခန်းပိုင်နက်အတွင်း၌ ရှိပေသည်။ ပတ္တမြားကြီးရလာပြီးနောက်ပိုင်းမှာတော့ တောခေါင်းစံဖေက ဘရွှေနှင့် မင်းဒင်တို့နှစ်ယောက်ကို သိပ်အရေးမဝင်တော့ပေ။

တောတွင်းသွားလျှင်လည်း ခေါ်မသွားတော့ပေ။

ပတ္တမြားကြီးရလာစဉ်ကတော့ ရောင်းချပြီးပါက သုံးယောက်အညီအမျှ ခွဲဝေယူကြမည်ဟု တောခေါင်းစံဖေက ကတိပေးထားခဲ့ပေသည်။ နောက်ပိုင်းတော့ ထိုသို့မဟုတ်ပေ။

ဘရွှေနှင့် မင်းဒင်တို့နှစ်ယောက်ကိုပင် သိပ်ပြီး အတွေ့မခံတော့ပေ။

တစ်ခါတစ်ရံ လူချင်းတွေ့သဖြင့် မေးသောအခါမှာလည်း. . .

"ဒီပစ္စည်းမျိုးက ချက်ချင်းရောင်းလို့ ရတာမျိုးမဟုတ်ဘူးကွ၊ တခြားလူတွေသိသွားရင် ငါတို့လုပ်တာတွေ ပေါ်ကုန်လိမ့်မယ်၊ နောက်တစ်ခုက အင်္ဂလိပ်အစိုးရအရာရှိတွေ သိသွားရင်လည်း တစ်ခါတည်း သိမ်းယူသွားလိမ့်မယ်၊ ဒါကြောင့် ဘယ်သူမှ မသိအောင် သိမ်းထားရတယ်၊ ဒီတစ်ခေါက် ခွင့်ရလို့ မြို့ကိုပြန်ခွင့်ရတော့မှပဲ မြို့မှာရောင်းမှရမယ်၊ ရောင်းပြီးမှပဲ မင်းတို့ဝေစုတွေ ခွဲဝေပေးလို့ရမှာပေါ့"

ဟုပြောလေသည်။

"မြို့သွားရင်ကော ကျွန်တော်တို့ နှစ်ယောက် တစ်ခါတည်းလိုက်ခဲ့ရမှာလား"

မင်းဒင်က မေးသည်။





"မင်းတို့လိုက်ခဲ့လို့ မဖြစ်ပါဘူး၊ ဒီလောက်အလုပ်တွေ အရေးကြီးနေတာ တောအုပ်ကြီးက ဘယ်ခွင့်ပေးပါ့မလဲ"

ဟုစကားကိုပိတ်ပြောသဖြင့် ဆက်မမေးတော့ပေ။ သို့သော် ဘရွှေနှင့် မင်းဒင်တို့နှစ်ယောက်ကတော့ စိတ်မဖြောင့်ပေ. . .။

နှစ်ယောက်သား အလုပ်လုပ်ရင်း၊ အရက်သောက်ရင်းနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ကြလေသည်။

"ငါတော့ ဒီလူကိုသိပ်စိတ်မချချင်တော့ဘူး"

"ဟုတ်တယ်၊ သူကြည့်ရတာ ငါတို့ကို ခွဲမပေးချင်တော့ပဲ သူတစ်ယောက်တည်း အပိုင်သိမ်းချင်တဲ့ အကြံအစည်ရှိနေပုံရတယ်"

"ပတ္တမြားကြီးကလည်း သူ့လက်ထဲမှာရောက်နေတာဆိုတော့ အခုမှတော့ ပြန်တောင်းလို့ရတော့မယ်မထင်ဘူး"

"ဒီတော့ ဘယ်လို လုပ်ကြမလဲ"

"ငါထင်တာပြောရရင်တော့ ဒီတစ်ခေါက်မြို့ကသင်္ဘော ရောက်လာရင် သူပြန်လိုက်သွားလိမ့်မယ် ထင်တာပဲ၊ ပြန်လိုက်သွားပြီးရင်လည်း ဒီနေရာကို ပြန်မလာတော့ဘူးလို့ ထင်တယ်"

မင်းဒင်းက သူထင်မြင်ထားသည်ကို ပြန်ပြောပြသည်။ ဘရွှေကလည်း အရက်သောက်နေရင်းမှ အကြံထုတ်နေလေသည်။

"သူမြို့ပြန်သွားရင်တော့ ငါတို့အတွက် မျှော်လင့်ချက်မရှိတော့ဘူး၊ ငါ့သဘောကတော့ ဖြစ်ချင်ရာဖြစ်. . သူပြန်မသွား



www.burmeseclassic.com

www.burmeseclassic.com

ခင် ပတ္တမြားကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ပြန်ယူချင်တာပဲ"

"အေး. . အဲဒါကောင်းတယ်၊ ငါတို့ဘဝတွေက ဒီထက်တော့ ပိုပြီးမဆင်းရဲတော့ပါဘူး၊ ငါတို့နှစ်ယောက် ဒီပတ္တမြားကို ပြန်ရရင်တော့ ဘဝအပြောင်းအလဲတွေ ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ ကြိုးစားကြတာပေါ့. . "

ဟုပြောဆိုတိုင်ပင်ကြလေသည်။

နောက်ပိုင်းရက်များမှာတော့ ဘရွှေနှင့် မင်းဒင်တို့ နှစ်ယောက်မှာ အလုပ်လုပ်ရင်း၊ သွားရင်းလာရင်းနှင့်ပင် တောခေါင်းစံဖေ အခြေအနေကို စောင့်ကြည့်ကြလေသည်။

စံဖေကလည်း ခေသူမဟုတ်ပေ။

အကျင့်တန်ဉာဏ်ရှိ ဆိုသလို သူလည်း သတိနှင့်နေသူဖြစ်ရာ ဘရွှေတို့နှစ်ယောက် အခြေအနေကို ရိပ်မိလေသည်။

ဖြစ်နိုင်လျှင်တော့ ပတ္တမြားကြီးကိုယူပြီး မြို့ကိုပြန်သွားချင်နေပြီ။

သို့သော် သူတို့ရောက်နေသောနေရာက စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် နေရာမျိုးဖြစ်သည်။

ရှေးအခါက မဲဇာအပို့ခံရလျှင် တစ်သက်တစ်ကျွန်း အပို့ခံရသကဲ့သို့ ယခုအခါမှာလည်း ထိုအတိုင်းပင် ရှိပေသေးသည်။

ဝေးလံသီခေါင်းလှပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာရန် မလွယ်ကူလှပေ။ သစ်တောစခန်းများရောက်နေကြသော သစ်တောဝန်ထမ်းများ၊ အလုပ်သမားများမှာ တစ်ကျွန်းအပို့ခံရသကဲ့သို့ ပြန်ချင်





တိုင်း ပြန်၍မရကြပေ။

မြို့မှ တစ်လတစ်ကြိမ် ဆေးဝါးနှင့်ရိက္ခာပို့သော. . သင်္ဘောများရောက်လာမှ ပြန်ခွင့်ရကြသည်။

ထိုသို့ပြန်ရာမှာလည်း အလှည့်ကျပြန်ကြရခြင်းဖြစ်ရာ သူတို့အလှည့်ရောက်ရန်အတွက် အတော်ပင် စောင့်ကြရသည်။

ယခုတောခေါင်းစံဖေမှာ ပတ္တမြားကြီးရပြီးကတည်းက မြို့သို့ပြန်ချင်နေလှပြီ။

သို့သော် သင်္ဘောမရောက်လာသေးသောကြောင့်. . မှိတ်မှိတ်ပြီး နေရခြင်းဖြစ်ပေသည်။

ထိုရက်များအတွင်းမှာလည်း ဘရွှေနှင့် မင်းဒင်တို့ နှစ်ယောက်အခြေအနေကို ရိပ်မိသဖြင့် သေနတ်ကို ကိုယ်နှင့်မကွာထားကာ သတိဖြင့်နေရလေသည်။

သူတို့ယူလာသော ပတ္တမြားကြီးတော့ သင့်တော်သောနေရာတွင် ထားရလေသည်။

တောခေါင်းများနေရန်အတွက် ဆောက်ပေးထားသော ဗိုလ်တဲမှာ တောင်ကုန်းပေါ်မှာရှိသည်။

ဗိုလ်တဲပေါ်မှာ တောအုပ်ကြီးနေပြီး၊ အခြားအဆောင်ခန်းလျားများမှာတော့ တောခေါင်းများက ကိုယ့်အခန်းနှင့်ကိုယ်နေကြရသည်။

ပျဉ်ကာ၊ ပျဉ်ခင်း၊ သက္ကယ်မိုး အဆောက်အအုံများဖြစ်ကြလေသည်။

သစ်တောအလုပ်သမားများကတော့ အတော်ဝေးဝေး


www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ဝါးတဲကြီးများထိုးပြီး နေကြရသည်။

ဆင်သမား၊ ကျွဲသမားများလည်း သူတို့နေရာနှင့်သူ စုဖွဲ့ပြီးနေကြလေသည်။

ဘရွှေနှင့် မင်းဒင်တို့နှစ်ယောက်မှာလည်း အလုပ်သမားများနှင့်ပင် ရောနှောကာ နေကြရသည်။

တစ်ညမှာတော့ မင်းဒင်တစ်ယောက် အရက်မူးမူးနှင့် အိပ်ပျော်နေရာမှ လန့်နိုးလာလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် သစ်တောစခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေချေပြီ. . . ။

ထိုအချိန်ရောက်မှ နိုးလာသော မင်းဒင်မှာ အပေါ့အပါးသွားချင်သောကြောင့် တဲအနောက်ဘက်သို့ ဆင်းသွားလေသည်။

တဲအနောက်ဘက်မှာတော့ ဝါးရုံတောများရှိပြီး ထိုနေရာများမှာတော့ အပေါ့အပါးသွားသောနေရာများ ပြုလုပ်ထားသည်။

မင်းဒင်မှာ အိပ်ချင်မူးတူးနှင့် ထလာပြီး အပေါ့အပါးသွားနေရင်းနှင့် ဝါးရုံတောထဲမှ ခြေသံလိုလိုကြားသောကြောင့် မျက်လုံးပြူးသွားသည်။

ထိုနေရာဘက်သို့ ညအချိန်ရောက်မှ အစာရှာထွက်လာလေ့ရှိသော ကိုးတောင်ကျားကြီးများက မကြာခဏ ရောက်လာလေ့ရှိရာ သူ့စိတ်ထဲမှာ တောကောင်တစ်ကောင် ရောက်





လာပြီဟု ထင်လိုက်မိသဖြင့် အပေါ့အပါးသွားနေခြင်းကို လက်စသတ်ကာ နေရာမှထလိုက်သည်။

ထိုအချိန်တွင် ဝါးရုံတောတွင်းမှ တစ်စုံတစ်ခုထိုးထွက်လာလေသည်။ တောကောင်တစ်ကောင်တော့မဟုတ်ပေ။

တစ်ကိုယ်လုံး အဝတ်မည်းကြီး ခေါင်းမြီးခြုံထားသောသူတစ်ယောက်ပင်ဖြစ်သည်။

အမှောင်ထဲမှာဖြစ်သောကြောင့် မျက်နှာကို မမြင်ရသော်လည်း သူတို့စခန်းမှ အလုပ်သမားတစ်ယောက် မဟုတ်မှန်းတော့ သလိုက်လေသည်။

တောထဲမှာ ထွက်လာသောသူက မင်းဒင်နှင့် မနီးမဝေးမှာရပ်တံ့လိုက်သည်။

"ဘယ်သူလဲ"

မင်းဒင်ကမေးလိုက်သောအခါ အသံသြသြဖြင့် ပြန်ဖြေသည်။

"အကျဉ်းသားဝိညာဉ်"

"ဟင်. . ."

ပြန်ပြောသောစကားအဓိပ္ပါယ်ကို ကောင်းစွာမသိသော်လည်း ဝိညာဉ်ဆိုသောစကားကြားလိုက်ရသဖြင့် သာမန်မဟုတ်မှန်းတော့ သိလိုက်သည်။

"ဘာ. . ဘာလုပ်မလို့လဲ"

"ဝိညာဉ်သွေးက မင်းဆီမှာလား"

"ဝိညာဉ်သွေးဆိုတာ ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နတ်ဘုရားကျောင်းကယူသွားတဲ့ ပစ္စည်းများကို တာ. . "

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

ထိုအတူ စိတ်ထဲမှာလည်း ကြောက်ရွံ့စိတ်များဖြစ် လာလေတော့သည်။

မင်းဒင်အဖြစ်က ခိုးထုပ်ခိုးဘည်ဖြင့် လက်ပူးလက်ကြ အမိခံနေရသကဲ့သို့ဖြစ်နေသည်။

"မ. . . မရှိပါဘူး"

ထိုသို့ ပြောလိုက်သောအခါ အမှောင်ရိပ်ထဲမှာ ရပ် သော သူ့ထံမှ လက်တစ်ဖက် အပြင်သို့ ထွက်လာသည်။

သာမန်လက်မျိုးတော့မဟုတ်ပေ။

တဖြည်းဖြည်း ရှည်ထွက်လာသော လက်တံရှည်ကြီး ပင်ဖြစ်ပေသည်။ ထိုလက်တံရှည်ကြီးက မင်းဒင်မျက်နှာနား ထိ ရောက်လာပြီး လည်ပင်းကိုညှစ်လိုက်သည်။

"အစ်. . . အစ်. . "

မင်းဒင်မှာ ယက်ကန်၊ ယက်ကန် ဖြစ်နေပြီး ဘယ်ထို ရုန်းမရပေ. . . ။

စိတ်ထဲမှာလည်း ဒီတစ်ခါတော့ သေပြီဟု ထင်လိုက် သည်။ သို့သော် လက်တံရှည်သရဲက သူ့ကို မသတ်သေးပေ

"မင်းဆီမှာ မရှိတာမှန်တယ်"

ဟုပြောကာ အောက်သို့ ပြန်ချပေးခဲ့ကာ အမှောင်ရိ ထဲသို့ ပြန်ဝင်သွားလေတော့သည်။





ဒီတော့မှ ကြောက်ကြောက်လန့်လန့်နှင့် တဲရှိရာဘက် သို့ ပြန်ပြေးရလေသည်။

ထိုညကတော့ မင်းဒင်တစ်ယောက် အိပ်မရတော့ပေ။ ခုထိ နာနေသေးသောလည်ပင်းကို လက်ဖြင့်စမ်းကြည့်ရင်း း ထိတ်လန့်ကြောက်ရွံ့နေလေသည်။

နောက်တစ်နေ့ မိုးလင်းတော့ ဘရွှေရှိသောတဲသို့ သွား သသည်။

ထိုကဲ့သို့ ရောက်တော့မှ သူထက်ပိုပြီး အခြေအနေဆိုး သော ဘရွှေအခြေအနေကို တွေ့ရလေတော့သည်။ အိပ်ယာ ပေါ်မှပင် မထနိုင်တော့ပေ. . . ။

"ဘရွှေ. . . ဘာဖြစ်တာလဲ"

ထိုအခါ လူတစ်ယောက်က ပြောပြသည်။

"ငါတို့လည်း မသိပါဘူးကွာ၊ အိပ်ပျော်နေတုန်း အော် ကြားလို့ ထွက်ကြည့်တော့ တောစပ်မှာ ပုံရက်သားလဲကျနေ တာတွေ့ရတာပါပဲ၊ သူ့မေးကြည့်တော့ သူ့ကို သရဲထောင်းသွား တာလို့တော့ ပြောတာပဲ"

ထိုစကားကြားတော့မှ မင်းဒင်စိတ်ထဲမှာ ပိုပြီးကြောက် စိတ်များဝင်လာတော့သည်။

ဘရွှေတစ်ယောက်လည်း ညက သူကြုံသလိုကြုံတွေ့ခဲ့ သည်ဖြစ်ကြောင်းလည်း သဘောပေါက်မိလေသည်။

နေ့လည်ဘက်အချိန် ဘရွှေသတိပြန်ရလာတော့ အ အားမှာဘယ်သူမှ မရှိခင် အခြေအနေကိုမေးကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘရွှေ . . မင်း ဘာဖြစ်တာလဲ"

"ညက အပေါ်အပါးဆင်းသွားနေတုန်း သရဲထောင်း ခံလိုက်ရတာ ကံကောင်းလို့ မသေတယ်"

"မင်းကိုထောင်းသွားတာ အဝတ်မည်းကြီးခြုံထား သရဲမဟုတ်လား"

"ဟုတ်တယ်၊ မင်းဘယ်လို သိတာလဲ"

"ငါလည်း ညက လည်ပင်းအညှစ်ခံရသေးတယ်၊ ဒီမှာ ကြည့်ပါလား"

မင်းဒင်က သူ့လည်ပင်းမှာ ထင်ကျန်နေသေးသော အညိုအမည်းစွဲနေသည့် လက်ငါးချောင်းရာကြီးများကို ပြလို သည်။

"ဒါဖြင့် ညတုန်းကမင်းလည်း ငါ့လိုပဲကြုံခဲ့ရသေးတာ ပေါ့။ သူ့နာမည်က အကျဉ်းသားဝိညာဉ်လို့ ပြောသွားသေးတယ်"

"ဟုတ်တယ် . . ဟုတ်တယ်"

"အဲဒီသရဲက . . ငါတို့ယူလာတဲ့ ပတ္တမြားကြီးကိုလာ တောင်းနေတယ်၊ ငါတို့ဆီမှာမှမရှိတာ ဘယ်လိုလုပ်ကြမလဲ"

"ရှိတဲ့လူဆီသွားတောင်းလိမ့်မပေါ့ကွာ . . "

ဟု ဘရွှေကတော့ ပေါ့ပေါ့ပင်ပြောလိုက်လေသည်။

ထိုသတင်းကိုကြားတော့ တောခေါင်းစံဖေမှာ နေစရာ မရှိအောင် ကြောက်လန့်နေတော့သည်။

သို့သော်လည်း သူ့အတွက်ကတော့ ပြေးစရာမြေမ သောအခြေအနေမျိုး ဖြစ်နေလေသည်။





သို့ကြောင့် ညနေပိုင်း အလုပ်သိမ်းလာသည်နှင့် တတ်နိုင်သမျှ အပြင်မထွက်တော့ဘဲ တံခါးပိတ်ထားကာ အခန်းထဲမှာ င် နေလေသည်။

ညအိပ်ကာနီးလျှင်လည်း အရက်မူးအောင်သောက်ပြီး အိပ်လေသည်။

သုံးရက်ခန့်ကြာသောအခါမှာတော့ ညဉ့်နက်ပိုင်းအချိန်ရောက်တော့မှ အိပ်ပျော်ရာမှ ပြန်နိုးလာလေသည်။ သူ ဘာကြောင့်ပြန်နိုးလာသည်တော့ မသိပေ။

ထိုအချိန်တွင် အပြင်၌ လေပြင်းများတိုက်ခတ်နေသောကြောင့် ဂျက်မထိုးထားသော ပြတင်းတံခါးများက ပိတ်လိုက်ပွင့်လိုက် ဖြစ်နေသည်။

သို့ကြောင့် နေရာမှထကာ . . ပြတင်းပေါက်ရှိရာသို့ လျှောက်သွားလေသည်။

ထိုနေရာရောက်တော့မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှာ ရပ်နေသည် မည်းမည်းသဏ္ဌာန်ကြီးကိုတွေ့ရလေသည်။

"ဟင် . . . "

ထိုအခါမှ ကြောက်လန့်တကြားနှင့် ပြတင်းတံခါးကို ပိတ်လိုက်လေသည်။ တံခါးဂျက်များကို အသေအချာထိုးပြီးသည့်တိုင် ကြောက်စိတ်က မပြေသေးသောကြောင့် တစ်ကိုယ်လုံး တတုံ့ကရင် ဖြစ်နေလေသည်။

ချက်ခြင်း မင်းဒင်နှင့် ဘရွှေတို့နှစ်ယောက်၊ သရဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသည်ဆိုသော အကြောင်းများက ခေါင်းထဲရောက် လာပြန်သည်။

"သရဲက ဟိုနှစ်ယောက်နဲ့တွေ့ပြီးလို့ ငါ့ဆီကိုလာတာ များလား မသိဘူး၊ ငါဘယ်လိုလုပ်ရပါ့မလဲ"

ဟုတွေးနေစဉ် ရှေ့ဘက်မှပိတ်ထားသော တံခါးက သူ့ အလိုအလျောက် ပွင့်သွားလေတော့သည်။

ကြည့်လိုက်တော့ တံခါးပေါက်ဝမှာတော့ ဘာမှမတွေ့ ရပေ။ ထို့ကြောင့် တံခါးကို ပြန်ပိတ်ရန် သွားတော့မှ အပြင်မှာ ရောက်နေသူက အတွင်းဝင်လာလေတော့သည်။

ခေါင်းမြီးခြုံထားသော သရဲပင်ဖြစ်၏။

ထိုအခြေအနေကိုမြင်တော့ စံဖေက ကြောက်လန့်တ ကြားနှင့် နောက်သို့ဆုတ်သွားလေသည်။

ပွင့်နေသော တံခါးကလည်း သူ့အလိုအလျောက် ပြန် ပိတ်သွားလေသည်။

စံဖေက နောက်သို့ဆုတ်သွားတော့ ခေါင်းမြီးခြုံထား သော သရဲက ရှေ့သို့တိုးလိုက်သည်။

ကုတင်နားရောက်တော့ ဆက်သွားစရာမရှိတော့ပေ။

"မင်း ဘယ်သူလဲ"

စံဖေက ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက် သည်။

"အကျဉ်းသား ဝိညာဉ်"

"ငါ့ဆီကို ဘာလာလုပ်တာလဲ"





"ဝိညာဉ်သွေးကို ပြန်ပေးပါ"

"ဝညာဉ်သွေးဆိုတာဘာလဲ"

"နတ်ဘုရားကျောင်းက ဖြုတ်ယူသွားတဲ့ ပတ္တမြားကို ပြောတာ. . ."

"ငါ့ဆီမှာမရှိဘူး၊ မဲဇာမြိုင်သစ်တောစခန်းက တော ခေါင်းတစ်ယောက်ကို ပေးထားတယ်"

"ပတ္တမြားကို ပြန်ပေးပါ"

"ငါ့ဆီမှာ မရှိတော့ဘူး"

ထိုသို့ပြောသည်နှင့် ခေါင်းမြီးခြုံသရဲထံမှ လက်နှစ်ဖက် ထွက်လာပြီး လည်ပင်းကို ညှစ်လိုက်သည်။

"အစ်. . အစ်. ."

"ပတ္တမြား ပြန်ပေးပါ. . ."

ပြန်မပြောနိုင်တော့ပေ. . .။

နောက်တော့ လက်တံရှည်များဖြင့်ညှစ်ကာ သတ်ဖြတ် လိုက်လေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်သည်အထိ တောခေါင်းစံဖေတစ်ယောက် အပြင်သို့ ထွက်မလာသဖြင့်. . တံခါးဖွင့်ပြီး ကြည့်သောအခါ ကြမ်းပြင်ပေါ်မှာ ခွေခွေကလေး လဲကျသေဆုံးနေသော စံဖေအလောင်းကိုသာ စိတ်မကောင်းစွာ ဖြင့် တွေ့ကြရသည်။

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ပွနေပြီး ပါးစပ် တွင်းမှ သွေးများအန်ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်တစ်နေရာမှာတော့ ထူးထူးခြားခြား သွေးဖြင့် ရေးထားသော စာကြောင်းများကို တွေ့ကြရသည်။

" အနီသွေးကိုမှ မရသေးရင်
သွေးအနီကိုပဲ ယူမယ်..
သွေးစုပ်ဖြိုက္ကာ "

ဟူသောစာပင်ဖြစ်တော့သည်။

ထူးထူးဆန်းဆန်း ရေးထားသော သွေးစာ၏ အဓိပ္ပါယ်ကိုတော့ ကျွန်းညီနောင် သစ်တောအုပ်ကြီး အပါအဝင် ဘယ်သူမှ အဖြေထုတ်မပေးနိုင်ခဲ့ကြပေ. . . ။





# အခန်း ( ၉ )

# ကြိုလင့်မျှော်ရသော ဝိညာဉ်သွေး

တောခေါင်းစံဖေတစ်ယောက် ရုပ်ပျက်ဆင်းပျက် အသတ်ခံရပြီးနောက်မှာတော့ ကျွန်းညီနောင် သစ်တောဝန်းတစ်ခုလုံး များစွာထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

လူအချင်းချင်း သတ်ဖြတ်ခံရ၍သော်လည်းကောင်း၊ ရောဂါကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရာကြောင့်သော်လည်းကောင်း သေဆုံးရသည်ဆိုပါက. . . ထိုမျှ



www.burmeseclassic.com

www.burmeseclassic.com



လောက် ကြောက်ရွံ့ကြမည်မဟုတ်ပေ။

ယခုတော့ သရဲဝင်သတ်သဖြင့် သေရသည်ဆိုသော စကားကြောင့် ထိုမျှလောက် ကြောက်ရွံ့ထိတ်လန့်နေကြခြင်း ဖြစ်သည်။

သရဲသတ်သည်ဆိုသော စကားကလည်း အကြောင်းမဲ့တော့ ပေါ်ပေါက်လာသည်မဟုတ်ပေ။

ထိုရက်မတိုင်ခင်ကပင် ထိုစခန်းမှာရှိသော မင်းဒင်နှင့် ဘရွှေတို့နှစ်ယောက်ကို လက်တံရှည်သရဲတစ်ကောင်က ဝင်ပြီး လည်ပင်းညှစ်ခဲ့သည်ဆိုသောသတင်းနှင့် ဆက်စပ်ပြီး ထိုကဲ့သို့သောသတင်းမျိုး ထွက်ပေါ်လာခဲ့ခြင်းပင်ဖြစ်ပေသည်။

"သရဲသတ်တယ်ဆိုတာရော ဟုတ်ပ့ါလေား"

တချို့ကလည်း သံသယနှင့်မေးကြသည်။

"ဘာကြောင့်မေးတာလဲ"

"သရဲက သတ်ချင်သတ်သွားမှာပေါ့၊ ကြမ်းပြင်ပေါ်မှာတော့ စာတွေဘာတွေ ရေးထားခဲ့မယ် မထင်ဘူး၊ ငါကြားဖူးတာတော့ သရဲတစ္ဆေတွေက သူတို့ပြောစရာရှိရင် လူတွေကို ဝင်ပူးပြီး ပြောလေ့ရှိတယ်၊ အခုလို စာနဲ့ရေးတာမျိုးတော့ မကြားမိသေးဘူး"

အတော်အတန် ဗဟုသုတရှိသော တောခေါင်းတစ်ယောက်က သူ၏ထင်မြင်ယူဆချက်ကို ပြောပြလေသည်။

"မင်းကလည်း ကြံကြံဖန်ဖန် . . ဒါဖြင့် ဘယ်လိုထင်နေလို့လဲ"





"လူက သရဲလိုအယောင်ဆောင်ပြီး ဝင်သတ်တာပဲလို့ ထင်တာပဲ"

"ဒါဖြင့် ဘယ်သူဖြစ်မလဲ"

"ဒါတော့ ဘယ်သိပ့ါမလဲ၊ ဒါပေမယ့် မင်းသတိထားမိသလား၊ ငါတို့စခန်းမှာ ရှေ့ဆင့်နောက်ဆင့် သရဲခြောက်ခံနေကြရတဲ့ တောခေါင်းစံဖေရယ်၊ မင်းဒင်ရယ်၊ ဘရွှေရယ်က ဟိုရက်တွေတုန်းက တတွဲတွဲနေကြတာ မဟုတ်လား"

"အင်း . . ဒါတော့ ဟုတ်တယ်"

"ငါ့အထင်ပြောရရင်တော့ သူတို့သုံးယောက်နဲ့ ပက်သက်တဲ့အကြောင်း တစ်ခုခုရှိလိမ့်မယ်၊ ငါထင်တာမှန်ရင်တော့ မကြာဘူး ဟိုနှစ်ယောက်ပါ သေကြလိမ့်ဦးမယ်"

တောခေါင်း၏စကားကြောင့် ကျန်တစ်ယောက်က ပခုံးနှစ်ဘက် တွန့်ပြလိုက်လေသည်။

"ကြောက်စရာပဲ. . ."

ထိုကဲ့သို့ တွေးတောဆင်ခြင်နေကြသူများရှိသလို စခန်းကို သရဲဝင်သတ်သည်ဆိုသဖြင့် အကြောက်ကြီး ကြောက်နေကြသူများလည်း ရှိကြလေသည်။

တောခေါင်းစံဖေ သေဆုံးသွားပြီး တစ်ပတ်ကျော်ခန့် အချိန်ကြာသောအခါတွင် ဘရွှေတစ်ယောက် တောထဲမှာ သစ်ပင်လှဲရင်းနှင့် သစ်ပင်ပိပြီး သေဆုံးသွားခဲ့လေသည်။

သေဆုံးပုံကလည်း အတော်ပင်ဆန်းကြယ်သည်။ ကျွန်းပင်ကြီးတစ်ပင်ကို အခြားအဖော်တစ်ယောက်နှင့် လှဲနေစဉ် သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်လဲကာနီးတော့မှ သစ်ပင်လဲကျမည့်ဘက်သို့ မော့ကြည့်ပြီး

"သရဲသတ်တာတော့ အသေမခံဘူး၊ သစ်ပင်ပိခံပြီး တော့ပဲ သေတော့မယ်"

ဟုပြောကာ သစ်ပင်လဲကျမည့်ဘက်မှာ သွားထိုင်နေလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ အဖော်ဖြစ်သူက မျက်လုံးပြူးသွားပြီး စိုးရိမ်တကြီး လှမ်းခေါ်လေသည်။

"ဘရွှေ..ဘာလုပ်တာလဲ သစ်ပင်လဲတော့မယ်၊ မြန်မြန်ထလာခဲ့..မင်း ရူးနေပြီလား"

"ငါမရူးဘူး၊ ဒီအတိုင်းနေလည်း မကြာခင် သရဲလာသတ်လို့ သေရတော့မှာပဲ၊ သေရတာချင်း တူရင်တော့ အခုလိုသေရတာ ကောင်းတယ်"

ဟုပြောပြီး ထိုင်မြဲထိုင်နေလေသည်။

ထိုအချိန်မှာပင် ပင်ခြေဖြတ်ထားပြီးသော ကျွန်းသစ်ပင်ကြီးက ဘရွှေထိုင်နေသောဘက်သို့ တအိအိနှင့် လဲကျသွားလေတော့သည်။

အဖော်ဖြစ်သူမှာ မကြည့်ဝံ့သောကြောင့် မျက်စိပိတ်ထားရလေသည်။

ကျွန်းသစ်ပင်ကြီးမှာ ကြီးလှသောကြောင့် လဲကျသွားသောအသံမှာ တစ်တောလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။ သစ်တောထဲတွင် သစ်ပင်ကြီးတစ်ပင်လဲလျှင် ပတ်ဝန်းကျင်မှာရှိနေကြသော အခြားသစ်ပင်များလည်း ကျိုးပဲ့ပျက်စီးမှုများလေ





ရာ အသံများက တော်တော်နှင့်မငြိမ်ဘဲ ကြားနေရသည်။

အသံများငြိမ်သက်သွားတော့မှ..ကျန်အဖော်တစ်ယောက်က မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်းသစ်လုံးကြီးအောက်မှာ ဖားတစ်ကောင်ကဲ့သို့ ပြားနေပြီဖြစ်သော ဘရွှေအလောင်းကိုသာ စိတ်မကောင်းစွာ တွေ့မြင်ရလေတော့သည်။

ဘရွှေသေသွားပြီးနောက်မှာ သစ်တောစခန်းအခြေအနေမှာ တစ်နေ့တခြား ဆိုးဝါးလာလေတော့သည်။ ညအချိန်ရောက်လာသည်နှင့် အခြားသရဲများအပြင် အစိမ်းသေသေခဲ့ကြသော စံဖေ၊ ဘရွှေစသောသူတို့ကပါ လာရောက်ခြောက်လှန့်ကြသဖြင့် နေ့လည်းမအိပ်ရ၊ ညလည်း ကောင်းကောင်းမနေရဖြစ်နေကြသည်။

နောက်တော့..တောအုပ်ကြီး ဦးဘညိုက မင်းဒင်ကိုခေါ်မေးလေသည်။

"မင်းဒင် မင်းတို့တောထဲမှာ ဘာတွေ အမှားအယွင်းလုပ်ခဲ့ကြတယ်ဆိုတာ ငါ့ကိုအမှန်အတိုင်းပြောပြပါ"

ထိုသို့မေးသောအခါ မင်းဒင်လည်း ကြောက်ကြောက်လန့်လန့်နှင့် အကြောင်းစုံပြောပြရလေသည်။

ထိုစကားကြားသောအခါ တောအုပ်ကြီး ဦးဘညိုမှာဆေးပြင်းလိပ်ကြီးကို ဖွာနေရင်းမှ စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်လေသည်။

"မလုပ်သင့်တာလုပ်ပြီး မယူသင့်တဲ့ပစ္စည်း ယူခဲ့ကြတာ၊ ဒီလိုပစ္စည်းတွေက ဘယ်တော့မှ ဒီအတိုင်းထားတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး အစောင့်အရှောက်တွေ ကျိန်စာတွေနဲ့ ထားတာများတယ် ယူရင်သေတာပဲ”

ထိုသို့ပြောသောအခါ မင်းဒင်က မျက်နှာငယ်ကလေးဖြင့် ကြည့်နေလေသည်။

“ဒါဖြင့် မင်းတို့ယူတဲ့ ပတ္တမြားက ဘယ်မှာလဲ”

“တောခေါင်းကိုစံဖေ ယူထားတယ်”

“သူသေသွားပြီဆိုတော့ ဘယ်မှာရှာမလဲ”

“ကျွန်တော်သတင်းကြားတာကတော့ ပတ္တမြားက သူ့ဆီမှာ မရှိတော့ဘူး၊ မဲဇာမြိုင်သစ်တောစခန်းက သူမိတ်ဆွေတစ်ယောက်ဆီမှာ လူကြုံနဲ့ပို့ပေးထားတယ်လို့တော့ သတင်းကြားတယ်”

ထိုစကားကြားတော့ တောအုပ်ကြီးက ဆေးပြင်းလိပ်ကြီးကို တွင်တွင်ဖွာပြီး အတော်ကြာအောင် စဉ်းစားနေလေသည်။ ပြီးမှ. . .

“မင်းကို ဒီစခန်းမှာဆက်ထားရင်လည်း တစ်နေ့မဟုတ်တစ်နေ့ သေမှာမုချပဲ၊ ငါ မင်းကို မဲဇာမြိုင်သစ်တောစခန်းကို ပြောင်းပေးမယ်”

ဟုပြောရာ မင်းဒင်မှာ ထိုစကားကြားသောအခါ များစွာဝမ်းသာသွားလေသည်။

“ဝမ်းသာလိုက်တာ တောအုပ်မင်းရယ်၊ ကျေးဇူးတင်လိုက်တာဗျာ”

“တစ်ခုတော့ရှိတယ်၊ ဟိုရောက်တဲ့အခါ ပတ္တမြားက





ဘယ်သူ့လက်ထဲရောက်နေတယ်ဆိုတာ စုံစမ်းရမယ်၊ စုံစမ်းလို့ရတာနဲ့ ငါ့ကိုအကြောင်းကြားပေတော့”

“ကောင်းပါပြီး တောအုပ်မင်း”

“တစ်ခုတော့ ရှိတယ်နော်၊ ဒီကိစ္စကို ဟိုရောက်တဲ့အခါ ဘယ်သူမှမသိစေနဲ့ ကြားလား”

“ဟုတ်ကဲ့. . ”

ထို့နောက် ရိက္ခာပို့ပေးသော သင်္ဘောရောက်လာသောအခါ အပြန်တွင် မင်းဒင်ကို မဲဇာမြိုင်သစ်တောစခန်းသို့ ပို့ပေးလိုက်လေတော့သည်။

ကျွန်းညီနောင် သစ်တောစခန်းမှာတော့ တောခေါင်းစံဖေနှင့် ဘရွှေတို့ သေဆုံးသွားကြပြီး မင်းဒင်လည်း တောပြောင်းသွားခဲ့ပြီးနောက်မှာတော့ ယခင်ကဲ့သို့ ခြောက်လှန့်မှုများ သိပ်မရှိတော့ဘဲ အေးချမ်းစွာ လုပ်ကိုင်ကြရလေတော့သည်။

မင်းဒင်အဖို့မှာလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို အခြေအနေမျိုး ဖြစ်သွားခဲ့ပေသည်။

တစ်ချက်က မနေချင်သော သစ်တောစခန်းမှ ထွက်ခဲ့ရပြီး၊ နောက်တစ်ချက်ကတော့ သူတို့ယူခဲ့သော ပတ္တမြားကိုရှာဖွေရန် အခွင့်အရေးတစ်ခု ထပ်ရခြင်းပင်ဖြစ်တော့သည်။

မဲဇာမြိုင်သစ်တောစခန်းမှ နီမောင်တို့ အလုပ်လုပ်နေသော စခန်းဖြစ်သည်။

ထိုသစ်တောစခန်းမှာ ပထမတော့ ဘာမှအန္တရာယ်မရှိဘဲ အေးအေးချမ်းချမ်းပင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြာသေးမီရက်ပိုင်းကမှ ထိုစခန်းမှာ တာဝန်ထမ်းဆောင်နေသော တောခေါင်းသောင်းရွှေတစ်ယောက် အသတ်ခံခဲ့ရပေသည်။

သစ်ကွက်များအတွင်း လှည့်လည်စစ်ဆေးရင်းမှ တစ်စုံတစ်ယောက်က သတ်ဖြတ်သွားခြင်းဖြစ်သည်။

ဝမ်းဗိုက်ကိုဖွင့်ပြီး သွေးများဖြင့် ကျောက်တုံးပေါ်မှာ စာရေးထားခဲ့သည်။

" ဘနီသွေးကိုမှ မရသေးရင်
သွေးဘနီကိုပဲယူမယ်..
သွေးစုပ်ပြိတ္တာ "

ဟူသောစာပင်ဖြစ်လေသည်။

ထိုအဖြစ်အပျက်မှာ မင်းဒင်ပြောင်းရွှေ့လာပြီးနောက်မှ ဖြစ်ပွားခြင်းဖြစ်ရာ မင်းဒင်တစ်ယောက် များစွာထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

သူ့အဖြစ်က ပြိတ္တာများကိုကြောက်သဖြင့် ထွက်ပြေးရာ ငရဲတွင်းသို့ကျသည်နှင့် တူနေတော့သည်။

"ကျွန်းညီနောင်စခန်းမှာ တောခေါင်းကိုစံဖေကို သတ်ခဲ့တဲ့ သွေးစုပ်ပြိတ္တာက ဒီနေရာကိုလည်း ရောက်နေပြန်ပြီ၊ ငါ သွားရာနောက်ကိုများ တစ်ကောက်ကောက် လိုက်နေရောသလားမသိဘူး"

ဟုလည်း တွေးမိလေသည်။

ယခုအခြေအနေကတော့ မင်းဒင်အတွက် ပတ္တမြား





ကြောင်း စုံစမ်းနိုင်ဖို့နေနေသာသာ သွေးစုပ်ပြိတ္တာလက်ချက်နှင့် အသက်မထွက်အောင်သာ သတိထားနေရပေတော့မည်။

တောခေါင်းသောင်းရွှေ သေဆုံးသောအမှုကိုတော့ င်းတော်ဂါတ်ထဲမှ အင်စပယ်တော်ကျော်စွာနှင့် ဆားပုလင်း ောင်ကြီးတို့နှစ်ယောက် ခေါင်းဆောင်သော ပုလိပ်အဖွဲ့က လာရောက်စုံစမ်းနေကြလေသည်။

သို့သော်. . အဖြေတော့မရကြသေးပေ။

အင်စပက်တော်ကျော်စွာမှာလည်း မဲဇာမြိုင်သစ်တောခန်းသို့သော်လည်းကောင်း. .၊ မောရမြိုင်ရွာသို့သော်လည်းကောင်း မကြာခဏဆိုသလို လာရောက်စစ်ဆေးရာ နီမောင်တို့ သားစုနှင့်ပင်ရင်းနှီးနေလေပြီ။ ထိုကဲ့သို့ ရင်းနှီးခင်မင်လာသည့်အမျှ အိမ်သို့အဝင်အထွက်လည်း များလာလေရာ နီမောင်တို့ သာမကဘဲ နှင်းမေနှင့်ပါ ခင်မင်နေတော့သည်။

မဲဇာမြိုင်သစ်တောစခန်းသို့ ရောက်လာသော မင်းဒင် နီမောင်တို့သုံးယောက်နှင့်တွဲပြီး အလုပ်လုပ်ရလေသည်။

တစ်နေ့တော့ မင်းဒင်က နီမောင်ကိုမေးသည်။

"နီမောင် ဟိုတောခေါင်းက ဘာကြောင့်အသတ်ခံရ ာလဲ"

"ကျွန်တော်တို့လည်း မသိဘူး"

"ငါက ကျွန်းညီနောင် သစ်တောစခန်းကပြောင်းလာခဲ့ ာ ဟိုစခန်းမှာနေတုန်းကည်း တောခေါင်းတစ်ယောက် အခု ပဲ အသတ်ခံရတာကို တွေ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုတော့ နီမောင်တို့ သုံးယောက်စလုံး စိ
ဝင်စားသွားကြသည်။

"ပြောပြပါဦးဗျ. . "

"အဲဒီတောခေါင်းနံမည်က ကိုစံဖေတဲ့၊ သူလည်း သ
သတ်လို့သေတာလို့ ပြောသံကြားရတယ်၊ သူသေတော့ ကြမ်းပြ
ပေါ်မှာ သွေးတွေနဲ့ အဲဒီလိုစာမျိုး ရေးထားခဲ့တယ်"

"ဘယ်လိုစာမျိုးလဲ. . . "

"ငါလည်း သိပ်တော့မမှတ်မိဘူး၊ အနီသွေးကို မရခေ
ရင် သွေးအနီကိုယူမယ့် ဆိုလားပဲ၊ နောက်ပြီး သွေးစုပ်ပြိ
လို့လည်း ရေးထားသေးတယ်"

နီမောင်စိတ်ထဲမှာ များစွာအံ့ဩသွားလေသည်။

အဘယ်ကြောင့်ဆိုသော် မင်းဒင်ပြောပြသောစာ
တောခေါင်းသောင်းရွှေ သေသောနေရာတွင် ရေးသားသေ
စာနှင့် တစ်ထေရာတည်း တူနေသောကြောင့်ဖြစ်ပေသည်။

"ဟိုက တောခေါင်းက ဘာကြောင့်သေတာလဲ"

"သရဲသတ်လို့သေတာလို့ပဲ ငါသိတယ်၊ ကျန်တာ
မသိဘူး၊ ဒါထက် ဒီကတောခေါင်းကရော ဘယ်လိုကြောင့် ေ
တာလဲ"

"ပုလိပ်တွေကတော့ စုံစမ်းနေတုန်းပဲ၊ သေသေချာ
တော့ မသိရသေးဘူး"

"သေပုံချင်းတော့ စာရေးထားတာချင်းရော တူနေ
သွေးစုပ်ပြိတ္တာဆိုတဲ့ သရဲကပဲ လိုက်သတ်နေတာဖြစ်ချင် ဖြ





ပေါ့"

ဟုပြောပြီး ထွက်သွားလေသည်။

နီမောင်က ကျော်စွာနှင့်တွေ့သောအခါ ထိုအကြောင်း
များကို ပြန်ပြောပြလိုက်သည်။

"မင်းဒင်က ဘယ်ကနေပြောင်းလာတာလဲ"

"ကျွန်းညီနောင်စခန်းက ပြောင်းလာတာ၊ ဟိုမှာ တော
ခေါင်းတစ်ယောက် သေတာလည်း တောခေါင်းသောင်းရွှေ သေ
တာနဲ့ တစ်ပုံစံထဲလို့ ပြောတယ်၊ နောက်ပြီး သွေးနဲ့စာရေးခဲ့တာ
လည်း အတူတူပဲလို့ပြောသေးတယ်"

"ဒီလိုဆိုရင်တော့ ဒီနှစ်ခုက ဆက်စပ်မှုရှိနိုင်တယ်၊ မင်း
တို့က သူ့အခြေအနေကို မသိမသာအကဲခတ်ကြည့်ထားပေ
တော့၊ ငါ တောအုပ်ကြီးနဲ့တွေ့ပြီး မေးစရာရှိတာလေးတွေ မေး
ကြည့်လိုက်ဦးမယ်. . "

ဟုပြောကာ အင်စပယ်တော်ကျော်စွာက တောအုပ်
ကြီး ဦးဖူးညိုနှင့် သွားရောက်တွေ့ဆုံကာ သိချင်သောအချက်
များကို မေးမြန်းကြည့်လေသည်။

အထူးသဖြင့် တောခေါင်းသောင်းရွှေနှင့် ပတ်သက်
သည့် မှတ်တမ်းများပင်ဖြစ်သည်။

ဦးဖူးညိုက သဘောမနေကောင်းသူဖြစ်သောကြောင့်
တွမ်းတမြုံ့မြုံ့ဝါးရင်းမှ သိချင်တာများ ပြောပြလေသည်။ ထို
အချက်များထဲတွင် တောခေါင်းသောင်းရွှေနှင့် တောခေါင်း သင်
တန်းတက်သူများစာရင်းတွင် ကျွန်ညီနောင်စခန်းမှာ တော



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစံဖေ၏ နာမည်ကို တွေ့ရလေသည်။

သူတို့နှစ်ယောက် များစွာခင်မင်ရင်းနှီးကြပြီး သစ်တော တာဝန်များထမ်းဆောင်ကြရာမှာလည်း အတူတူပင်ဖြစ်ကြလေ သည်။

“ကျွန်းညီနောင်စခန်းကရော ဘာတွေသတင်းကြား သေးသလဲ တောအုပ်ကြီး”

“တစ်လောကတော့ အလုပ်သမားတစ်ယောက် ဒီကို ပေးလိုက်တယ်၊ စာထဲမှာအကျိုးအကြောင်းရေးထားတာတော့ သူတို့စခန်းက တောခေါင်းစံဖေတစ်ယောက် အသတ်ခံရလို့ သေသွားပြီဆိုတာတော့ပါတယ်”

ဟုပြောပြသည်။

ထိုအချက်များကို သိရသောအခါ အင်စပက်တော် ကျော်စွာမှာ များစွာကျေနပ်သွားလေတော့သည်။

တစ်ညမှာတော့ အလုပ်သမားများနေသော တဲတန်း လျားများဘက်မှ စူးစူးဝါးဝါး အော်သံများ ကြားကြရသဖြင့် အခြားသူများပါ သွားရောက်ကြည့်ကြရာ မကြာသေးခင်က ရောက်လာသော မင်းဒင်တစ်ယောက် တဲအနောက်ဘက် အ ပေါ့အပါးသွားနေရာတွင် ခွေခွေကလေးလဲကျနေသည်ကို တွေ့ ကြရသည်။

သတိမေ့နေသော်လည်း အသက်မသေသေးပေ။ ထို့ ကြောင့် တဲပေါ်သယ်ယူလာပြီး သတိပြန်ရအောင် ဝိုင်းဝန်းပြု ကြတော့မှ သတိပြန်ရလာသည်။





သတိပြန်ရလာသော်လည်း နံဘေးနားမှာရှိနေသော အ လုပ်သမားများကို ကောင်းစွာမမှတ်မိတော့ဘဲ မျက်လုံးအပြူး သားနှင့် စူးစူးဝါးဝါး အော်ဟစ်နေတော့သည်။

“ကယ်ကြပါဦး. . လုပ်ကြပါဦး၊ ဒီအတိုင်းနေရင်တော့ သရဲသတ်လို့ သေရပါတော့မယ်၊ ဒါတင်မကသေးဘူး၊ သူတို့လို ချင်တာ မရရင်တော့ ဒီမှာရှိတဲ့လူတွေကိုလည်း တစ်ယောက် ပြီးတစ်ယောက် သတ်တော့မယ်၊ လုပ်ကြပါဦး”

ဟုအသံနက်ကြီးဖြင့် အော်နေတော့သည်။

နံဘေးနားမှာရှိနေကြသူများက မေးသော်လည်း ဘာမှ ပြန်မပြောနိုင်ဘဲ မျက်လုံးအပြူးသားဖြင့်ကြည့်ကာ ထိုအတိုင်း သာ အော်နေတော့သည်။

အလုပ်သမားများလည်း ညအချိန်ကြီးဖြစ်သောကြောင့် အခြားဘာမှ မတတ်နိုင်ကြပဲ ထိုအတိုင်းသာ ကြည့်နေရပေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

## နတ်ဘုရားကျောင်းမှ သရဲဖမ်းပေးမည်သူ

တစ်နေ့သ၌ နေ့လည်ပိုင်းအချိန်တွင် မောရမြိုင်ရွာတွင် ထိုဆာဒူးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော အဘိုးကြီးတစ်ယောက် ဝင်ရောက်လာလေသည်။ ၎င်းထံမှ ကြီးမားသောလွယ်အိတ်ကြီးတစ်လုံးနှင့် တောင်ဝှေးရှည်တစ်ချောင်းတော့ ပါလာသည်။

ဆံပင်ရှည်များနှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ် ဖုံးကျနေသောကြောင့် မျက်နှာပင်မပေါ်တော့ချေ။ ငှင်းသည် ရွာထဲသို့ဝင်လာပြီး အလျှုခံသည့်သဘောဖြင့် တစ်အိမ်ပြီးတစ်အိမ် လိုက်ရပ်လေရာ အိမ်မှာရှိကြသူများကလည်း မိမိတို့မှာရှိသော အစားအသောက်များကို ထွက်လှူကြလေသည်။

နီမောင်တို့ အိမ်ရှေ့ရောက်တော့ အိမ်ရှေ့သစ်ပင်ကြီးအောက်မှာ ပြုလုပ်ထားသော ခုံတန်းလျားပေါ်မှာ ဝင်ထိုင်ပြီးနားနေလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်. . .

ထိုအချိန်၌ နီမောင်က အိမ်မှာရှိနေလေသည်။

နှင်းမေက ဆာဒူးကြီးအတွက် အစားအသောက်အချို့သွားပေးထားပြီး ဖြစ်သည်။

ထိုသို့ပေးသောအခါ ရေသောက်ချင်သည်ဟု ပြောသဖြင့် နှင်းမေက အစ်ကိုဖြစ်သူကို ပြောသည်။

“အစ်ကို ကုလားအဘိုးကြီးတစ်ယောက် ဟိုရှေ့တန်းလျားမှာ ထိုင်နေတယ်၊ ရေသောက်ချင်တယ်လို့ ပြောနေတယ်”

“အေးအေး. . ငါသွားပို့ပေးလိုက်မယ်”

ဟုပြောကာ သောက်ရေတစ်ခွက်ခပ်ပြီး အဘိုးကြီးထိုင်နေသောနေရာသို့ လျှောက်သွားလေသည်။

အနားရောက်တော့ ရိုရိုသေသေနှင့်ပင် ပေးလိုက်သည်။ အဘိုကြီးက တစ်ချက်မော့ကြည့်ပြီး ရေခွက်ကို လှမ်းယူကာ သောက်သည်။

“မင်းနာမည် ဘယ်သူလဲ”





“နီမောင်ပါ၊ အဘက ဘယ်ကလာတာလဲ”

“ငါကတော့ ဒီလိုပဲလျှောက်သွားနေတော့ နေရာအနှံ့ရောက်နေတာပါပဲ၊ ဒီဘက်တောတွေထဲက ဖြတ်လာတုန်းက ထူးခြားတာတွေတောင် တွေ့ခဲ့ရသေးတယ်”

ထိုသို့ပြောသဖြင့် စိတ်ဝင်စားသောကြောင့် တန်းလျားပေါ်မှာ ဝင်ထိုင်လိုက်သည်။

“ဘယ်လိုထူးခြားတာတွေလဲ အဘ. . .”

“ငါလာတော့ မင်းတို့အလုပ်လုပ်နေတဲ့ တောထဲမှာရော မင်းတို့နေတဲ့ ရွာပတ်ဝန်းကျင်မှာရော သရဲသဘက်တွေရောက်နေတာ တွေ့ခဲ့ရတယ်”

“ဟင်. . .”

“သရဲတစ္ဆေတွေကတော့ နေရာတကာမှာ ရှိနေကြတာပါပဲ၊ ဒါပေမယ့် အခုတွေ့ခဲ့ရတဲ့ သရဲတစ္ဆေတွေက ဒီနေရာတွေမှာ နေကြတာတွေမဟုတ်ဘူး၊ တခြားနေရာက တောပြောင်းလာကြတာပေါ့ကွာ. . .”

“သူတို့က ဘာကြောင့်တောပြောင်းလာကြတာလဲ”

“သရဲတစ္ဆေတွေလာမှတော့ ကောင်းတာတွေတော့ ဘယ်လုပ်ပေးကြပါ့မလဲ၊ သူတို့လာတာ လူတွေသတ်ဖြတ်ဖို့ပဲပေါ့၊ ဒါထက် အခုတလော ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ သရဲတစ္ဆေတွေ သက်ချက်ကြောင့် သေတာတွေ မကြားမိဘူးလား”

“ရှိတယ်အဘ၊ တစ်လောက တောခေါင်းတစ်ယောက်သေသွားပြီးပြီ၊ အလုပ်သမားတွေလည်း မကြာခဏ သရဲသ



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွေ ဝင်ရောက်ဒုက္ခပေးတာကို ခံနေကြရတယ်. . ”

ထိုစကားကြားတော့ ဆာဒူးအဘိုးကြီးက ခေါင်းညိတ်ပြလေသည်။

“အဲဒါတွေက ဘာကြောင့်ဖြစ်နေတာလည်း အဘ”

“အကြောင်းမဲ့တော့ ဘယ်လာပါ့မလဲ၊ ဒီလိုလာပြီး ဒုက္ခပေးတယ်ဆိုတာ သူတို့မှာလည်း အကြောင်းတစ်ခုခုရှိလို့သာဖြစ်မှာပေါ့၊ ဒီအတိုင်းသာဆိုရင်တော့ ဒီနေရာတစ်ဝိုက်တွေမှာ နောက်ထပ် လူတွေ သေကြရပေလိမ့်ဦးမယ်”

ထိုစကားကြားသောအခါ နီမောင်မှာ များစွာစိုးရိမ်ထိတ်လန့်သွားလေသည်။

“အဲ. . အဲဒါ ဘယ်လိုလုပ်ရမလဲ အဘ၊ နည်းလမ်းလေးဘာလေးရှိရင် ပေးခဲ့ပါ၊ ဒါမှမဟုတ် အဘလုပ်နိုင်ရင်လည်း လုပ်ပေးခဲ့ပါ. . . ”

“ဝိညာဉ်တွေနဲ့ သက်ဆိုင်တာတွေလုပ်တဲ့အခါမှာ ဒီအတိုင်းလုပ်လို့မရဘူး၊ အပေးအယူနဲ့မှ လုပ်လို့ရတယ်”

“အဲဒါဘယ်လိုမျိုးလဲ”

“သူ့ဆီက တစ်ခုယူရင် ကိုယ်ဆီက တစ်ခုပြန်ပေးရတယ်ဆိုတဲ့ သဘောပါပဲ၊ မင်းက ဒါတွေစိတ်ဝင်စားလို့လား”

ဟုမေးလေသည်။

“ဟုတ်ကဲ့ စိတ်ဝင်စားပါတယ်”

“ဒီအတိုင်းနေရင်တော့ လူတွေ မကြာခဏသေကြဦးမှာပဲ၊ အဲဒါတွေကို မင်းလုပ်မပေးချင်ဘူးလား”





“လုပ်တော့လုပ်ပေးချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုလုပ်ရမယ်ဆိုတာမှ မသိတာ. . ”

“မင်းစိတ်ဝင်စားရင်တော့ ငါပြောပြပါ့မယ်၊ တခြားတော့မဟုတ်ဘူး၊ ငါက အရပ်တကာလှည့်နေတဲ့ သူဆိုတော့ ဒီကိစ္စတွေကို လုပ်မပေးနိုင်ဘူး၊ လုပ်ပေးနိုင်တဲ့သူရှိတဲ့နေရာတော့ လမ်းညွှန်ပေးနိုင်တယ်”

“သူက ဘယ်သူလဲ၊ ဘယ်နေရာမှာရှိတာလဲ”

“သူက တောနတ်ထဲက ဘုရားကျောင်းပျက်ကြီးမှာရှိတယ်၊ သူ့ဆီသွားပြီး အကူအညီတောင်းရင်တော့ သူက အခုလာပြီး ဒုက္ခပေးနိုင်တဲ့ ဝိညာဉ်တွေသရဲသဘက်တွေကို ဖမ်းဆီးပေးနိုင်တယ်”

ထိုစကားကိုတော့ နီမောင်အနေဖြင့် များစွာစိတ်ဝင်စားလေသည်။

တစ်ကယ်တော့ နီမောင်က သူလုပ်နေသော အလုပ်နှင့်မတူဘဲ ဘာမှမပတ်သက်သည့် ထူးထူးခြားခြား ကိစ္စများကိုစိတ်ဝင်စားသူတစ်ယောက်ပင်ဖြစ်ပေသည်။ သူ့စိတ်ထဲတွင် စခန်းမှာဖြစ်ပျက်နေသော အဖြစ်အပျက်များနှင့် ပတ်သက်သည့် အကြောင်းများကိုလည်း သိချင်နေသည်။

ယခုဆိုလျှင်တော့ မမျှော်လင့်ဘဲ သိခွင့်ရပေတော့မည်။ ငြိမ်သက်ပြီး စဉ်းစားနေသော သူ့ကိုကြည့်ပြီး ဆာဒူးအဘိုးကြီးကမေးလိုက်လေသည်။

“မင်းလုပ်နိုင်ပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လုပ်ပါ့မယ်"

ဟုပင် ကတိပေးလိုက်လေသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် သရဲတစ္ဆေတွေကို ဖမ်းပေးနိုင်တဲ့ မဟူရာဒေဝီ ရှိတဲ့နေရာကို ငါလမ်းညွှန်ပေးလိုက်မယ်၊ သူနဲ့တွေ့တဲ့အချိန်မှာလည်း မင်းကိုလက်ခံအောင် ငါပစ္စည်းတစ်ခု ပေးလိုက်ပါ့မယ်"

နီမောင်စိတ်ထဲမှာတော့ "မဟူရာဒေဝီ"ဆိုသောနာမည်က ပွဲတင်ထပ်နေလေသည်။

ထို့နောက် ဆာဒူးအဘိုးကြီးက တောနက်ထဲမှာရှိသော ဘုရားကျောင်းပျက်ကြီးရှိသောနေရာသို့ ဘယ်သို့ဘယ်ပုံ ရောက်အောင်သွားရမည့် လမ်းများကို ပြောပြလေရာ နီမောင်ကလည်း သေချာစွာပင် မှတ်သားထားလေသည်။

ပြောပြပေးပြီးတော့မှ ၎င်းလွယ်ထားသော လွယ်အိတ်ကြီးအတွင်းမှ အရာဝတ္ထုတစ်ခုကို ထုတ်ပေးသဖြင့် လှမ်းယူပြီး ကြည့်လိုက်သည်။

အနက်ရောက်ကျောက်ဖြင့် ထုလုပ်ထားသော ကာလီနတ်ရုပ်တုမှာ သုံးလက်မလောက်ပင်ရှိသော်လည်း အတော်ပင် အလေးချိန်စီးလှသည်။

လက်ထဲသို့ရောက်လာသောအခါ လျှပ်စီးကြောင်း ဝင်သွားသကဲ့သို့ တစ်ကိုယ်လုံး ပြန့်နှံ့သွားသည်ဟုပင် စိတ်ထဲမှ ထင်လိုက်မိလေသည်။

"မဟူရာဒေဝီနဲ့တွေ့တဲ့ခါမှာ ဒီရုပ်တုကို ပြလိုက်ပေ





တော့. . ၊ ဒီရုပ်တုကို သူမြင်ရင် ငါလွှတ်လိုက်တယ်ဆိုတာသိပြီး မင်းကို အကူအညီပေးပါလိမ့်မယ်"

ဟုပြောဆိုပြီးနောက် ဆာဒူးအဘိုးကြီးက နေရာမှပြန်ထပြီး ထိုနေရာမှ တရွေ့ရွေ့ထွက်သွားလေတော့သည်။

နီမောင်လည်း အဘိုးကြီးပေးထားခဲ့သော အရုပ်ကို တစ်လှည့် တရွေ့ရွေ့ထွက်သွားသော အဘိုးကြီးကိုကြည့်ရင်း နေရာမှာပင် ကျန်ခဲ့လေသည်။

နောက်တော့မှ သူ့အနေဖြင့် ကတိတစ်ခုပေးခဲ့မိသော အဖြစ်ကို သတိပြန်ရလေသည်။

ပေးခဲ့သောကတိကလည်း လွယ်ကူသော ကတိမျိုးတော့ မဟုတ်ပေ။

သူလုပ်ပေးရမည့်ကတိက ဝိညာဉ်များ၊ သရဲတစ္ဆေများနှင့်သက်ဆိုင်သော ကတိမျိုးဖြစ်နေသည်။

ထို့ကြောင့် လွယ်လွယ်နှင့်တော့ လုပ်၍ရမည်မဟုတ်ပေ။

သူတစ်ယောက်တည်းနှင့်တော့လည်း ဖြစ်မည်မထင်သောကြောင့် ရုပ်တုလေးကိုယူပြီး ဆရာကြီး ဦးဗန်ကောင်းဆီသွားရလေသည်။

"နီမောင်ပါလား. . လာဟေ့"

ဦးဗန်ကောင်းက ဆေးထောင်းနေရင်းမှ လှမ်းခေါ်လေသည်။

နီမောင်က ဦးဗန်ကောင်းရှိသောနေရာအထိသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုလေးကိုပြလိုက်သည်။

ဦးဇန်ကောင်းက ရုပ်တုလေးကိုယူပြီး အသေအချာ ကြည့်သည်။

လက်ဝါးပေါ်တင်လျှင် မျက်စိမှိတ်ကာ အာရုံပြုကြည့် သည်။ ပြီးမှ သူထင်မြင်ချက်ကို ပြောလေသည်။

"ဒါက သာမန်အလှထုလုပ်ထားတဲ့ ရုပ်တုမဟုတ်ဘူး အစီအရင်နဲ့ပြုလုပ်ထားတဲ့ အရုပ်ဖြစ်တယ်၊ ဒါကြောင့် ဒီရုပ်ထု မှာ ဝိညာဉ်တစ်ခုပူးကပ်နေတဲ့ အသက်ရှိတယ်၊ မင်းဘယ်နေရာ က ရခဲ့တာလဲ"

ဟုပြောပြီး ပြန်ပေးလေသည်။

"ဆာဒူးအဘိုးကြီးတစ်ယောက်နဲ့တွေ့လို့ သူပေးသွား တာပါ"

နီမောင်က. . ဆာဒူးအဘိုးကြီး ပြောသွားသောအ ကြောင်းများကို ပြောလိုက်လေသည်။

ဦးဇန်ကောင်းက စကားဆုံးအောင်နားထောင်ပြီး သူ ထင်မြင်ချက်ကို ပြောပြသည်။

"ဒါက သာမန်တိုက်ဆိုင်မှု မဟုတ်ဘူး၊ ဆာဒူးတွေက လည်း ဒီနေရာမျိုးတွေကို ရောက်လာလေ့မရှိဘူး၊ မင်းနဲ့တွေ့ ရအောင် တမင်လာခဲ့တာပဲဖြစ်မယ်"

"ဘာအတွက်လဲဟင်"

"အခု မင်းကိုခိုင်းသွားတဲ့ကိစ္စပဲ ဖြစ်မှာပေါ့၊ ကတိပေး လိုက်ပြီဆိုတော့ မင်းလုပ်ရမှာပဲ"





"လုပ်တာတော့ လုပ်ဝံ့ပါတယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးတွေ ကို ကျွန်တော်က သိပ်နားမလည်ဘူး၊ ဆရာကြီးပါလိုက်ပေးမှ ပဲ ဖြစ်မယ်ထင်တယ်"

ထိုစကားကြားတော့ ဦးဇန်ကောင်းကလည်း မဆိုင်း တွေပင် ပြန်ပြောလေသည်။

"လိုက်ဆိုတော့လည်း လိုက်ပေးပါ့မယ်၊ ငါကည်း ဒါမျိုး တွေဆိုရင် စိတ်ဝင်စားပါတယ်"

"ဒါထက် ဆရာကြီးကို မေးရဦးမယ်၊ ဆာဒူးအဘိုးကြီး ပြောသွားတဲ့ သရဲတစ္ဆေတွေကို ဖမ်းဆီးချုပ်နှောင်ထားလို့ တ တယ်ရသလားဟင်"

ထိုသို့မေးသောအခါ ဦးဇန်ကောင်းက ဆေးထောင်းနေ ခြင်းကိုရပ်တန့်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့သောက်လေ သည်။ ပြီးမှပြောပြသည်။

"ပရလောကသားတွေထဲမှာ နတ်တွေ၊ သရဲတစ္ဆေတွေ လည်း အားလုံးပါတယ်၊ ရုပ်ခန္ဓာမမြင်ကြရပေမယ့် နာမ်ခန္ဓာ တွေနဲ့ နေကြတယ်၊ ဒါကြောင့် သူတို့ကိုလည်း အပြစ်ရှိလို့ သက် ဆိုင်ရာအထက်ပုဂ္ဂိုလ်တွေက ဖမ်းဆီးချုပ်နှောင်ထားရင် ဘယ်မှ သွားခွင့်မရဘဲ အကျဉ်းသားဘဝမျိုးနဲ့ နေကြရတာတွေရှိတယ်၊ ပုဂံပြည်ကောင်းစားစဉ်က နတ်တွေကိုလှောင်ထားတဲ့. . နတ် လှောင်ကျောင်းဆိုတာ ရှိတယ်. . ."

ပုဂံတွင် နတ်လှောင်ကျောင်းရှိသည်။ ငကျွဲနားတောင်း ဘုရား၏ တောင်ဖက်ကပ်လျက်တွင် တည်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမြို့ရှိ တစ်ခုတည်းသော ဟိန္ဒူဘုရားကျောင်းလည်း ဖြစ်ပေသည်။ ထိုဟိန္ဒူဘုရားကျောင်းတွင် လဲလျောင်းနေသော ဗိဿနိုးနတ်မင်းကြီး၏ ရုပ်တုလည်းရှိပေသည်။

အနော်ရထာမင်းလက်ထက်က နတ်များကိုပိတ်လှောင်ထားခဲ့သောနေရာဖြစ်သည်ဟုလည်း အယူရှိခဲ့ကြသည်။

"နတ်တွေကိုတောင် ဖမ်းဆီးချုပ်နှောင်ထားလို့ ရတယ်ဆိုရင် သရဲတစ္ဆေတွေကိုည်း ဖမ်းဆီးချုပ်နှောင်ထားလို့ ပိုရတာပေါ့၊ ဘာကြောင့်လည်းဆိုရင် သရဲတစ္ဆေတွေက နတ်တွေထက်ပိုပြီး လူတွေနဲ့ နီးစပ်မှုရှိကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"သာမန်လူတွေအနေနဲ့ မမြင်အပ်မမြင်သင့်လို့ မမြင်ကြရပေမယ့် ကိုယ်ရဲ့ပတ်ဝန်းကျင်မှာ အများကြီးရှိကြတယ်... ဥပမာပြောရရင် မီးခိုးငွေ့တွေ ထူပိန်းနေတဲ့အထဲကို လူတိုးထွက်သွားရင် နောက်မှာ မီးခိုးငွေ့တွေလူးလွန့်ပြီး ကျန်ခဲ့သလိုမျိုး လောက်ကို များကြတယ်"

"သနားစရာပါပဲ"

"သစ်ပင်တစ်ပင်ပေါ်မှာဆိုရင် နေရာမလပ်အောင် နေကြရတယ်၊ ဒါကြောင့် သစ်ပင်တစ်ပင်လှဲတော့မယ်ဆိုရင် အဲဒီမှာနေကြတဲ့ သူတွေကို နေရာရွှေ့ပေးပြီးမှ လှဲကြရတယ်"

"မှန်ပါတယ် ဆရာကြီး"

"စုန်းကဝေပညာတတ်တဲ့သူတွေ၊ အောက်လမ်းပညာတတ်တဲ့သူတွေက သရဲတစ္ဆေတွေကို ဖမ်းဆီးချုပ်နှောင်ပြီး





ခိုင်းလိုရှိရာ စေခိုင်းကြတယ်၊ ဒါကြောင့် သရဲတွေကိုဖမ်းတယ်၊ ဖမ်းထားတဲ့သရဲတစ္ဆေတွေကို စေခိုင်းလို့ရတယ် ဆိုတာတွေက ရှေးကတည်းက ရှိခဲ့တာပဲ"

ဟု ပြောပြလေသည်။

"ဒါဖြင့် ဆာဒူးအဘိုးကြီးပြောပြသွားတဲ့ မဟာရာဒေဝီဆိုတဲ့ မိန်းကလေးက ဒီနေရာမှာလာပြီး နှိပ်စက်နေတဲ့ သရဲတစ္ဆေတွေ ဖမ်းဆီးပေးနိုင်တယ်ဆိုတာ တကယ်ဖြစ်မှာပေါ့နော်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဖြစ်နိုင်စရာရှိပါတယ်"

"ဒါဖြင့် ကျွန်တော်တို့ သွားကြရမှာပေါ့၊ ဆရာကြီးလည်း လိုက်မှာမဟုတ်လား"

"လိုက်ရမှာပေါ့၊ ဒီအခွင့်အရေးမျိုးက အတော်ကိုရခဲတာဆိုတော့ လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ"

ဟုပြောလိုက်လေသည်။

နီမောင်လည်း ဦးဇန်ကောင်းထံမှ ထိုစကားကြားရသာအခါ များစွာအားရှိသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၁ )

# နာနာဘာဝမှုဆိုးနှင့် သရဲဗမ်းဓါဂိရိယာ

ကမ္ဘာ့နေရာအနှံ့အပြားတွင် ဝိညာဉ်များနှင့် ပတ်သက်ပြီး အထူးသဖြင့် တစ္ဆေသရဲများနှင့် ပတ်သက်ပြီး သုတေသနပြုနေကြသူ အတော်များများရှိကြလေသည်။

အချို့လည်း တစ်ဦးတစ်ယောက်ချင်း ပြုလုပ်ကြသည်။

အချို့လည်း အသင်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နေကြသည်များလည်းရှိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ထိုမှရသောအချက်အလက်များကို အခြေခံပြီး၊ သရဲတစ္ဆေဝတ္ထုများ၊ ပုံပြင်များ၊ ဖြစ်ရပ်မှန် အဖြစ်အပျက်များတို့ကို အခြေခံပြီး ရေးသားထားသော ဇာတ်လမ်းများပေါ် ပေါက်လာခဲ့လေသည်။

ဝတ္ထုဇာတ်လမ်းများ ပေါ်ပေါက်လာပြီးနောက် ရုပ်ရှင်များအဖြစ် ရိုက်ကူးတင်ပြသောအခါမှာလည်း ကြည့်ရှုသူများက စိတ်ဝင်စားကြသည်။ ကြိုက်နှစ်သက်မှုရှိခဲ့ကြသည်။

ဝေဖန်မှု အမျိုးမျိုးရှိခဲ့သော်လည်း ဝိညာဉ်လောကသားများနှင့်ပတ်သက်၍ ရေးသားသောစာပေနှင့် ရုပ်ရှင်တို့မှာ အောင်မြင်မှုရခဲ့ကြသည်။

သို့ကြောင့် သုတေသနပြုလုပ်သူတို့မှာလည်း စိတ်အား ထက်သန်စွာဖြင့် ဆက်လက်ပြုလုပ်ကြလေသည်။

ထိုအထဲတွင် ထင်ရှားသောအသင်းအဖွဲ့တစ်ခုမှာ လန်ဒန်မြို့မှ မနောသုတေသနအသင်းကြီး (Birtish Socilty for, Psycical Research) ပင်ဖြစ်သည်။

နာနာဘာဝများနောက်သို့ လိုက်ကြသူများကိုလည်း နာနာဘာဝမုဆိုး (Ghost Hunten) ဟူ၍ ခေါ်ကြသည်။ ထိုအထဲတွင် နာနာဘာဝမုဆိုး ဟာရီပရိုက်(စ်)လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

လူသားတို့ သမိုင်းကြောင်းတစ်လျှောက်လုံး ထူးဆန်းသော အတွေ့အကြုံများအဖြစ် တည်ရှိနေခဲ့ပြီး . . သမိုင်းတစ်လျှောက်လုံးလည်း အဖြေရှာခဲ့ကြသည်။





သို့သော် ပဟေဠိအဖြစ်သာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

ထိုသို့ ပဟေဠိအဖြစ်သာ ဆက်လက်တည်ရှိနေသော်လည်း ယင်းအဖြစ်အပျက်များကမူ ဆက်လက်ဖြစ်ပေါ်မြဲ အသိအမှတ်ပြုရမည့်မြင်ကွင်းပင်ဖြစ်သည်။

သို့သော် အချို့သောသူတို့မှာမူ ယင်းအဖြစ်အပျက်တို့သည် သဘာဝတရားတွင် အစစ်အမှန်ဖြစ်ပေါ်နေခဲ့ပြီး ယင်းတို့အား လက်ဆုပ်လက်ကိုင်ပြနိုင်ရမည်ဟု ဆုံးဖြတ်ခဲ့ပြီး တစ်သက်လုံး သရဲဖမ်းရန်ကြိုးစားအားထုတ်ခဲ့ကြသည်။

ယင်းတို့အထဲတွင် အင်္ဂလိပ်လူမျိုး စိတ်စွမ်းအင်သုတေသနပညာရှင်နှင့် စာရေးဆရာလည်းဖြစ်သူ ဟာရီပရိုက်(စ်) (Harry Price) သည် ထိပ်တန်းမှပါဝင်သော ပညာရှင်တစ်ဦးဖြစ်သည်။

သရဲဖမ်းခြင်း (Ghost hunting) ဆိုသည်မှာ သရဲခြောက်သည်ဟု သတင်းပို့သော . . ကျော်ကြားသည့် နေရာများကို လိုက်လံစုံစမ်းခြင်းပင်ဖြစ်သည်။

ဟာရီပရိုက်(စ)ကို (၁၈၈၁)ခုနှစ်တွင် လန်ဒန်မြို့၌ မွေးဖွားခဲ့သည်။

ဖခင်ဖြစ်သူမှာ ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက်ဖြစ်ပြီး ယဉ်လှည့်ဈေးသည်တစ်ယောက်ဖြစ်သည်။

ပရိုက်(စ်) (၈)နှစ်သားအရွယ်တွင် စင်တင်မျက်လှည့်ပွဲတစ်ခုကို ကြည့်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာစတင်ကာ ပရိုက်(စ)သည် သဘာဝလွန်ဖြစ်ရပ်များအပေါ်တွင် စိတ်ဝင်စားလာခဲ့သည်။

ထို့နောက်တွင် မျက်လှည့်ပညာနှင့် မှော်ပညာရပ်များကို အပြင်းအထန်လေ့လာခဲ့သည်။

သရဲကစ္ဆေ ကိစ္စရပ်များနှင့် ပရိုက်(စ)စတင်ထိတွေ့ခဲ့သည်မှာ အသက် (၁၅)နှစ်တွင်ဖြစ်သည်။

ထိုစဉ်က သူနှင့် သူ့သူငယ်ချင်းဖြစ်သူတို့သည် သရဲခြောက်သည်ဟု နာမည်ကြီးလှသော အိမ်တွင် ညအိပ်ခဲ့ကြသည်။

ထိုအိမ်၏အောက်ထပ်တွင် စူးစမ်းလိုသော စိတ်နှင့်စောင့်နေကြသော သူငယ်ချင်းနှစ်ယောက်သည် မည်သူမျှ မနေသော အိမ်အပေါ်ထပ်အခန်းတစ်ခန်းထဲမှ ဆူညံသံများကိုကြားလိုက်ရသည်။

သူငယ်ချင်းနှစ်ယောက် ထိတ်လန့်စွာဖြင့် တက်ရောက်ကြည့်ရှုသော်လည်း မည်သည့်အရာကိုမျှ မတွေ့ကြပေ။ သို့ဖြစ်၍ အောက်ထပ်သို့ ပြန်ဆင်းကာ အခြေအနေကို စောင့်ကြည့်ခဲ့ကြသည်။

ထိုအချိန်တွင် အိမ်ရှိလှေခါးမှ ဆင်းသက်လာသော ခြေသံများကို ပီပီပြင်ပြင် ကြားလိုက်ရသည်။

ထိုအချိန်တွင် ပရိုက်(စ)နှင့် သူ၏သူငယ်ချင်းတို့သည် အသင့်ယူလာသော ဓာတ်ပုံရိုက်ကင်မရာအား လှေခါးခြေရင်းတွင် ထောင်လိုက်ခါ စောင့်နေလိုက်ကြသည်။





နောက်တစ်ကြိမ် လှေခါးမှ ဆင်းလာသည့် ခြေသံများကြားရသည့်အခါတွင် အသင့်ထောင်ထားသော ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူလိုက်သည်။

သို့သော် နောင်အခါတွင် ဖလင်ပြားအား ဆေးစိမ်ကြည့်သည့်အခါတွင် လှေခါးပုံသာ ထင်ရှားစွာပေါ်နေသော်လည်း ဆင်းလာသည့်ခြေသံပိုင်ရှင်၏ ပုံကိုကား ဖမ်းယူရရှိခြင်းမရှိခဲ့ပေ။ ယင်းအဖြစ်အပျက်သည်ကား ဟယ်ရီပရိုက်(စ)၏ တစ္ဆေသရဲနှင့် ပထမဦးဆုံး ထိတွေ့မှုပင်ဖြစ်သည်။

ပရိုက်(စ)ဘွဲ့ရပြီးချိန်တွင် အလုပ်မျိုးစုံလုပ်ခဲ့ပြီး ဂျာနယ်လစ်(စ) တစ်ယောက်ဖြစ်လာခဲ့သည်။

သူသည် ထိုအချိန်တွင် ပစ္စည်းအမြောက်အများ အမွေဆက်ခံခွင့်ရရှိသူ ကွန်းစတင့်မေရီနိုက်(ထ) (Constance Mary Kright)နှင့် တွေ့ဆုံခဲ့ပြီး လက်ထပ်ခဲ့သည်။

ထို့နောက်တွင်ကား. . သူအလွန်စိတ်ဝင်စားလှသော သဘာဝလွန် ဖြစ်ရပ်များကို ဖောက်ချလုပ်ကိုင်လာခဲ့သည်။

သူသည် သရဲခြောက်သည်ဆိုသော အိမ်များကို စစ်ဆေးခြင်း၊ နတ်ဝင်သည်များ(emdiums)အား ဟုတ်/မဟုတ် စစ်ဆေးခြင်းများကို အချိန်ကာလကြာမြင့်စွာ ဆောင်ရွက်ခဲ့သည်။

သို့အတွက် (၁၉၂၀)ဝန်းကျင်တွင် ပရိုက်(စ)သည် အင်္ဂလန်တစ်နိုင်ငံလုံးတွင် အကျော်ကြားဆုံးသော သဘာဝလွန်ဖြစ်ရပ်များကို လေ့လာသူတစ်ယောက်ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိုက်(စ)သည် သရဲတစ္ဆေလောကကို အရင်းပြုကာ အလိမ်အညာပြုလုပ်နေသော ဖြစ်ရပ်များကိုလည်း ဖော်ထုတ်ခဲ့သည်။

ပရိုက်(စ)ပထမဦးဆုံး ဖော်ထုတ်ခဲ့သည်မှာ ဝိညာဉ်ဓာတ်ပုံဆရာဟု မိမိကိုယ်ကို အမည်ခံယူထားသည့် ဝီလီယံဟုတ်(ပ) (William Hope)၏ တစ္ဆေဓာတ်ပုံများပင်ဖြစ်သည်။

ထိုစဉ်ကာလသည် (၁၉၂၂)ခုနှစ်ဖြစ်သည်။ ဝီလီယံဟုတ်(ပ)သည် တစ္ဆေဓာတ်ပုံဆရာအဖြစ် ကျော်ကြားနေချိန်လည်းဖြစ်သည်။

ဝီလီယံဟုတ်(ပ)သည် တစ်စုံတစ်ဦးအား ဓာတ်ပုံရိုက်လိုက်ပြီး ယင်းဓာတ်ပုံဖလင်အား ဆေးစိမ်သည့်အခါတိုင်း ဓာတ်ပုံအရိုက်ခံသူ၏ ကွယ်လွန်သွားပြီးသည့် ဆွေမျိုးတစ်ယောက်ယောက်၏ပုံက အမြဲတမ်းပါဝင်လာမြဲဖြစ်သည်။

သို့အတွက်ဝီလီယံဟုတ်၏ ဂုဏ်သတင်းမှာ ကျော်ကြားလျက်ရှိသည်။

သို့သော် ပရိုက်(စ)အပါအဝင် အခြားသော သဘာဝလွန်ဖြစ်ရပ်များကိုလေ့လာသူများက ယင်းဖြစ်ရပ်များသည် အမှန်တကယ်မဖြစ်နိုင်ဟု သံသယဝင်လျက်ရှိသည်။

ယင်းကိစ္စကို လေ့လာစူးစမ်းမှုပြု၍ ပရိုက်(စ)သည် အမှန်ကို ဖော်ထုတ်နိုင်ခဲ့သည်။

အမှန်မှာ ဝီလီယံဟုပ်(ပ)သည် ဓာတ်ပုံမရိုက်ခင် ဓာတ်ပုံအရိုက်ခံမည့်သူ၏ ကွယ်လွန်သွားသည့် ဆွေမျိုးတစ်ဦး၏ပုံကို





ကြိုတင်အလင်းပေးရိုက်ယူခြင်းဖြစ်ကြောင်း တွေ့ခဲ့ရသည်။

ထိုနည်းသည် နောက်ပိုင်းတွင် အလင်းနှစ်ခါပေးခြင်း (Double exposure) နည်းစနစ်ဟု လူသိများခဲ့သည်။

ဟာရီပရိုက်(စ)၏ တစ္ဆေ၊ သရဲသုတေသန လုပ်ငန်းများတွင် စတယ်လာကရန်းရှော (Stella Cranshaw) ဟူသော အမျိုးသမီးရှောကလေး ပါဝင်လာသည့်အခါတွင် ထူးခြားသော အဖြစ်အပျက်များ ဖြစ်ပျက်လာတော့သည်။

တစ်ခုသောညနေတွင် ပရိုက်(စ)သည် လန်ဒန်မှ ပူး(လ)ဘိုရပ်(Pulbo rough)သို့ ရထားဖြင့် ခရီးသွားခဲ့သည်။

လမ်းခရီးတွင် စတယ်လာ ကရန်းရှောအမည်ရှိ အမျိုးသမီးငယ်တစ်ဦးနှင့် တွေ့ရှိပြီး စကားစမြည်ပြောဖြစ်ခဲ့ကြသည်။

ထိုသို့စကားပြောရာတွင် ထူးခြားသော သဘာဝလွန်ဖြစ်ရပ်များအကြောင်း စကားစမိခဲ့ကြသည်။

ထိုအခါ အမျိုးသမီးငယ်က သူမသည် ဆေးရုံတစ်ခုမှ သူနာပြုဆရာမ တစ်ယောက်ဖြစ်သည့်အတွက် တစ္ဆေ၊ သူရဲများကို အယုံအကြည်မရှိကြောင်း သို့သော် သူမဘဝတစ်လျှောက်လုံးတွင် ထူးခြားသောအတွေ့အကြုံများ အမြဲတမ်းခံစားနေရသည်ဟု ဆိုခဲ့သည်။

ယင်းတို့မှာ တစ်ခုခုကို ထုရိုက်နေသော အသံများ၊ ရုတ်တရက် ချက်ချင်းအအေးဓာတ်ကို ခံစားလိုက်ရခြင်း၊ တစ်အိမ်လုံးရှိ အရာဝတ္ထုများသည် မယုံကြည်နိုင်လောက်သော အင်အားများဖြင့် အချိန်အတော်ကြာ လေတွင်ပျံသန်းနေကြခြင်းစသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံများ ခံစားရကြောင်း ပြောကြားခဲ့သည်။

ပရိုက်(စ)လည်း လွန်စွာစိတ်အားထက်သန်သွားပြီး သူသည် သဘာဝလွန်ဖြစ်ရပ်များကို လေ့လာနေသူဖြစ်ကြောင်း သို့အတွက် သူမအား ကြားခံ(နတ်ဝင်သည်)အဖြစ်ထားကာ စမ်းသပ်မှုများ ပြုလုပ်လိုကြောင်းပြောခဲ့ရာ သူမကလည်း သဘောတူညီပြီး စမ်းသပ်ချက်များ အတူလုပ်ဆောင်ခဲ့ကြသည်။

ဤတွင် ထူးဆန်းသည့်အတွေ့အကြုံများကို တွေ့ကြုံခဲ့ရသည်။

စတယ်လာအား နတ်ဝင်သည်(medium) အဖြစ်ထားကာ ဝိညာဉ်ခေါ် စမ်းသပ်မှုများပြုလုပ်ခဲ့သည်။ စမ်းသပ်မှုအစမှာပင် စတယ်လာထံ ပါ(လ)မာ(Palma) အမည်ရှိ ဝိညာဉ်တစ်ကောင် ပူးကပ်လာခဲ့ပြီး ဝိုင်းထိုင်နေသော စားပွဲအား ခေါက်၍ အချက်ပြကာ ဝင်ရောက်လာသည်။

ယင်းဝိညာဉ်အား အချက်ပြခြင်းအားဖြင့် အခန်းတွင်းရှိ အရာဝတ္ထုများအား ရွေ့လျားစေခြင်းများ ပြုလုပ်နိုင်သည်။

ထို့ပြင် ပရိုက်(စ)၏ သာမိုမီတာ ကိရိယာများတွင်လည်း အပူချိန်ချက်ချင်းကျဆင်းသွားသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

နောက်ဆုံးတွင်ကား အလွန်အံ့အားသင့်စရာ ကောင်းသော အပြုအမူတစ်ခုအား ပြုလုပ်စေခဲ့သည်။

၄င်းမှာ ပါဝင်စမ်းသပ်သူများဝိုင်းလျက် ထိုင်နေသော ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသည့် အလွန်လေးလံသော စားပွဲကြီးအား အခန်းတွင်းတွင် မြင့်မားစွာ မြှောက်တင်ပြီး လွတ်ချ





လိုက်ခြင်းဖြစ်သည်။

ထိုစားပွဲ၏ ခြေထောက်များကျိုးကာ ပါဝင်စမ်းသပ်သူများ အထိတ်တလန့်ပင် ဖြစ်ခဲ့ရသည်။

ယင်းစမ်းသပ်ချက်များမှ စတယ်လာတွင် ထူးခြားသော စွမ်းအင်များရှိနေပြီး အရာဝတ္ထုများအား စိတ်ဖြင့် ရွေ့လျားနိုင်စွမ်းရှိသည်ဟု ပရိုက်(စ)က မှတ်ချက်ပြုခဲ့သည်။

ထို့နောက် ပရိုက်(စ)သည် သဘာဝလွန်ဖြစ်ရပ်များနှင့် သက်ဆိုင်သော အမျိုးသားဓာတ်ခွဲခန်း (National Laboratory for Psychical Research)ကို တည်ထောင်ခဲ့သည်။

(၁၉၂၆)ခုနှစ် နောက်ပိုင်း စမ်းသပ်မှုများကို ယင်းဓာတ်ခွဲခန်းတွင် ပြုလုပ်ခဲသည်။

ပရိုက်(စ)နှင့် ဘော်လီအိမ်တော်အကြောင်းကို အကျဉ်းမျှ ဖော်ပြပါမည်။

ဟာရီပရိုက်(စ)၏ တစ်သက်တာလုံး သဘာဝလွန် ဖြစ်ရပ်များ စုံစမ်းစစ်ဆေးမှုများတွင် အကျော်ကြားဆုံးနှင့် လူအများဆုံးပါဝင်သော ဖြစ်ရပ်မှာ ဘော်လီနယ်မှ ဘုန်းတော်ကြီး၏အိမ်တော်(Borley Rectory) ဖြစ်ရပ်ပင်ဖြစ်သည်။

ယင်းဖြစ်ရပ်စုံစမ်းမှုများတွင် ပရိုက်(စ)သည် (၁၀)ခုနှစ်တစ်ခုခန့် အချိန်ပေးပြီး သဘာဝကို မြှုပ်နှံခါ စူးစမ်းမှုများ ပြုလုပ်ခဲ့သည်။

ထိုစဉ်က စူးစမ်းမှုများပြုလုပ်ကာ ရေးသားခဲ့သော စာအုပ်နှစ်အုပ်မှာလည်း ပထမတန်း ရောင်းတန်းဝင်စာအုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။

ဘော်လီနယ်မှ ခရစ်ယာန်ဘုန်းတော်ကြီးအိမ်၏ နောက်ကြောင်းရာဇဝင်များမှာ အသိရခက်စွာပင် ရှုပ်ထွေးနေခဲ့သည်။

သမိုင်းကြောင်း ရှင်းလာသောအချိန်မှ စတင်ဖော်ပြရပါမူ ယင်းအိမ်နေရာကို အင်္ဂလိန်နိုင်ငံတွင် ထင်ရှားသော မိသားစုတစ်ခုဖြစ်သည့် ဝေါ(လ)ဒီဂရေ(ဗ) (Waldegrave) မိသားစုမှ အစဉ်အဆက် နှစ်ပေါင်း[illegible]ကာခန့် ပိုင်ဆိုင်လာခဲ့ကြသည်။

(၁၈၆၂) ခုနှစ်မှ (၁၈၉၂)ခုနှစ်အတွင်းတွင် အထက်ပါ မိသားစု၏ ဆွေမျိုးတစ်ဦးဖြစ်သူ သိက္ခာတော်ရ ဆရာတော် အိပ်(ချ)ဒီအီးဘူး(လ) (Reverend H.D.E Bull) ဆိုသူသည် ယင်းနယ်မြေအတွက် ဘုန်းတော်ကြီးဖြစ်လာခဲ့သည်။

သူ့အား ဘုန်းတော်ကြီးခန့်အပ်ပြီး တစ်နှစ်အကြာတွင် သူသည် နယ်မြေခံများက သရဲအလွန်ခြောက်သည်ဟု သတိပေးချက်များကို ဆန့်ကျင်ကာ ဘိုလီနယ်မြေအတွင်း နေအိမ်တစ်လုံးတည်ဆောက်ခဲ့သည်။

ယင်းအိမ်သည် ဘိုလီနယ်မှ ဘုန်းတော်ကြီးအိမ် (Borley recotry) ဖြစ်လာခဲ့သည်။

ထိုအိမ်ဆောက်လုပ်ပြီးသော်လည်း ယင်းအိမ်တွင် လူမနေဘဲ တစ်နှစ်ခန့်အကြာ (၁၉၂၈)ခုနှစ် အောက်တိုဘာလတွင် သိက္ခာတော်ရ ဂိုင်းအီးရစ်စမစ်(Guy Eric Smith)သည် ထိုအိမ်တွင် နေထိုင်ခဲ့လေသည်။





သို့သော် တစ်နှစ်မျှသာနေပြီး ဆိုးရွားသော သရဲခြောက်မှုများ၊ အသိရခက်သော ခြေသံများကြားနေရခြင်းနှင့် အိမ်မှာလည်း ယိုယွင်းလာသည့်အတွက် ပြောင်းရွှေ့သွားသည်။

ထို့နောက် ယင်းအိမ်တွင် လူမနေတော့ဘဲ နှစ်ပေါင်းမြောက်များစွာ ထူးဆန်းသောအဖြစ်အပျက်များ ဖြစ်ပွားခဲ့သည်။

(၁၄)နှစ်အကြာတွင် မူလအိမ်တည်ဆောက်သူ ဟင်နရီဘူး(လ)သည် သမီးနှစ်ယောက်နှင့်အတူ ယင်းအိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။

ထိုအခါတွင်. . နာမည်ကျော်ကြားလှသော "တစ္ဆေသီလရှင်" ဇာတ်လမ်းပေါ်ပေါက်လာခဲ့သည်။

သီလရှင်ပုံစံဝတ်ဆင်ထားသော တစ္ဆေသည် အိမ်ရှေ့မြက်ခင်းပြင်တွင် ညနေပိုင်း၌ မြင်တွေ့ရလေ့ရှိပြီး ယင်း၏ တစ်ဆက်တည်းပင် ထူးဆန်းသော ရိုက်ပုတ်သံများ၊ ခြေသံများကို မိသားစုအားလုံးက ကြားနေခဲ့ရသည်။

အဆိုပါ ထူးဆန်းသောဖြစ်ရပ်များကြောင့် ဘူး(လ)၏ ငယ်ရွယ်သော သမီးငယ်များမှာ ကြောက်လန့်တကြား ဖြစ်ခဲ့သော်လည်း ဘူး(လ)နှင့် သူ့သားအတွက်မူ ယင်းဖြစ်ရပ်သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ပြပွဲတစ်ခုကို ကြည့်နေရသကဲ့သို့ ဖြစ်သည်။

ဘူး(လ)တို့သားအဖသည် ကြောက်ရွံ့ခြင်းမရှိသည့်အပြင် နွေရာသီစံအိမ်တစ်ခုကို နေအိမ်အနီးတွင် တည်ဆောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ဦးသည် ညစာစားပြီးချိန်တွင် ဆေးလိပ်ကိုယ်စီခဲကာ အနီးအနားမှ ဖြတ်သန်းသွားနေသော သီလရှင်တစ္ဆေမအား စောင့်စားကြည့်ရှုနေခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။

အဆိုပါ အဖြစ်အပျက်များအား ဘူး(လ)မိသားစု တစ်စုတည်းသာမြင်တွေ့ရခြင်းမဟုတ်ဘဲ အနီးအနားနေသူများပါ မြင်တွေ့ခဲ့ရသည်။

ထိုအိမ်ဝင်းအတွင်းတွင် မြင်တွေ့ရမှုများတွင် တစ္ဆေသီလရှင်အား မြင်တွေ့ရရုံမျှမက တဖိတ်ဖိတ်လက်နေသော ကကြိုးတန်ဆာများ ဆင်ယင်ထားသည့် မြင်းဆွဲရထားလုံးတစ်စင်းကိုပင် မြင်တွေ့ရကြောင်း သတင်းပို့မှုများရှိခဲ့သည်။

ထို့ပြင် ယင်းရထားလုံးအား မောင်းနှင်သွားသူမှာလည်း ဦးခေါင်းပြတ်ကြီးနှင့်ဖြစ်သည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့သည်။

ဟာရီဘူး(လ)သေဆုံးပြီး ကိုးလအကြာ (၁၉၂၉)ခုနှစ် ဇွန်လတွင် သိက္ခာတော်ရ စမစ်(Rev. Smith)အမည်ရှိ ဘုန်းတော်ကြီးသည် ထိုနေရာသို့ရောက်လာခဲ့သည်။

ထိုအချိန်က ဘော်လီအိမ်တော်သတင်းမှာ သတင်းများတွင် အကျယ်တဝင့်ဖော်ပြနေပြီးဖြစ်သည်။

စမစ် အိမ်သို့ရောက်သည့်နောက်တစ်နေ့တွင်ပင် လန်ဒန်သတင်းစာတိုက်မှ စမစ်ထံသို့ ဖုန်းဆက်ကာ ထိုအိမ်တော်သတင်းများနှင့် ပတ်သက်၍ ထောက်လှမ်းပေးရန် မေတ္တာ





ရပ်ခံခဲ့သည်။

ထို့နောက်ပိုင်းတွင်ကား ထိုအိမ်သို့ စုံစမ်းထောက်လှမ်းရန် ပရိုက်(စ)အကြိမ်ကြိမ် ရောက်ရှိခဲ့လေတော့သည်။

ပရိုက်(စ)၏ သရဲဖမ်းမှုလုပ်ငန်းတွင် တွေ့ကြုံမှုများမှာ အမျိုးအစား စုံလင်လှသည်။

ဟာရီပရိုက်(စ)သည် ဘော်လီအိမ်တော်တွင် (၁၉၂၉) ခုနှစ်မှ (၁၉၄၇)ခုနှစ်တိုင်အောင်ပင် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

ပရိုက်(စ)သည် အစပိုင်းတွင် နာမည်ကျော် ဂျာနယ်လစ်ဖြစ်သူ ဗွီစီဝေါ(လ) (V.C.Wall)နှင့် သူ၏ ကိုယ်ရေးအရာရှိ မစ်(စ)လူစီကေး (Miss Lucie Kaye) တို့နှင့်အတူ သွားရောက်စူးစမ်းခဲ့ပြီးနောက်ပိုင်းတွင် လူ(၄၀)ကျော်ပါဝင်သော စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

တစ္ဆေခြေသံများ၊ ထူးဆန်းသော အလင်းရောင်များ၊ တစ္ဆေတီးတိုးပြောသံများ၊ ခေါင်းပြတ်ကြီး၊ အဖြူရောင်မိန်းကလေး၊ မြင်းရထားမောင်းသံများ၊ အိမ်ဆောက်ခဲ့သူ ဟင်နရီဘူး(လ)၏ ကိုယ်ထင်ပြမှုများ၊ တစ္ဆေသီလရှင်၊ ထူးဆန်းစွာပြည့်လာသော ခေါင်းလောင်းများ စသည်ဖြင့် နာမည်ကျော်ကြားသော တစ္ဆေခြောက်သည့်ဖြစ်ရပ်များနှင့် တွေ့ကြုံခဲ့ရသည်။

သို့သော် "ခြောက်လှန့်သည့် သရဲရှိပါသည်" ဟု ဆိုနိုင်သည့် အထောက်အထား အနည်းငယ်သာ ရရှိခဲ့ပြီး နိဂုံးချုပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းမြောက်များစွာ လေ့လာမှုပြုလုပ်ပြီးနောက်တွင် သူ၏ ထူးဆန်းသောအတွေ့အကြုံများအား အင်္ဂလန်တွင် သရဲအခြောက်ဆုံးအိမ် (The most haunted hosue in England) နှင့် ဘော်လီအိမ်တော်အဆုံးသပ် (The End of Borley Rectory) ဟု စာအုပ်နှစ်အုပ် ထုတ်ဝေခဲ့သည်။ အရောင်းရတွင်ကျယ်ခဲ့သည်။

ဟာရီပရိုက်(စ) အသုံးပြုခဲ့သော သရဲဖမ်းကိရိယာများကို ဖော်ပြမှ ပြည့်စုံပေမည်။

ဟာရီပရိုက်(စ)သည် သရဲ၊ တစ္ဆေခြောက်သည် ဖြစ်ရပ်များအား လေ့လာသည့်အခါတွင် ကြားခံနတ်ဝင်သည်များကို အသုံးပြုကာ တမလွန်မှ တစ္ဆေသရဲများနှင့် ဆက်သွယ်မှုရရန်ကြိုးစားသကဲ့သို့ ယင်းဖြစ်ရပ်များ တကယ်ဖြစ်ပျက်ခဲ့သည်ကို သိပ္ပံနည်းကျ သက်သေပြနိုင်ရန် ကိရိယာ တန်ဆာပလာများတီထွင်အသုံးပြုခဲ့သည်။

သူသည် အင်ဂျင်နီယာတစ်ယောက် မဟုတ်သော်လည်း လျှပ်စစ်ပညာရပ်နှင့် စက်မှုအင်ဂျင်နီယာအတတ်ပညာရပ်နှင့် စက်မှုအင်ဂျင်နီယာ အတတ်ပညာတို့တွင် ဆရာတစ်ဆူနီးပါး ဗဟုသုတရှိသူလည်းဖြစ်သည်။

သို့အတွက် ဘော်လီအိမ်တော်အပါအဝင် အခြားသော သရဲတစ္ဆေဖြစ်ရပ်တို့အား စုံစမ်းရာတွင် ကိရိယာများ တီထွင်တည်ဆောက်ကာ အသုံးပြုခဲ့သည်။

ကိရိယာတစ်ခုတွင် ခလုတ်များနှင့် မီးလုံးအနီတစ်လုံး





တို့ဆက်သွယ်ထားပြီး ခလုတ်များကို ဖန်ထည်အဖုံးဖြင့် အသေအုပ်ဆိုင်းထားသည်။

စမ်းသပ်စစ်ဆေးမှု ပြုစဉ် တစ်စုံတစ်ယောက်မှ လျှို့ဝှက်စွာ ခလုတ်ကို မထိနိုင်အောင် ဖြစ်သည်။

စမ်းသပ်နေစဉ်တွင် အဆက်အသွယ်ရရှိသော ဝိညာဉ်အား ယင်းခလုတ်ကို သူ့အစွမ်းဖြင့် နှိပ်ခိုင်းခြင်းလည်း ပါဝင်သည်။ အခါပေါင်းများစွာပင် ယင်းခလုတ်သည် အလုပ်လုပ်ခါ မီးနီကိုလင်းလာစေခဲ့သည်။

ထို့အတူ အခြားသောကိရိယာများတွင် ဝိညာဉ်ခေါ်ပွဲပြုလုပ်ရာတွင် အသုံးပြုသည့် စားပွဲသည်လည်း နှစ်ထပ်ဖြစ်ခါ သာမန်လက်များဖြင့် မထိတွေ့နိုင်သော အတွင်းပိုင်း အထပ်တွင် တူရိယာကိရိယာများ ထည့်သွင်းထားသည်။

စမ်းသပ်စစ်ဆေးမှုများတွင် အဆက်အသွယ်ရသော ဝိညာဉ်အား ယင်းတူရိယာများအား တီးခတ်စေခြင်းလည်း ပါဝင်သည်။

စမ်းသပ်ချက် အချို့တွင် ယင်းတူရိယာများမှာ တီးခတ်သူမရှိဘဲ အသံများထွက်ပေါ်လာသည်ကို ပရိုက်(စ)တွေ့ခဲ့ရသည်။

ထို့ပြင် ရုပ်သေ၊ ရုပ်ရှင်ကင်မရာများ၊ အသံဖမ်းစက်တို့အပြင် စုံစမ်းစစ်ဆေးနေစဉ် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရန် ကိရိယာတို့လည်း ပါဝင်ခဲ့သည်။

ထို့အတူ အခြားသောကိရိယာတန်ဆာပလာများ အ



www.burmeseclassic.com

www.burmeseclassic.com



များအပြားကိုလည်း အသုံးပြုခဲ့သည်။

သို့သော် ယင်းကိရိယာတို့သည် အထက်တွင် ဖော်ပြ ထားခဲ့သည့်အတိုင်း သရဲတစ္ဆေအား "တကယ်တမ်းရှိပါသည်" ဟု အဖြေထုတ်ယူနိုင်ခြင်းမရှိဘဲ ထင်ယောင်ထင်မှား ဖြစ်ရပ်များ သာ ဖြစ်ပေါ်စေခဲ့သည်။

ယနေ့ခေတ် သရဲဖမ်းကရိယာများသည် ဟာရီး ရိုက်(စ)ခေတ်ထက် ပို၍ထူးဆန်းမှုများရှိလာသည်။

တိုးတက်လာသော သိပ္ပံပညာရပ်နှင့်အတူ ထူးဆန်းလှ သော ကိရိယာများလည်း အများအပြား ပေါ်ပေါက်လာသည်။

ယနေ့ခေတ်တွင်လည်း သရဲတစ္ဆေဖြစ်ရပ်တို့သည် မဖြေရှင်းနိုင်သော ပဟေဠိများအဖြစ် ဆက်လက်တည်ရှိနေ လျက်ရှိသည်။

သို့သော် သရဲတစ္ဆေတို့ပေါ်တွင်ထားရှိသော အမြင်တို့ မှာလည်း ပြောင်းလဲလျက်လာခဲ့ပြီဖြစ်သည်။

သိပ္ပံပညာအရ သရဲတစ္ဆေတို့သည် သဘာဝလွန် ဖြစ် ရပ်များဆိုသည်ကို လက်ခံသော်လည်း ယင်းတို့အား သိပ္ပံနည်း ကျရှာဖွေဖော်ထုတ်နိုင်လိမ့်မည်ဟုလည်း ယူဆထားကြသည်။

သို့အတွက် ယနေ့ခေတ်အခါတွင် ယင်းအဖြစ်အပျက် များကို ဖော်ထုတ်ရန်အတွက် ထူးဆန်းသော ကိရိယာများကို သရဲတစ္ဆေခြောက်လှန့်ခြင်းဖြစ်ရပ်တို့ကို လေ့လာရာ (သရဲဖမ်း ရာ)တွင် အသုံးပြုလျက်ရှိနေကြသည်။

ပရိုက်(စ)၏ခေတ်တွင် ရုပ်သေ/ရုပ်ရှင် ဖလင် ကင်မ





ရာများကိုသာ အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင် ဒစ်ဂျစ် တယ် ရုပ်ရှင်/ရုပ်သေများ၊ မှောင်ထဲတွင် မြင်နိုင်ရိုက်နိုင်သော ညကြည့်မှန်ပြောင်းနှင့် ကင်မရာများကို အသုံးပြုကြသည်။

သရဲဖမ်းရာတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြ သော ကိရိယာတစ်ခုမှာ အီးအမ်အက်(ဖ)မီတာ (Electromagnetic Force Meter) ဖြစ်သည်။

ယင်းမှာ သရဲတစ္ဆေခြောက်သည်ဟု ဆိုသည့်နေရာ များတွင် ရှင်းလင်းပြခြင်းမပြုနိုင်သည့် လျှပ်စစ်သံလိုက်လှိုင်း အနှောင့်အယှက်များ ဖြစ်ပေါ်လေ့ရှိပြီး ယင်းတို့ကို တိုင်းတာနိုင် သည်။

သရဲခြောက်သည့် အခန်းတစ်ခုအတွင်းတွင် အပူချိန် ခြားနားမှုများ ရှတ်ခြည်းဖြစ်ပေါ်လေ့ရှိသည်။

သို့အတွက် "လက်အေးကြီးနှင့်ကိုင်လိုက်သည်" စသည် တို့ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းတို့အတွက် မျက်နှာပြင်အပူချိန်ကို တိုင်းတာနိုင် သော ကိရိယာများကို အသုံးပြုကြသည်။ ယင်းတို့မှာ . . .

- အပူချိန်ခြားနားမှုများကို ပုံဖော်ရိုက်ကူးနိုင်သော ကင်မရာ (Thermographic camera)
- သာမန်မျက်လုံးနှင့် မမြင်နိုင်သော ပုံရိပ်များကို ရိုက်ကူးနိုင် သော ကင်မရာ (Thermal imaging camera)
- မမြင်ရသော ပုံရိပ်များ၏ အပူချိန်ကို တိုင်းတာနိုင်သည့် အနီအောက်ရောင်ခြည်သုံး သာမိုမီတာ



www.burmeseclassic.com

www.burmeseclassic.com



(Infrared thermomater)

တို့ဖြစ်သည်။

ထို့ပြင် သရဲခြောက်သည့် အခန်းအတွင်း ပြုလုပ်သူ ရှာမရသော အသံများကို ဖမ်းယူရန်အတွက်လည်း ဒစ်ဂျစ်တယ်နှင့် အနာလော့(ခ)အသံဖမ်းစက်များ (digital and analog audio recorder) ကိုလည်း အသုံးပြုကြသည်။

သရဲခြောက်သည့် အခန်းတွင်းတွင် အခန်းသဘာဝ ဝန်းကျင်နှင့် ကွဲပြားခြားနားစွာ ဖြစ်တည်နေသော အဝန်းအဝိုင်း တစ်ခုရှိနေတတ်သည်။

ယင်းတို့အား ထောက်လှမ်းရန်အတွက် ကွန်ပတ်(စ) (compass)ခေါ် လမ်းညွှန်ကရိယာများကို အသုံးပြုကြသည်။

ထို့ပြင် အခန်းအတွင်း ဖြာထွက်စွမ်းအင် အနှောင့်အယှက်များကိုတိုင်းတာရန် ဂိုင်ဂါကောင်တာ(Geiger Counter) ကိရိယာများကိုလည်း အသုံးပြုကြသည်။

၎င်းကရိယာများအပြင် ပတ်ဝန်းကျင်အခြေအနေများ တွင် ပိုလျှံနေသော လျှပ်စစ်သတ္တိကြွအမှုန်များကို တိုင်းတာသည့် အိုင်ယွန်မီတာ(ion meter)၊ သာမန်နားဖြင့် မကြားနိုင်သော အသံများကို ဖမ်းယူနိုင်သည့် အင်ဖရာဆောင်း (Infrasound recorder)ခေါ် အသံဖမ်းကိရိယာများကိုလည်း အသုံးပြုနေကြ သည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့ အပြားတွင် ဝိညာဉ်များနောက်သို့ သုတေသနပြုလုပ်ကြသော





နာနာဘာဝမုဆိုးများ၊ ဝိညာဉ်များအကြောင်းကို သုတေသနပြု လုပ်နေကြသော မနောသုတေသနအသင်းကြီးမျိုး ရှိနေခဲ့ကြ ခြင်း ဖြစ်ပေသည်။

ဗြိတိသျှ မနောသုတေသီအသင်းကြီးကို (၁၈၈၂)ခုနှစ် မှ စတင်ထူထောင်ခဲ့ကြပြီး ပရလောကသား၊ ဝိညာဉ်များနှင့် ပတ်သက်ပြီး သဘာဝလွန်ဖြစ်ရပ်များ၊ စိတ်နယ်လွန်ဖြစ်ရပ် ပေါင်းမြောက်များစွာတို့ကို သုတေသနပြုလုပ်ခဲ့ကြလေသည်။

မနောသုတေသနအသင်း၌ ဓါတ်ခွဲခန်းမှူးအဖြစ် တာ ဝန်ထမ်းဆောင်ခဲ့သူမှာ အခြားမဟုတ်ပေ။

နာနာဘာဝမုဆိုးဟု နာမည်ကျော်ကြားသော မစ္စတာ ဟယ်ရီပရိုက်(စ) (Herry Price)ပင်ဖြစ်ပေ၏။ ဟယ်ရီပရိုက် သည် ၎င်းတာဝန်ထမ်းဆောင်ခဲ့သော နှစ်ကာလများအတွင်း တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တို့ကို မှတ်တမ်းတင်ထားခဲ့ပြီး နောက်ပိုင်းတွင် ထိုအကြောင်းအရာများကို စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပေသည်။

ထိုစာအုပ်အမည်မှာ. . .

'မနောသုတေသီတစ်ဦး၏ နှစ်ငါးဆယ်ခရီး'

(Fifty Years of Psychical Research)

ဟူသော စာအုပ်ပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၂ )

# တောနက်ထဲမှ ခြောက်လှန့်မှုများ

နောက်ထပ် သုံးရက်ခန့်ကြာသောအခါမှာတော့ . ။ နီမောင်တို့ ခရီးထွက်ရန် ပြင်ဆင်ပြီးကြလေပြီ။

ယခုရက်ပိုင်းမှာလည်း ၄င်းတို့အလုပ်လုပ်သော မဲဇာမြိုင်သစ်တောစခန်းမှာ အခြေအနေက မကောင်းလှပေ။ တော ခေါင်းသောင်းရွှေ သေဆုံးသွားပြီး နောက်ပိုင်းမှာ ညအချိန်ရောက်လာသောအခါ ခြောက်လှန့်မှုများက အတော်ပင် ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

အလုပ်သမားများနေသောတဲများမှာ သစ်ဝါးများဖြင့် ထိုးထားသောတဲများ ဖြစ်ကြသည်။ ထိုတဲပေါ်မှာပင်အိပ်၊ ထိုတဲပေါ်မှာပင် ချက်ပြုတ်စားသောက်ကြသည်။

အပေါ့အပါးသွားရန် အိမ်သာများကိုတော့ တောစပ်မှာ ဆောက်လုပ်ထားကြသည်။ လေးတိုင်စင်ဆောက်ပြီး သစ်ခက်များ ကာထားခြင်းဖြစ်သည်။

နေ့အချိန်ဆိုလျှင်တော့ မတောင်းသာပေ။

ညအချိန်ရောက်၍ အပြင်ထွက်ပြီး အိမ်သာတက်လျှင်တော့ သရဲခြောက်ခံရတော့သည်။

အချို့လည်း ဝေးဝေးမသွားဝံ့သောဘဲ ပတ်ဝန်းကျင်တစ်ဝိုက်မှာပင် အလေးအပေါ့စွန့်ကြလေသည်။

သို့ကြောင့် အနံ့အသက်များက မကောင်းတော့ပေ။ နောက်ပိုင်းရောက်လာတော့ ဝမ်းရောဂါဖြစ်ပြီး တစ်ယောက်နှစ်ယောက်သေဆုံးသွားလေသည်။

သစ်တောအလုပ်သမားတို့ ထုံးစံအတိုင်း သေတော့လည်း သရဏဂုံတင်ခြင်းပင် မပြုလုပ်နိုင်ဘဲ တောထဲမှာသွားရောက်မြှုပ်နှံလိုက်ရုံသာရှိသည်။

ထိုသို့သေသည်ကို အချို့က သရဲသဘက်များ ဖမ်းဆီးသတ်ဖြတ်သောကြောင့်ဟု ထင်ကြသည်။

ထိုအချက်ကည်း တစ်ကြောင်းပါသော်လည်း သူချည်းပဲတော့မဟုတ်ပေ။





တဲပတ်ဝန်းကျင်တစ်ဝိုက်တွင် အပေါ့အလေးများကိုဖြစ်သလိုစွန့်ကြသောကြောင့် အနံ့အသက်များက မကောင်းလှပေ။ ထို့ပြင်. . အသုံးပြုသောရေနှင့် အစားအသောက်များက မသန့်ရှင်းသောကြောင့်. . ထိုမှ ရောဂါရာ ဝမ်းရောဂါဖြစ်ပြီး သေဆုံးကြရခြင်းဖြစ်သည်။

တောအုပ်ကြီး ဦးဖူးညိုကတော့ သစ်တောစခန်းမှ အလုပ်သမားများ အသေအပျောက်ရှိနေသည်ကို စိတ်မချမ်းမသာဖြစ်နေလေသည်။

ထိုရက်ထဲရောက်မှ နီမောင်တို့သုံးယောက်က ခရီးထွက်ကြမည့်အကြောင်း ပြောသောအခါ အတော်ပင် စိတ်တိုသွားလေတော့သည်။

"စခန်းမှာ အလုပ်သမားတွေ နည်းနေပါတယ်ဆိုတော့မှ မင်းတို့က ခရီးထွက်ကြဦးမယ်. .၊ ဘာအတွက်နဲ့ ဘယ်ကိုသွားကြမှာလဲ"

"ကျွန်တော်တို့သွားမှာ တခြားအတွက်မဟုတ်ပါဘူး၊ အခု ကျွန်တော်တို့စခန်းမှာ အနှောက်အယှက်တွေများနေတာကို ဖယ်ရှားပေးဖို့ ဆရာသွားခေါ်မလို့ပါ"

ထိုစကားကိုတော့ တောအုပ်ကြီးက စိတ်ဝင်စားသွားလေသည်။

"နေစမ်းပါဦး၊ ဆရာက ဘယ်မှာသွားခေါ်ကြမှာလဲ"

"တောထဲမှာ သွားခေါ်ကြမှာပါ"

"ဒါဖြင့်လည်း မြန်မြန်သာသွားကြကွာ၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်လည်း ပြန်လာကြနော်၊ စခန်းမှာ အလုပ်သမား သိပ်မရှိ
တော့ဘူး"

"စိတ်ချပါတော့အုပ်ကြီး"

ဟုပြောဆိုအသိပေးပြီး စတင်ခရီးထွက်ကြလေသည်။ ထိုခရီးသွားရာတွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ နှင့်အတူ ဆရာကြီး ဦးဗန်ကောင်းလည်း လိုက်လာလေသည်။

သူတို့ထံတွင် လေးမြား၊ ဓားလှံနှင့် စာနပ်ရိုက္ခာတို့အပြင် အနွေးထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပါလာလေသည်။

အမဲပစ်ရန်ထွက်ကြသည်မဟုတ်သောကြောင့် အခြားထွေထွေထူးထူးလက်နက်များတော့ ယူမလာကြတော့ပေ။ ဆရာကြီး ဦးဗန်ကောင်းထံမှာတော့ လွယ်အိတ်ကြီးတစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းသာပါလာပေသည်။

နီမောင်ထံမှာတော့ ဆာဒူးအဘိုးကြီး လမ်းညွှန်ပေးခဲ့သော အချက်များပါလာလေသည်။

ခရီးစဉ်အနေကတော့ မဲဇာမြစ်ကမ်းကိုကြည့်ပြီး မြောက်ဘက်သို့ ဦးတည်ပြီးသွားကြခြင်းဖြစ်သည်။ မဲဇာသစ်တောစခန်း နယ်နိမိတ်အထိတော့ သွားဖူးလာဖူး၊ ရောက်ဖူးခဲ့ကြသည်။

ထိုနယ်နိမိတ်မှ ကျော်သွားသောအခါမှာတော့ သူတို့မရောက်ဖူးသေးသောတော၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်သွားကြလေသည်။





ထိုသစ်တောမှာ ကျွန်းညီနောင်သစ်တောနယ်နိမိတ်ပင်ဖြစ်သည်။

သူတို့သွားလိုသော နတ်ဘုရားကျောင်းပျက်ကြီးမှာ ကျွန်းညီနောင် သစ်တောနယ်နိမိတ်ဝန်းကျင်၌ ရှိလေသည်။ နေ့အချိန် ခရီးဆက်ကြသောအခါ အတော်ဝေးဝေးနေရာဆီမှ သစ်ပင်လှဲသံ၊ သတ်ရိုက်သံများကြားရသော်လည်း အလုပ်သမားများနှင့်တော့ မတွေ့ရသေးပေ။

"ဒါ. . ဘာသစ်တောလဲနီမောင်"

"ကျွန်းညီနောင်သစ်တောဖြစ်မှာပေါ့"

"ငါတို့သွားရမယ့်နေရာက အတော်ဝေးသေးသလား"

"ဒီသစ်တောဆုံးတဲ့အထိတော့ သွားရမယ်ထင်တယ် အလွန်ဆုံးနှစ်ရက်ပေါ့"

ထိုသို့စကားတပြောပြောနှင့် လျှောက်ကြရာ နေဝင်ချိန်ရောက်တော့ သင့်တော်သော ကျောက်ဂူပေါက်တစ်ပေါက်ကို ရှာဖွေပြီး စခန်းချကြလေသည်။

တောတွင်းခရီးသွားတို့ ထုံးစံအတိုင်း ညဘက် တောတွင်းမှာနေကြရလျှင် မီးဖိုရှိဖို့လိုသည်။

မီးဖိုရှိသောကြောင့် အနွေးဓာတ်ရသည်။ ချက်ပြုတ်စားသောက်၍ရသည်။

သားရဲတိရစ္ဆာန်များနှင့် သရဲတစ္ဆေစသော ပရလောကသားများ နှောင့်ယှက်ခြင်းမှ ကာကွယ်တားဆီးပေးနိုင်လေသည်။

သို့ကြောင့် မမှောင်ခင် ရေရှာခြင်း၊ ထင်ရှားခြင်း၊ မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ခြင်းများပြုလုပ်ကြသည်။

မီးဖိုရတော့ ရေနွေးကျိုခြင်း၊ ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်ရင်း နားကြရလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ညအချိန်ရောက်မှ အစာရှာဖွေရန်ထွက်လာသော တောကောင်ကြီးများကို ဝိုးတဝါး လှမ်းမြင်ရသည်။

သို့သော် အနားရောက်သည်အထိတော့ မလာဝံ့ကြပေ၊ မနီးမဝေးမှပင် ရစ်သီရစ်သီလာလုပ်နေပြီး အခြေအနေမဟန်မှန်းသိတော့မှ တောထဲသို့ ပြန်ဝင်သွားကြလေသည်။

ညဦးပိုင်းအချိန်စားသောက်ပြီးသောအခါ အချို့အိပ်ကြပြီး နီမောင်က ကင်းစောင့်ပေးသည်။

ဆရာကြီး ဦးဇန်ကောင်းကတော့ ပုတီးစိပ်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ တစ်တောလုံးတိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ညဦးပိုင်းကကြားနေရသော တောတိရစ္ဆာန်ကလေးများ၏ အသံများကိုပင် မကြားရသလောက် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နီမောင်က ထင်းတုံးများကို မီးမငြိမ်းစေရန် ဂရုတစိုက်ထိုးပေးနေရင်းမှ အပြင်ဘက်သို့ နားစွင့်နေလေသည်။

ထိုအခိုက်မှာပင် တောတွင်းတစ်နေရာမှ စကားပြောသံ၊ တောတိုးသံအချို့ ကြားလာရသည်။





ထိုအသံများက သူတို့ရှိရာနေသော ဂူပေါက်ဝနှင့် မနီးမဝေးသို့ ရောက်လာကြသည်။

ထို့နောက်မှာတော့ သစ်ပင်တစ်ပင်ကို လွှဖြင့်တိုက်ဖြတ်နေသောအသံ၊ သစ်ပင်လှဲရာတွင် အသုံးပြုကြသော သံသတ်ရိုက်သံများ ပေါ်ထွက်လာသည်။

လွှဖြတ်သံကအသံမကျယ်လှသော်လည်း သံသတ်ရိုက်သံကတော့ အတော်ပင်ကျယ်လောင်လှသည်။

"ဒုံး . . ဒုံး . . ဒုံး"

တဒုံးဒုံးဖြင့် မြည်သောအသံက တောတစ်တောလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

ထိုအသံကြောင့် အိပ်ပျော်နေကြသော စောထီးနှင့် ငမဲအောင်တို့ပင် ပြန်နိုးလာကြလေသည်။

"ဘာသံကြီးလဲ"

"သစ်ပင်လှဲမလို့ သံသတ်ရိုက်သံဖြစ်မှာပေါ့"

"အချိန်မတော်ကြီးမှ ဘယ်သူတွေများ သစ်ပင်လာလှဲနေတာပါလိမ့်"

"လူတွေတော့ ဟုတ်မယ်မထင်ပါဘူး"

ဟုပြောဆိုနေကြလေသည်။

သူတို့အချင်းချင်း ပြောနေသံများ တိတ်သွားတော့ သစ်ပင်လှဲနေသူများထံမှ စကားပြောသံများ ကျယ်ကျယ်လောင်လောင်နှင့် ကြားကြရပြန်သည်။

"သစ်ပင်လဲတော့မယ်ဟေ့ သတိထားကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . သစ်ပင်လဲကာနီးတော့မှ ဘရွှေက ဟိုနေရာမှာဘာသွားလုပ်နေတာလဲ၊ ဟော့ကောင်ဘရွှေ. . ဘာကြောင့်သစ်ပင်လဲမယ့်ဘက်မှာ သွားထိုင်နေတာလဲ၊ သေတော့မှာပဲ မြန်မြန်ထ၊ မြန်မြန်လာခဲ့"

ဟူသောအချင်းချင်းအော်ပြောနေသည့်အသံများကိုလည်း အတိုင်းသားကြားနေရသည်။

နီမောင်တို့ကတော့ စိတ်ဝင်စားသောကြောင့် နားထောင်နေကြလေသည်။

ခဏကြာတော့ သစ်ပင်ကြီးတစ်ပင် လဲကျသွားသောအသံကြီးကို ကြားကြရလေသည်။

"ဝုန်း. . ဝုန်း"

သစ်ပင်ကြီးလဲကျမှုကပြင်းထန်လှသောကြောင့် သူတို့ရောက်နေသော ဂူကြီးတစ်ခုလုံးပင် သိမ့်သိမ့်တုန်သွားလေတော့သည်။ မီးဖိုပေါ်၌ ချိတ်ဆွဲထားသော ရေနွေးအိုးမှ ရေများပင် အောက်သို့ကျသဖြင့် တရှဲရှဲနှင့် မြည်သံများကြားရသည်။ အခြေအနေက ထိုမျှနှင့်ပြီးမသွားပေ။

ခဏကြာတော့ တောတိုးထွက်လာသံကြားသဖြင့် ကြည့်လိုက်သောအခါ သစ်တောအလုပ်သမားနှစ်ယောက် ထွက်လာကြသည်ကို လှမ်းမြင်ရပြန်သည်။

ဂူပေါက်ဝနှင့် မနီးမဝေးရောက်တော့ ရပ်လိုက်ကြသည်။

"ဂူထဲကမိတ်ဆွေတို့၊ တဆိတ်လောက် အပြင်ထွက်ပြီး





အကူအညီပေးကြပါဦးဗျာ၊ ကျုပ်တို့လူတစ်ယောက် သစ်လှဲရင်းနဲ့ သစ်ပင်ပိသွားလို့ လာကြပါဦး"

ထိုကဲ့သို့ တစ်ယောက်ကပြောသော်လည်း နီမောင်တို့ကတော့ ဦးဇန်ကောင်းကမှာထားသောကြောင့် ဘာမှပြန်မပြောကြပေ။

ထိုအခါ အပြင်မှာရောက်နေသူနှစ်ယောက်ကလည်း သူတို့ကဘာမှပြန်မပြောသော်လည်း. . အော်ဟစ်အကူအညီတောင်းနေကြသည်။

ခဏကြာတော့ ဦးဇန်ကောင်းက ပရိတ်ရွတ်ပြီး မေတ္တာအမျှအတန်းဝေပေးလိုက်တော့မှ တောထဲပြန်ဝင်သွားကြလေသည်။

သူတို့လေးယောက်လည်း ပြန်မအိပ်ချင်ကြတော့သဖြင့် ဆက်ဖက်ရည်ကြမ်းသောက်ရင်းနှင့် မီးလှုံနေကြလေသည်။ သန်းခေါင်းယံအချိန်ကျော်တော့ တောထဲမှ ဆူဆူညံညံနှင့် အော်သံကြားရပြန်သည်။

"ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး၊ ဒီမှာ သွေးစုပ်ပြိတ္တာကြီး နောက်ကလိုက်သတ်နေလို့ သေရပါတော့မယ်၊ ကယ်နိုင်ရင်ကယ်ပေးကြပါဦး"

ထိုအော်သံက ပထမတော့ အဝေးဝေးဝေးနေရာမှ ကြားနေရသော်လည်း နောက်တော့ တဖြည်းဖြည်းနှင့်နီးလာလေတော့သည်။

အော်သံက နီးလာသလို၊ ပြေးလွှားလာသော တောတိုး



www.burmeseclassic.com

www.burmeseclassic.com



လာသံများကိုပါ ကြားကြရလေသည်။

ခဏကြာတော့ တောခေါင်းတောအုပ်အဝတ်[illegible] များဝတ်ဆင်ထားသောလူတစ်ယောက် တောထဲမှ ပြေးထွ[illegible] လာသည်။ တစ်ကိုယ်လုံးမှာလည်း သွေးများဖြင့် နီရဲနေသည်[illegible]

"ကယ်ကြပါဦးဗျာ. . ကယ်ကြပါဦး၊ ကျုပ်နောက်က[illegible] သွေးစုပ်ပြိတ္တာကြီးလိုက်လာလို့ပါ"

ထိုသို့ပြောသော်လည်း ဂူအတွင်းမှာ ထိုင်နေသော[illegible] နီမောင်တို့ကတော့ ဘာမှပြန်မပြောကြဘဲ ကြည့်နေရုံသာ [illegible] ကြည့်နေကြလေသည်။

မရှေးမနှောင်းပင်. . တောထဲမှ နောက်ထပ်လူတ[illegible] ယောက်ထွက်လာပြန်သည်။

တစ်ကိုယ်လုံး အဝတ်နက်ကြီးခြုံထားပြီး ကြောက်မ[illegible] ဖွယ်ရာကောင်းသော မျက်နှာမျိုးနှင့်ဖြစ်လေသည်။ နောက်[illegible] မကောင်းဆိုးဝါးလိုက်လာမှန်းသိသောအခါ ရှေ့မှာရောက်နေ[illegible] က ထွက်ပြေးရန်ကြိုးစားလေသည်။ သို့သော် မလွတ်တော့ပေ[illegible]

နောက်မှရောက်လာသော မကောင်းဆိုးဝါးက လက်[illegible] ရှည်ကြီးထွက်လာပြီး လှမ်းဆွဲလိုက်ရာ ယက်ကန်ယက်ကန်ဖြ[illegible] ပါသွားလေတော့သည်။

နီမောင်တို့လည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသော မြင်ကွင်းကို မျက်စိရှေ့တွင် မြင်နေရသောကြောင့် မျက်တော[illegible] မခတ်ကမ်း ကြည့်နေကြလေသည်။

"ဝိညာဉ်သွေးဘယ်မှာလဲ"





"မသိပါဘူး. . မယူပါဘူး"

"ဝိညာဉ်သွေးဘယ်မှာလဲ"

"ဝိညာဉ်သွေးကို ငါမယူဘူး၊ ငါ့ဆီမှာလည်း မရှိတော့[illegible]ဘူး"

ဟုပြောဆိုနေရင်းမှပင် ဇက်ကိုလိမ်ချိုးပြီး သတ်လိုက်[illegible]ရာ စူးစူးဝါးဝါးအော်သံကြီး ပေါ်ထွက်လာလေတော့သည်။ [illegible]နောက်တော့ မကောင်းဆိုးဝါးကောင်ကြီးက သေဆုံးနေသော [illegible]တောခေါင်းအလောင်းကို ဒရွတ်တိုက်ဆွဲကာ တောတွင်းသို့ ပြန်[illegible]ဝင်သွားလေတော့သည်။

ခဏကြာတော့ တောတွင်းမှာ ပြန်လည်ငြိမ်သက်ကာ [illegible]အသံများလည်း ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။ ထို[illegible]အခါမှ နီမောင်က တိုးတိုးမေးလိုက်သည်။

"ဝိညာဉ်သွေးဆိုတာ ဘယ်လိုမျိုးလဲဆရာကြီး"

"ဝိညာဉ်သွေးဆိုတာ တစ်ခုခုကို ပြောတာဖြစ်တယ်၊ [illegible]ခင်းတို့ သစ်တောစခန်းမှာ တောခေါင်းတစ်ယောက် သေတုန်း[illegible]က သွေးနဲ့ရေးခဲ့တဲ့စာမှာ. . 'အနီသွေး'ဆိုတာ ပါတယ်မဟုတ်[illegible]လား"

"ဟုတ်တယ်. . ပါတယ်"

"ဝိညာဉ်သွေးဆိုတာ အနီသွေးဆိုတာနဲ့ အတူတူဖြစ်[illegible]ချင်ဖြစ်မှာပေါ့၊ ဝိညာဉ်လောကသားတွေ လိုချင်တဲ့ ပစ္စည်းတစ်[illegible]ခုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

ဟုပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရကြားရတာတွေကတော့ ဆန်းကြယ်တာချ
ချည်းပဲ"

"တောထဲတောင်ထဲမှာ သွားလာနေကြတဲ့လူတွေအ
တွက် ဒီလိုဆန်းကြယ်မှုတွေနဲ့ တွေ့ကြုံရတာ ဘာများထူးဆန်း
သလဲကွာ၊ ဒီနေရာတွေမှာ ဒါမျိုးတွေက အများကြီးရှိကြတာပဲ"

ဤသို့ဖြင့် စကားပြောရင်း လက်ဖက်ရည်သောက်ရင်း
နှင့်နေကြရာ နောက်ထပ်ထူးထူးခြားခြားတော့ ထပ်မတွေ့ကြ
တော့ပေ။





# အခန်း ( ၁၃ )

# မဟူရာဒေဝီနှင့် တွေ့ဆုံရခြင်း

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်တော့မှ လေး
ယောက်သား အပြင်သို့ထွက်ကာ ခရီးဆက်ကြပြန်လေသည်။
ယခုက သစ်ပင်လဲကျသံကြားသော နေရာဘက်ရောက်တော့ ထို
နေရာတစ်ဝိုက်သို့ကြည့်ကြရာ ယခင်ကလှဲဖြတ်ထားခဲ့သော သစ်
တုံးများ၊ သစ်ကိုင်းများကိုသာ တွေ့ရပြီး လောလောဆယ်ချထား
သော သစ်ပင်တော့ မတွေ့ကြရပေ။ တစ်နေရာရောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အဖြေကို တွေ့ကြရသည်။ ကျွန်းသစ်ပင်ကြီးကို လှဲချထားပြီး မယူတော့ဘဲ ဒီအတိုင်းထားခဲ့ကြသည်ကို တွေ့ရသည်။

သစ်လုံးကြီးအောက်မှာတော့ ဖားတစ်ကောင်ကဲ့သို့ ပိပြားနေသော လူတစ်ယောက်အလောင်းကို တွေ့ကြရသည်။ အရိုးကျနေပြီဖြစ်သောကြောင့် မည်သူမည်ဝါမှန်းပင် မသိနိုင် တော့ပေ။

နီမောင်တို့လည်း စိတ်မကောင်းစွာနှင့်ပင် ထိုနေရာ ဖြတ်ကျော်လာခဲ့ကြသည်။

၄င်းတို့လေးယောက်သည် တောလမ်းခရီးသွားနေရ ဖြစ်သောကြောင့် နားလိုက်သွားလိုက်ဖြင့် သွားကြရာ နေ့လည် ပိုင်းအချိန်ရောက်သောအခါမှာတော့ အတော်ပင် ခရီးပေါက် ခဲ့ကြပေပြီ။

ကျွန်းညီနောင်သစ်တောနယ်နိမိတ်၏ မြောက်ဘက် အစွန်ဘက်သို့ပင် ရောက်လာကြလေသည်။

ညနေစောင်းအချိန်ရောက်သောအခါ နတ်ဘုရား ကျောင်းပျက်ကြီးရှိရာသို့ ရောက်သွားကြလေသည်။

သစ်ပင်များအုံ့ဆိုင်းနေသော တောနက်ထဲမှာ ထီးထီး ကြီးရှိနေခြင်းပင်ဖြစ်သည်။ ထိုနေရာရောက်တော့ လေးယောက် သား ရပ်လိုက်ကြသည်။

"ဆာဒူးအဘိုးကြီးပြောလိုက်တာ ဒီနတ်ဘုရားကျောင်း ပျက်ကြီးပဲဖြစ်မယ်ထင်တယ်"

နီမောင်က တစ်ယောက်တည်း ရေရွတ်သလိုနှင့် ပြော





ိုက်လေသည်။

"မင်းကို သေသေချာချာပြောလိုက်တယ် မဟုတ်လား"

"သူပြောတဲ့ပုံသဏ္ဌာန်အတိုင်းဆိုရင်တော့ ဒီနေရာပဲ ဖြစ်မယ်၊ ဒီကျောင်းပျက်ထဲမှာ မဟူရာဒေဝီဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ရမယ်လို့ သေသေချာချာမှာလိုက်တယ်"

"ဒါဖြင့်လည်း အခြေနေကြည့်ပြီးတော့ အထဲဝင်ကြည့် ကြရအောင်"

ဟု ဦးဗန်ကောင်းကပြောသဖြင့် လေးယောက်သား နတ်ဘုရားကျောင်းပျက်ကြီးအတွင်းသို့ ဝင်ကြည့်ကြလေသည်။

ကျောင်းပျက်ကြီးတစ်ခုလုံးမှာတော့ လူသူအရိပ် အ ယောင်မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နတ်ဘုရားကျောင်းကြီးမှာ ဟိန္ဒူနတ်ဘုရားကျောင်းပုံ သဏ္ဌာန်မျိုးဖြစ်လေသည်။

အပေါက်ဝတွင် ကြောက်စရာကောင်းသော ပုံပန်း သဏ္ဌာန်ရှိသည့် ကျောက်ဖြင့်ထုလုပ်ထားသော ရုပ်တုကြီးများ ရှိသည်။

သို့သော် နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ယိုယွင်း ပျက်စီးနေရာ ပုံပန်းသဏ္ဌာန်ပင်မပေါ်ကြတော့ပေ။

အတွင်းဘက်သို့ ဝင်ကြည့်ကြရာ အထဲတွင် အနက် ရောင်ကျောက်တုံးကြီးဖြင့် ထုလုပ်ထားသော နတ်ဘုရားရုပ်တု ကြီးတစ်ရုပ်ရှိလေသည်။

၄င်းမှာ ထုထည်ကြီးမားသော ကျောက်နက်တုံးကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထုထားခြင်းဖြစ်ရာ ပျက်စီးယိုယွင်းမှုမရှိလှသေးဘဲ မူလပုံပန်းသဏ္ဌာန် ပေါ်နေသေးသည်။

မျက်လုံးနှစ်လုံးက အပြင်ဘက်သို့ ပြူးထွက်နေပြီး နှာခေါင်းပွပွကြီးအောက်မှာတော့ ကျယ်ပြန့်သော ပါးစပ်ပြဲကြီး ရှိနေသည်။ သွားနှင့်အစွယ်ချွန်များက အပြင်ဘက်သို့ထွက်နေသောကြောင့် ဘီလူးတစ်ကောင်သွားဖြဲနေသည်နှင့်ပင် များစွာတူလှလေသည်။

ပလ္လင်ပေါ်မှာထိုင်နေခြင်းဖြစ်ပြီး လက်ထဲမှာ တောကောက်ကြီးကိုင်ထားလေသည်။

သူတို့လေးယောက် အတွင်းသို့ ဝင်ရောက်သွားသောအချိန်မှာ နေရောင်ခြည်ရှိနေသေးသော်လည်း သစ်ပင်များနှင့်ကွယ်သွားပြီဖြစ်သောကြောင့် မမြင်ရတော့ပေ။

"နတ်ဘုရားရုပ်တုကြီးက အနက်ရောင်ကျောက်တုံးကြီးနဲ့ ထုထားတာပဲ. . လက်ရာအတော်မြောက်တယ်၊ ဒါထက်ဒီအထဲမှာ ဘယ်သူမှမရှိပါလား"

စောထီးက ပြောလိုက်သည်။

"ဆာဒူးအဘိုးကြီးကတော့ ဒီကျောင်းပျက်ထဲမှာ မဟူရာဒေဝီနဲ့ တွေ့ရမယ်လို့ သေသေချာချာ မှာလိုက်တာပဲ"

"ဒါဖြင့်လည်း ဒီနေရာကပဲ စောင့်ကြတာပေါ့၊ ငါတို့ရောက်နေမှန်း သိရင်တော့ သူရောက်လာမယ်ထင်ပါတယ်"

ဟု ဦးဇန်ကောင်းကပြောသဖြင့် ကျောင်းပျက်ကြီးအတွင်းမှာပင် သင့်တော်သောနေရာ၌ စခန်းချနေကြလေသည်။





နီမောင်ကတော့ ထိုနေရာရောက်ကတည်းက စိတ်လှုပ်ရှားနေလေသည်။ သူ့စိတ်ထဲမှာ ဆာဒူးအဘိုးကြီး ပြောလိုက်တာ ဟုတ်မှဟုတ်ပါ့မလားဟု မကြာခဏ တွေးနေမိသည်။

အကယ်၍ သူမျှော်လင့်သလို မဟုတ်ခဲ့ရင်တော့ အချိန်ကုန်လူပန်းဖြစ်ရတော့မည်ဟုလည်း စဉ်းစားမိသည်။

သို့သော်လည်း တစ်ဘက်မှလည်း. . .

"ငါကအများအတွက် ကောင်းဖို့လုပ်ပေးတာပဲ၊ မဟုတ်တော့လည်း ပြန်သွားကြရုံပေါ့"

ဟု စိတ်ကို ဖြေတွေးထားလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဘုရားကျောင်းပျက်ကြီးအတွင်းမှာ မှောင်သွားလေသည်။

သို့သော် "မဟူရာဒေဝီ" ဆိုသူရောက်လာပါက အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် မီးမဖိုကြတော့ပေ။

ထိုသို့နေရင်းမှာ အချိန်အတော်ကြာသောအခါမှာတော့ ကျောင်းပျက်ကြီးအတွင်းသို့ အဝတ်မည်းကြီးများ ခြုံထားကြသော လူသုံးယောက်ဝင်လာကြသည်။

အပေါက်ဝဘက်မှာ အလင်းရောင်အချို့ရှိနေသောကြောင့် ၎င်းတို့ဝင်လာသောအခါ အရိပ်မည်းကြီး အရင်ထိုးကျလာပြီးမှ ဝင်ရောက်လာခြင်းဖြစ်ပေသည်။

နီမောင်တို့ကတော့ လူတွေလား၊ နာနာဘာဝတွေလား သေသေချာချာမသိကြရသဖြင့် အခြေအနေကြည့်ရုံသာ ငြိမ်နေကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသောသုံးယောက်က သူတို့ရှိနေသော နေရာနှင့် မနီးမဝေးရောက်တော့ ရပ်လိုက်ကြသည်။

“ငါတို့ပိုင်နက်ထဲကို ဝင်ရောက်နေတာ ဘယ်သူတွေလဲ”

“ခရီးသွားတွေပါ”

ဦးပန်ကောင်းက ပြန်ပြောလိုက်သည်။

“ဘာအတွက် ဒီနေရာလာတာလဲ”

“မဟူရာဒေဝီနဲ့ တွေ့ဖို့လာတာပါ”

“မဟူရာဒေဝီက တွေ့ချင်တိုင်း တွေ့လို့မရဘူး. .၊ အထောက်အထားဘာပါသလဲ”

“ကာလီနတ်ဘုရား ရုပ်တုပါလာပါတယ်”

“မြင်သာအောင်ပြပါ”

ဟုပြောသဖြင့် ဦးပန်ကောင်းက နီမောင်ထံမှာပါလာသော ရုပ်တုကလေးကို တောင်းယူပြီး ထောင်ပြလိုက်သည်။

ရုပ်တုက အနက်ရောင်ကျောက်တုံးဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး အရွယ်အစားက သုံးလက်မလောက်သာရှိသည်။ အမှောင်ထဲတွင် မြင်ရ,မမြင်ရ မသိသော်လည်း လက်ဖြင့်ကိုင်ကာ မြှောက်ပြလိုက်လေသည်။

ထိုသို့မြှောက်ပြလိုက်သောအခါမှာတော့ နီမောင်လက်ထဲ၌ကိုင်ထားသော ရုပ်ထုလေးမှာ အလင်းရောင်အချို့ လက်သွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါမှ ဝင်လာသူ သုံး





ယောက်လည်း စိတ်ချယုံကြည်သွားဟန်ရှိကြပေသည်။

“ကောင်းပြီ . . မဟူရာဒေဝီနဲ့ တွေ့လိုလျှင် ဤနေရာကသာစောင့်ကြပေတော့၊ မကြာခင် သူရောက်လာပါလိမ့်မယ်”

ဟုပြောဆိုကာ အဝတ်နက်ကြီးများခြုံထားသော လူသုံးယောက်တို့မှာ အမှောင်ရိပ်အတွင်းသို့ ပြန်ထွက်သွားကြလေတော့သည်။ ထိုအခါမှပင် နီမောင်တို့လည်း သက်ပြင်းချနိုင်ကြပေတော့သည်။

ထိုသုံးယောက်ထွက်သွားပြီး အတန်ကြာသောအခါမှာတော့. . နတ်ဘုရားကျောင်းအတွင်းသို့ နောက်ထပ်လူတစ်ယောက်ဝင်ရောက်လာပြန်လေသည်။

ပုံပန်းသဏ္ဌာန်ကိုကြည့်ရှုနှင့်ပင်. . အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သိကြရသည်။

သူမသည်လည်း တစ်ကိုယ်လုံးအဝတ်နက်ကြီး ခြုံထားလေသည်။ မနီးမဝေးရောက်တော့ ရပ်လိုက်သည်။

“မဟူရာဒေဝီဆိုတာငါပဲ၊ ဘာအတွက်တွေ့ချင်တာလဲ”

“အကူအညီတောင်းချင်လို့ပါ”

“ဒီနေရာကို ဘယ်သူကလမ်းညွှန်ပေးလိုက်တာလဲ”

“ဆာဒူးအဘိုးအိုတစ်ယောက်က လမ်းညွှန်ပေးလိုက်တာပါ. .”

“သူပေးလိုက်တဲ့အထောက်အထား ပြပါ”

ဟုပြောသဖြင့် မဟူရာကျောက်ဖြင့်ထုထားသော ကာလီနတ်ဖုရားရုပ်တုလေးကို မြင်သာအောင်. . မြှောက်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စောစောကအတိုင်းပင် အလင်းရောင်တစ်ချက် လက်သွားသည်ကို တွေ့ကြရသည်။

"မှန်ကန်ပါတယ်"

ဟုပြောသဖြင့် နီမောင်က ထိုရုပ်တုလေးကို ပြန်သိမ်းထားလိုက်သည်။

"သင်တို့လိုချင်တဲ့ အကူအညီကို ပြောပြပါ"

"ကျွန်တော်တို့နေတဲ့အရပ်မှာ သရဲသဘက်စတဲ့ဝိညာဉ်တွေ လာရောက်နှောင့်ယှက်နေလို့ အပြစ်မရှိတဲ့လူတွေ သေကြေပျက်စီးနေကြရပါတယ်"

"သစ်ပင်တစ်ပင်လှဲရင် အပြစ်မရှိတဲ့အပင်တွေ ကျိုးပဲ့ပျက်စီးကြရသလိုပဲ အပြစ်ရှိတဲ့လူတွေကို ဒဏ်ခတ်ရင်းနဲ့ အပြစ်မဲ့တဲ့သူတွေပါ ပါကုန်တဲ့သဘောမျိုးပါပဲ"

"ကျွန်တော်တို့ကို လာရောက်နှောင့်ယှက်နေတဲ့ မကောင်းဆိုးဝါးတွေကို ဖမ်းဆီးပေးပါ"

"ဒီကိစ္စက နာနာဘာဝမှုဆိုးတွေ လုပ်ပေးနိုင်ကြပါလိမ့်မယ်၊ သင်တို့အကူအညီတောင်းရင် သူတို့က အကူအညီပေးကြပါလိမ့်မယ်"

"ဘာကြောင့်ဒီလိုအဖြစ်မျိုးတွေ ဖြစ်နေရတယ်ဆိုတာလဲသိချင်ပါတယ်"

"ငါ့နောက်ကလိုက်ခဲ့ပါ။ ဝိညာဉ်အကျဉ်းသားတွေထားတဲ့ ဝိညာဉ်လှောင်အိမ်ရှိတဲ့ နေရာရောက်တဲ့အခါ သင်တို့သိချင်တာတွေ သိကြရပါလိမ့်မယ်"





ဟုပြောပြီး အပြင်သို့ ပြန်လှည့်ထွက်သွားရာ နီမောင်တို့လေးယောက်လည်း ပစ္စည်းအချို့လောက်သာယူပြီး အချို့ပစ္စည်းများကို ထိုနေရာ၌ စုပုံထားခဲ့ကာ အပြင်သို့ ထွက်လိုက်ကြလေတော့သည်။

အပြင်ဘက်ရောက်တော့ သူတို့နှင့် မလှမ်းမကမ်းနေရာမှ လျှောက်သွားသော မဟူရာဒေဝီ၏ပုံရိပ်ကို ဝိုးတဝါးမြင်နေရသောကြောင့် နောက်မှလိုက်သွားကြလေတော့သည်။

ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သော်လည်း.. ကောင်းကင်မှ အလင်းရောင်အချို့ကြောင့် သစ်တောများအတွင်း၌ ဝိုးတဝါး အလင်းရောင်များ ရှိနေသည်။

သို့ကြောင့် သစ်တောများအတွင်းမှ သွားနေကြရသော်လည်း ပတ်ဝန်းကျင်ကိုတော့ ဝိုးတဝါးမြင်နေကြရခြင်း ဖြစ်ပေသည်။

တောနက်တွင်း တစ်နေရာရောက်တော့ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော နေရာအောက်တွင် ကျောက်ဂူတစ်ဂူကို တွေ့ကြရသည်။

သဘာဝအတိုင်းရှိနေသော ဂူမျိုးဖြစ်ပြီး အပေါက်ဝမှာတော့ ကျောက်တံခါးတစ်ချပ် ပိတ်လျှက်သားရှိနေသည်။ ထိုနေရာရောက်တော့ ရှေ့မှသွားနေသော မဟူရာဒေဝီက ရပ်တံ့လိုက်သဖြင့် နီမောင်တို့လေးယောက်လည်း မနီးမဝေးမှာ ရပ်လိုက်ကြသည်။

ထို့နောက် မဟူရာဒေဝီက လက်ဖြင့် ဝှေ့ယမ်းယမ်းရှား



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ရာ ပိတ်နေသော ကျောက်တံခါးချပ်ကြီးမှာ တဖြည်းဖြည်းနှင့် ဟသွားလေတော့သည်။

မဟူရာဒေဝီက ထိုအပေါက်ဝမှ အတွင်းသို့ဝင်သွားရာ နောက်မှလိုက်သွားကြရပြန်သည်။

အတွင်းရောက်တော့ သွေးညှီနံ့များရသည်။

သူတို့ရောက်သွားသောဂူထဲတွင် သတ္တဝါများ သတ်ဖြတ်ကာ ယဇ်ပူဇော်သောနေရာများ ရှိပေသည်။

အမှောင်ထဲမှာဖြစ်သောကြောင့် နီမောင်တို့ကတော့ မမြင်ကြရပေ. . .။

တစ်နေရာရောက်တော့ ကျောက်ပလ္လင်ဖြင့် တင်ထားသော နတ်ဖုရားရုပ်တုတစ်ခုကို တွေ့ကြရသည်။ ပုံပန်းသဏ္ဌာန် မြင်ရုံနှင့် ကာလီနတ်ဖုရားရုပ်တုမှန်း သိကြပေသည်။

သို့သော်လည်း သူတို့အနေဖြင့် ထိုဂူထဲတွင် ဝိညာဉ် အကျဉ်းသားများကို လှောင်ထားသော ဝိညာဉ်လှောင်အိမ် ရှိနေမှန်းတော့ မသိကြပေ. . .။

ထိုနေရာရောက်သောအခါ မဟူရာဒေဝီက နေရာမှာ ရပ်တဲ့ပြီး နံရံသို့ လက်ညှိုးထိုးပြသေလည်။

"ဟိုနံရံကိုကြည့်လော့"

လေးယောက်သား ဘာမှမမြင်ရသော နံရံသို့ ကြည့်သောအခါ ဝိုးတဝါးပုံရိပ်များ ပေါ်လာလေသည်။

ထိုပုံရိပ်များက ပထမတော့ မီးခိုးငွေ့များကဲ့သို့ ဝေ့ဝေ့ဝါးဝါး ဖြစ်နေသော်လည်း ခဏကြာတော့ အရာဝတ္ထုတစ်ခုကို





လက်နှိပ်မီးရောင်ဖြင့် ထိုးပြနေသကဲ့သို့ သဲကွဲလာလေသည်။

ဦးစွာ နတ်ရုပ်တုကြီးပေါ်လာသည်။

နတ်ရုပ်တုကြီးထိပ်မှ အလင်းတန်းများ ဖြာထွက်နေသည်လည်းတွေ့ရသည်။

ထို့နောက် လူသုံးယောက်ရောက်လာပြီး နတ်ရုပ်ကြီး ထိပ်မှ အလင်းရောင်ထွက်နေသော အရာဝတ္ထုကို ဖြတ်ယူကြလေသည်။

"ဟင်. . ."

ထိုသုံးယောက်ထဲမှ တစ်ယောက်၏မျက်နှာကို မြင်သောအခါ နီမောင်က မှတ်မိသွားလေသည်။

သူတို့စခန်းသို့ မကြာသေးခင်ကမှ တောပြောင်းရောက်လာသော မင်းဒင်ဆိုသူ၏ မျက်နှာနှင့် များစွာဆင်တူလှပေသည်။ ၎င်းတို့သုံးယောက်ပုံရိပ်များ ပျောက်သွားသောအခါမှာတော့ သရဲသဘက်များက များစွာစိတ်ဆိုးကြပြီး ၎င်းတို့သွားရာ နောက်သို့ တကောက်ကောက်လိုက်လံပြီး သတ်ဖြတ်ပစ်ကြသည်ကိုလည်း တွေ့မြင်ရသည်။

တစ်ယောက်ဆိုလျှင် ဝိညာဉ်လောကသားများက အတင်းအဓမ္မ ချုပ်နှောင်ပြီး လဲကျတော့မည့် သစ်ပင်ကြီးတစ်ပင် အောက်သို့ သွားရောက်ချထားကြသည်ကိုလည်း တွေ့ကြရလေသည်။ နောက်တော့ မြင်ကွင်းများက တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

"လူယုတ်မာတွေက နတ်ဖုရားကျောင်းမှာ ပူဇော်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဝိညာဉ်သွေး(ပတ္တမြား)ကို ဖြုတ်ယူသွားကြတယ်၊ ဒီရတနာ ပစ္စည်းက ကျိန်စာတိုက်ထားတဲ့ ပစ္စည်းမျိုးဆိုတော့ ဘယ်သူမှ ယူလို့ သုံးလို့မရဘူး၊ ယူတာနဲ့ ဝိညာဉ်တွေရဲ့ သတ်ဖြတ်ခြင်းကို ခံကြရမှာပဲ၊ သင်တို့ဆီမှာ လူတွေသေနေခြင်းဟာ ဒါကြောင့်ပဲ ဖြစ်တယ်"

ဟု မဟူရာဒေဝီက ပြောပြသည်။

"အပြစ်ရှိတဲ့လူတွေကြောင့် အပြစ်မရှိတဲ့လူတွေ သေကြရတာတော့ မကောင်းပါဘူး၊ ဝိညာဉ်တွေရဲ့ နှောင့်ယှက်မှု ကင်းသွားအောင် ဘယ်လိုလုပ်ပေးရမလဲ"

"ဝိညာဉ်သွေးကိုရှာပြီး မူလနေရာရောက်အောင် ပြန်ထားပေးမှ ပြေပျောက်မယ်"

"ဝိညာဉ်သွေးဆိုတာ ဘယ်လိုအရာမျိုးလဲ"

"တန်ဖိုးရှိတဲ့ ပတ္တမြားတစ်လုံးပါပဲ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားကြလေသည်။

"ကျွန်တော်တို့က ဘာလုပ်ပေးစေချင်ပါလဲ"

"ဝိညာဉ်သွေးကို ပြန်ရဖို့ အကူအညီပေးရမယ်၊ ပြန်ရပြီဆိုတာနဲ့ သင်တို့ဆီမှာ အနှောင့်အယှက်ပေးနေတဲ့ မကောင်းဆိုးဝါးတွေကို 'နာနာဘာဝမုဆိုး' တွေလွှတ်ပြီး ဖမ်းဆီးခိုင်းပါမယ်"

"ကောင်းပါပြီ၊ ကျွန်တော်တို့ သိသင့်သလောက် သိရပြီဆိုတော့ ဝိညာဉ်သွေးပြန်ရဖို့ အတတ်နိုင်ဆုံး ကြိုးစားပေးပါမယ်"





ဟု နီမောင်က ကတိပေးလိုက်သည်။

"ကောင်းပြီ၊ ဒီညတော့ ဒီနေရာမှာပဲ နေကြပါ၊ မနက် ...င်းတော့ သင်တို့နဲ့ ဆက်သွယ်ရမယ့်သူတွေက လာရောက် ...ါကြလိမ့်မယ်"

ဟုပြောဆိုကာ မဟူရာဒေဝီက အမှောင်ရိပ်တွင်းသို့ ...င်ရောက်ကွယ်ပျောက်သွားလေတော့သည်။

ထိုအခါမှ လေးယောက်သား သင့်တော်သောနေရာ ...ိုင်ထိုင်နားကာ အချင်းချင်းပြောကြရပြန်လေသည်။

ဦးဇန်ကောင်းက စတင်ပြီး . . .

"ငါစိတ်ထဲမှာ ထင်နေတာ အခုမှပဲအဖြေပေါ်ပေတော့ ...ယ်၊ နီမောင့်ဆီကို ဆာဒူးအဘိုးကြီးရောက်လာကတည်းက ...အကြောင်းမဲ့တော့ မဟုတ်လောက်ဘူးဆိုတာ သိတယ်"

ဟုပြောလေသည်။

"ဒါထက် နတ်ဘုရားရုပ်တုကြီးဆီက ပတ္တမြားခိုးသွား ...တဲ့လူသုံးယောက်ထဲမှာ တောခေါင်းအဝတ်အစားနဲ့တစ်ယောက် ...ါတယ်၊ နောက်တစ်ယောက်က ငါတို့စခန်းကို အခုမှရောက် ...ာတဲ့ မင်းဒင်ဆိုတဲ့လူနဲ့ မတူဘူးလား"

ဟု ငမဲအောင်ကပြောသည်။

"တူရုံဘယ်ကပါ့မလဲ သူပဲဖြစ်မှာပေါ့၊ ဒီလိုဆိုရင် ကျွန်း ...ီနောင်သစ်စခန်းမှာသေတဲ့ တောင်ခေါင်းဆိုတာ ပတ္တမြားကြီး ...ယူသွားတဲ့ တောခေါင်းများ ဖြစ်မလားမသိဘူး"

စောထီးကပါဝင်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံဆိုရင်တော့ ပတ္တမြားကြီးက တခြားနေရာမရော
လောက်သေးဘူး၊ ကျွန်းညီနောင်သစ်တောစခန်းမှာ ရှိချင်ရှိ
မရှိရင်တော့ ငါတို့သစ်တောစခန်းကို ရောက်နေလောက်ပြီ"

နီမောင်စကားကြားတော့ ငမဲအောင်ကမေးသည်။

"ဘယ်လိုကြောင့်လဲ"

"ငါတို့စခန်းက တောခေါင်းသောင်းရွှေသေတော့ သွေး
နဲ့စာရေးထားခဲ့တယ် မဟုတ်လား၊ ကျွန်းညီနောင် သစ်တော
ခန်းက တောခေါင်းသေတော့လည်း အဲဒီလိုပဲ သွေးနဲ့ စာရေး
ထားခဲ့တယ်လို့ ပြောသံကြားတယ်"

"ဖြစ်ပုံခြင်းကတူတော့ မင်းပြောတာလည်း ဖြစ်နိုင်ပါ
တယ်. ."

"မကြာခင်တော့ အဖြေသိရတော့မှာပါ၊ မဟူရာအေး
ပြောသွားတဲ့အတိုင်း မနက်ဖြန်မှာရောက်လာမယ့်လူတွေကို
စောင့်တွေ့ပြီးမှ အခြေအနေကြည့်ပြီး လုပ်ကြရမှာပဲ"

ဟု ပြောဆိုနေကြလေသည်။

ထိုညအဖို့ ဝိညာဉ်လျှောင်အိမ်ရှိသော ဂူထဲမှာနေကြ
ရသော်လည်း အန္တရာယ်အယှက် တစ်စုံတစ်ရာတော့ မတွေ့ကြ
ရပေ။ သို့သော် မည်သူမှ မအိပ်ဝံ့ကြသဖြင့် စကားပြောရင်းနှင့်
ဒီအတိုင်းသာ နေကြရပေသည်။





# အခန်း ( ၁၄ )

# ာဝရေစက် မူးစာမက်သောသူ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါမှာ
ူတို့ရှိနေသောဂူသို့ လူသုံးယောက်ရောက်လာကြသည်။

အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားနှစ်ယောက်တို့
ကြသည်။ အမျိုးသမီးမှာ မြနှင်းဖြူဖြစ်ပြီး ကျန်နှစ်ယောက်က
တော့ မာလနှင့် ဗာလတို့ နှစ်ယောက်ပင်ဖြစ်သည်။

"ကိုနီမောင်ဆိုတာ ဘယ်သူပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီရောက်လာတော့ အမျိုးသမီးကမေးလိုက် သည်။

"ကျွန်တော်ပါပဲ"

"ဒီလိုဖြင့် ကျွန်မတို့ ရွာကိုလိုက်ခဲ့ကြပါရှင်၊ ဟိုမှာ တည်းခိုနေထိုင်ဖို့ စီစဉ်ထားပါတယ်"

ဟုခေါ်သဖြင့် နီမောင်တို့လည်း ပစ္စည်းများသိမ်းဆည်းပြီးနောက်၊ သူမတို့ခေါ်ဆောင်ရာနောက်သို့ လိုက်သွားကြသည်။

သစ်တောများအတွင်းမှ ဖြတ်သွားကြရခြင်းဖြစ်ပြီး တောထဲမှာတော့ ထွေထွေထူးထူး မတွေ့ကြရပေ။ နေမြင့်ချိန်ရောက်တော့ ရွာတစ်ရွာသို့ ရောက်သွားကြသည်။ ရွာဟုဆိုသော်လည်း အိမ်များ၊ တဲများ သီးသီးသန့်သန့် ဆောက်ထားခြင်းမျိုးမဟုတ်ဘဲ ကျောက်ဂူများကို နေအိမ်သဖွယ်ပြုလုပ်ကာ နေထိုင်ကြခြင်းဖြစ်သည်။

အချို့လည်း သစ်တောအစပ်တွင် တဲများထိုကာနေကြသည်။ ထိုရွာမှာနေကြသူအတော်များများမှာ မဏိပူရဘက် အိန္ဒိယဘက်မှ လာရောက်နေထိုင်ကြသူများဖြစ်သဖြင့် ဒေသခံ တိုင်းရင်းသားများနှင့် မတူကြဘဲ များစွာအသားမည်းလှသည်။ ရုတ်တရက်ကြည့်ပါက အာဖရိကတောထဲတွင် နေကြသော လူရိုင်းများနှင့်ပင် တူလှလေသည်။

ထိုရွာသူရွာသားများကိုမြင်တော့ စောထီးက တိုးတိုးကပ်ပြောလေသည်။





"ငါတို့တောထဲမှာနေကြတဲ့ ကုလားရွာတစ်ရွာ ရောက်လာကြတာလား၊ ဒါမှမဟုတ် လူရိုင်းတွေနေတဲ့ နေရာကိုများ ရောက်လာကြရော့သလား"

"တိုးတိုးပြော. . တော်ကြာ ကြားသွားလို့ ခေါင်းဖြတ်အသတ်ခံနေရဦးမယ်"

ဟု ငမဲအောင်က ပြန်ပြောတော့မှ အသံတိတ်သွားလေသည်။ မြနှင်းဖြူက သူတို့လေးယောက်ကို ကျောက်ဂူတစ်လုံးရှိသောနေရာသို့ ခေါ်သွားလေသည်။

ထိုကျောက်ဂူမှာ တောင်ကုန်းတစ်ခုပေါ်တွင် ရှိလေသည်။ ထိုဂူသို့ရောက်သောအခါ နီမောင်တွေ့ခဲ့ရသော ဆာဒူးအဘိုးကြီးကို ပြန်တွေ့ရလေသည်။

အခြားသူတော့ မဟုတ်ပေ။

အဘိုးကြီး ချန္ဒရာပင်ဖြစ်သည်။

"လာကြ. . လာကြ. . အခုလို တကူးတက ရောက်လာကြတာ ဝမ်းသာပါတယ်"

ဟုပြောဆိုကာ နေရာထိုင်ခင်းပေးသည်။

ကြိုတင်စီစဉ်ထားဟန်ရှိသော အစားအသောက်များကို ကျွေးမွေးလေသည်။

"ဘာမှ အားမနာကြနဲ့ စားသာစားကြပါ"

ဟုပြောသဖြင့် တောထဲမှရသော အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ကြရလေသည်။

စားသောက်ပြီးတော့မှ အကျိုးအကြောင်းမေးမြန်းရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ကျွန်တော်တို့ကို ဒီနေရာရောက်အောင်ခေါ်တာ ဘာအတွက်ပါလဲ"

"အဓိက,ကတော့ မင်းတို့ရဲ့ အကူအညီကို ရချင်လို့ပဲ"

"ဘယ်လိုအကူအညီမျိုး ပေးရမလဲ"

"ညတုန်းက မဟူရာဒေဝီနဲ့ တွေ့ခဲ့ရပြီမဟုတ်လား သူပြောလို့လည်း အကြောင်းစုံသိရပြီ မဟုတ်လား"

"ဟုတ်ကဲ့. . သိသင့်သလောက်တော့ သိပြီးပါပြီ"

"နတ်ဘုရားကျောင်းက မသမာတဲ့သူတွေ ခိုးယူသွားတဲ့ ပတ္တမြားကြီးက ငါတို့ရွာသူရွာသားတွေအတွက် အမြတ်ထားတဲ့ ပစ္စည်းဖြစ်တယ်၊ နောက်တစ်ချက်က အဲဒီပတ္တမြားကြီးက သာမန်မဟုတ်ဘူး၊ ဝိညာဉ်တွေနဲ့ပတ်သက်တဲ့ ပစ္စည်းမျိုးပဲ"

"ဘယ်လိုပတ်သက်တယ်ဆိုတာ ပြောပြပါဦး"

ဦးဇန်ကောင်းက ဝင်မေးလိုက်သည်။

"ဝိညာဉ်တွေနဲ့ ပတ်သက်တယ်ဆိုတာ ဝိညာဉ်တွေ အမြဲစောင့်ရှောက်နေတယ်ဆိုတာကို ပြောတာပါ၊ ဒါကို ခိုးယူသွားတဲ့လူတွေဟာ ဝိညာဉ်တွေသတ်လို့ သေကြရမှာပဲ"

ဟုပြောပြလေသည်။

"ကျွန်တော်တို့ညက တွေ့တာကတော့ ပတ္တမြားကြီးနဲ့ သစ်တောဌာနမှာ အလုပ်လုပ်နေတဲ့ လူသုံးယောက် ဖြုတ်ယူသွားတာ တွေ့လိုက်တယ်၊ သူတို့က ဘယ်စခန်းကလဲ"





နီမောင်ကမေးတော့ ချန္ဒရာက ခေါင်းခါပြသည်။

"သူတို့ဘယ်ကလာတယ်ဆိုတာတော့ ငါတို့မသိဘူး၊ ဒါပေမယ့် ဒီမှာအကျဉ်းကျနေတဲ့ ဝိညာဉ်တွေကတော့ သူတို့နောက်ကို လိုက်သွားကြပါပြီ"

"အကျဉ်းကျတဲ့ ဝိညာဉ်ဆိုတာ ဘယ်လိုမျိုးလဲ"

"ကာလီနတ်ဘုရားကျောင်းထဲမှာ ဆိုးသွမ်းတဲ့ဝိညာဉ်တွေကို ဖမ်းဆီးလှောင်ထားတဲ့ ဝိညာဉ်လှောင်အိမ် ရှိပါတယ်၊ အပြစ်ရှိတဲ့ ဝိညာဉ်တွေကို ဖမ်းဆီးပြီး အဲဒီမှာ လှောင်ထားပါတယ်"

"ဘယ်သူတွေက ဖမ်းတာလဲဟင်"

"ငါတို့ရွာမှာ ဝိညာဉ်ဖမ်းနိုင်တဲ့ နာနာဘာဝမှုဆိုးတွေ ရှိတယ်၊ သူတို့အပါအဝင်ပေါ့"

ချန္ဒရာက မနီးမဝေးမှာ ရှိနေကြသော မာလနှင့် ဇာလ တို့နှစ်ယောက်ကို ညွှန်ပြလေသည်။

အထက်လမ်းပညာ၊ အောက်လမ်းပညာနှင့် စုန်းကဝေ ပညာတတ်ကျွမ်းကြသော ပညာသည်တို့မှာ ပရလောကသား ဝိညာဉ်များကို ဖမ်းဆီးနိုင်ခြင်း၊ လိုသလို စေခိုင်းနိုင်ခြင်းများ ပြုလုပ်နိုင်ကြသည်။

ယခု ထိုရွာမှာနေကြသူတို့မှာလည်း ထိုကဲ့သို့သောပညာများ တတ်ကျွမ်းကြသည်ဟုတော့ ယူဆရပေသည်။ ချန္ဒရာက ဆက်ပြောသည်။

"ဝိညာဉ်ဆိုးတွေက ပတ္တမြားယူသွားတဲ့လူတွေနောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုက်သွားကြတယ်၊ ပတ္တမြားကို မရမချင်း မတွေ့မချင်း ဈေး
တဲ့လူကို သတ်ဖြတ်နေကြမှာပဲ. . ."

"ဒီတော့ ကျွန်တော်တို့က ဘယ်လိုကူညီဆောင်ရွက်
ပေးရမလဲ"

"ပတ္တမြားကို ပြန်ရဖို့အတွက် ပေါ်ဒီမိန်းကလေးနဲ့ သူ
တို့နှစ်ယောက်က အဲဒီနယ်ဘက်တွေကို သွားကြရလိမ့်မယ်. .
သူတို့သုံးယောက်က အဲဒီနေရာဘက်တွေကို တစ်ခါတစ်ခါ
မှ မရောက်ဖူးတော့ သူတို့အတွက် အကူအညီတွေလိုပါတယ်
ဒါကြောင့် မင်းတို့ဆီလာပြီး တကူးတက အကူအညီတောင်း
ရခြင်းဖြစ်ပါတယ်. . ."

ဟု ရှင်းပြလေသည်။

သည်တော့မှ နီမောင်တို့လည်း အခြေအနေကို သ
ဘောပေါက်ကြရလေတော့သည်။

"တခြားသူတွေဆီမှာ အကူအညီတောင်းရင်လည်း ရပါ
ရက်နဲ့ ဘာကြောင့် ခရီးဝေးတဲ့ ကျွန်တော်တို့ဆီကိုမှ တကူးတက
ရောက်လာပြီး အကူအညီတောင်းရတာပါလဲ"

ဟုမေးလိုက်သည်။

"ဝိညာဉ်လောကနဲ့ လုပ်ပြတဲ့နေရာမှာ လူတွေနဲ့လုပ်ရ
တာမျိုးနဲ့မတူဘူး၊ နတ်တွေကို ဝင်စေချင်တဲ့နေရာမှာ. . လူတိုင်း
ရဲ့ကိုယ်ထဲကို ဝင်လို့မရသလိုမျိုးပေါ့၊ ဒါကြောင့် အကူအညီ
တောင်းတဲ့နေရာမှာလည်း သင့်တော်တဲ့လူကို ရွေးပြီးမှ အကူ
အညီတောင်းရတယ်၊ ဒီကိစ္စတွေကိုတော့ မဟူရာဒေဝီက ညွှန်





ကြားပေးတာပါပဲ၊ သူညွှန်ကြားတဲ့အတိုင်းပဲ လုပ်ကြရတယ်"

ချန္ဒရာက စိတ်ရှည်လက်ရှည်နှင့်ပင် ပြောပြလေသည်။

"ဒါထက် မဟူရာဒေဝီဆိုတာ ဘယ်သူပါလဲ"

"မဟူရာဒေဝီဆိုတာကတော့ ကာလီဒေဝီရဲ့ ကိုယ်ပွား
ဝိညာဉ်တစ်ခုပဲပေါ့"

ထိုစကားကြားတော့ နီမောင်က သက်ပြင်းတစ်ချက်ချ
လိုက်လေသည်။

ချန္ဒရာက နီမောင်တို့ အခြေအနေကို ကြည့်ပြီး မေး
လိုက်လေသည်။

"ငါတို့အတွက် လိုအပ်နေတဲ့ အကူအညီကို မင်းတို့က
ရောပေးနိုင်ပါ့မလား"

"ကျွန်တော်တို့ တတ်နိုင်သလောက်တော့ အကူအညီ
ပေးပါ့မယ်"

"ဒီလိုဆိုရင် မင်းတို့ဒေသတွေမှာရောက်နေတဲ့ ဝိညာဉ်
ဆိုးတွေကို ဟန့်တားပေးဖို့ ဒီကနေ နာနာဘာဝမှုဆိုးတစ်ယောက်
ကို ကြိုတင်လွှတ်ပေးထားလိုက်ပါမယ်"

"သူက ဘယ်သူလဲ"

"သူ့နာမည်က 'ရာဝဏ'လို့ခေါ်တယ်၊ ဟိုဒေသပြန်
ရောက်တဲ့အခါ သူနဲ့တွေ့ကြရပါလိမ့်မယ်"

ဟုပြောပြလေသည်။

ထိုအခါ ဦးဇန်ကောင်းက ဝင်ပြောလေသည်။

"ဒီနေရာကို ရောက်တဲ့အခိုက်အတန့်မှာ ဝိညာဉ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဘယ်ပုံဘယ်နည်း ဖမ်းဆီးချုပ်နှောင်ပုံလေးကိုလည်း ပြောပြပေးပါအဘ"

ချွန္တရာက ခေါင်းညိတ်ပြသည်။

"ခင်ဗျားက ဒီပညာတွေကို ဝါသနာပါတော့ ပြောပြပေးရမှာပေါ့"

ထို့နောက်မှာတော့ စကားဝိုင်းသိမ်းကြလေသည်။

ခရီးပြန်ထွက်လျှင် မြနှင်းဖြူတို့သုံးယောက်ပါ လိုက်ကြမည်ဖြစ်သဖြင့် အစီအစဉ်များ ပြုလုပ်နေသောကြောင့် နောက်တစ်ရက်မှပင် သွားကြရန် ပြောဆိုတိုင်ပင်ထားကြလေသည်။

ညနေစောင်းအချိန်ရောက်တော့ မြနှင်းဖြူက နီမောင်ကို လာခေါ်လေသည်။

"ခရီးမထွက်ခင် ကျွန်မတို့နှစ်ယောက် နတ်ဘုရားရုပ်တုရှိတဲ့နေရာကို သွားကြရမယ်၊ မယ်တော်ကြီးနဲ့ တွေ့တဲ့အခါ မှာစရာရှိတာတွေ မှာလိမ့်မယ်"

ဟုပြောသဖြင့် နီမောင်လည်း သူမနှင့်အတူ လိုက်သွားလေသည်။

ထိုအချိန်တွင် မြနှင်းဖြူက အနက်ရောင်အဝတ်အစားများ ဝတ်ထားရုံမကဘဲ ကိုယ်ပေါ်မှာခြုံထားသော ဝတ်ရုံကလည်း အနက်ရောင်ပင်ဖြစ်ပေသည်။

ထိုအဝတ်အစားများမှာ ဖြူဝင်းသောသူမ၏ အသားအရေနှင့် များစွာလိုက်ဖက်လှပေသည်။

မြနှင်းဖြူသည် ထိုအရပ်ဒေသတွင် တွေ့ရသောလူများ





နှင့်သိပ်မတူဘဲ တသွေးတမွေး လှပသူဖြစ်ကြောင်း အနီးကပ်တွေ့ရတော့မှ သိရလေသည်။

"အစ်ကို့နာမည်ကဘယ်လိုခေါ်သလဲ၊ သေချာအောင် ထပ်မေးတာပါ"

"နီမောင်လို့ခေါ်တယ်၊ မင်းနာမည်ကရော ဘယ်သူလဲ"

"မြနှင်းဖြူပါ"

"မင်းက ဗမာလူမျိုးတစ်ယောက်လား"

"ကျွန်မက ဗမာသွေး အတော်များများပါတဲ့ ကပြားတစ်ယောက်ပါ"

သည်တော့မှ မျက်လုံးမျက်ခုံး ကောင်းကောင်းနှင့် တသွေးတမွေးလှပနေသော မြနှင်းဖြူ အခြေအနေကို သိရပေတော့သည်။

"မင်းက ဒီမှာ ဘယ်သူနဲ့နေတာလဲ"

"အဘိုးနဲ့ပဲနေတာပေါ့၊ ကျွန်မမှာ အဖေအမေတွေ မရှိတော့ပါဘူး"

"အဘိုး ချွန္တရာဆိုတာ မင်းရဲ့အဘိုးလား"

"ဟုတ်ပါတယ်၊ သူကပဲ ကျွန်မကို စောင့်ရှောက်ပေးထားတာပါ"

ထိုစကားကြားတော့ နီမောင် စိတ်ထဲမှာ အတော်ပင်ကျေနပ်မှု ဖြစ်သွားသေည်။

အဘယ်ကြောင့်ဆိုသော် မြနှင်းဖြူကို လွတ်လပ်နေသူတစ်ယောက်ဖြစ်မှန်း သိရသောကြောင့်ပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ နေဝင်ချိန်ရောက်သောအခါတွင် ကာလီနတ်ဖုရားရုပ်တု ရှိသော ဂူရှိရာသို့ ရောက်လာကြသည်။

အပေါက်ဝရောက်တော့ ကျောက်တံခါးချပ်က ပွင့်နေသောကြောင့် အတွင်းသို့ဝင်သွားကြသည်။

အတွင်းမှာတော့ မှောင်နေသည်။

သို့ကြောင့် မြနှင်းဖြူက နံရံမှာရှိသော မီးတိုင်တစ်တိုင်ကို မီးထွန်းလိုက်ရာ အလင်းရောင်များ ရလာလေသည်။

ထို့နောက် အတွင်းသို့ဝင်သွားပြီး နတ်ဖုရားရုပ်တုရှေ့ရောက်တော့ မီးတိုင်ကို သင့်တော်သောနေရာမှာစိုက်ပြီး မြနှင်းဖြူက အရိုအသေပေးလိုက်လေသည်။

သို့ကြောင့် နီမောင်လည်း မနေသာတော့ဘဲ မြနှင်းဖြူပြုလုပ်သည့်အတိုင်း လက်အုပ်ချီလျှက် အရိုအသေပေးလိုက်လေသည်။

ထိုသို့ လက်အုပ်ချီထားရင်းမှာပင် မြနှင်းဖြူကတော့ ပါးစပ်မှ တတွတ်တွတ်နှင့် ဆုတောင်းမှုများပြုလုပ်နေလေသည်။ ဘာတွေဆုတောင်းနေသည်ကိုတော့ မကြားရပေ။

နီမောင်ကတော့ ၄င်းတို့ ဆောင်ရွက်ပေးရမည့် ကိစ္စများမှာ ဘေးအန္တရာယ်ကင်းစေကြောင်း ဆုတောင်းနေလေသည်။

ထိုအခိုက်မှာပင် မနီးမဝေးမှာ ထွန်းထားသော မီးတိုင်က သူ့အလိုအလျှောက် မီးငြိမ်းသွားရာ ဂူထဲမှာမှောင်သွားလေတော့သည်။





ဂူထဲမှာလည်း လေပြင်းတိုက်သကဲ့သို့ လှုပ်ရှားသံများ၊ တစ်နေရာမှ စကားပြောသံ၊ ညီးညူသံလိုလို အသံများ ကြားလာရပေသည်။

နီမောင်ကတော့ အသံကြားရာဘက်သို့ မျက်တောင်မခတ် ကြည့်နေလေသည်။

ထိုသို့ကြည့်နေစဉ်မှာ အမှောင်ရိပ်တွင်းမှ လူတစ်ယောက်ထွက်လာလေသည်။

တစ်ကိုယ်လုံး အနက်ရောင် ဝတ်ရုံရှည်ကြီးဝတ်ဆင်ထားသော မဟူရာဒေဝီပင်ဖြစ်သည်။

အမှောင်ရိပ်ထဲမှ ထွက်လာသော မဟူရာဒေဝီက သူတို့နှင့် မနီးမဝေးနေရာရောက်တော့ ရပ်တံ့လိုက်သည်။

"သင်တို့နှစ်ယောက်အခုလို လက်တွဲခွင့်ရတာ သာမန်တိုက်ဆိုင်မှုမဟုတ်ပါဘူး၊ ရှေးအတိတ်ဘဝက ပြုခဲ့ဖူးတဲ့ ရေစက်ကြောင့်အပြင် ငါကိုယ်တိုင် ဆုံစည်းပေးခဲ့တာဖြစ်တယ်"

ထိုစကားကြောင့် နီမောင်မှာ များစွာအံ့သြသွားမိလေသည်။ စိတ်ထဲမှာလည်း များစွာလှုပ်ရှားသွားလေသည်။

သူမမျှော်လင့်ထားသော စကားများကို ကြားနေရပြီး၊ မမျှော်လင်သည့် အခြေအနေမျိုးကို ရောက်နေခြင်းဖြစ်ပေသည်။

"မင်းတို့နေရာကို ပြန်ရောက်သွားတဲ့အခါ ဝိညာဉ်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာကို ဝိညာဉ်တွေက လမ်းညွှန်ပြပေး



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ဝိညာဉ်သွေးပြန်ရတဲ့အခါ မူနေရာရောက်အောင်သာ ပြန်ပို့ပေးပေတော့”

နီမောင်တို့နှစ်ယောက်စလုံးကတော့ ထွေထွေထူးထူး ဘာမှ ပြန်မပြောကြဘဲ ငြိမ်သက်စွာနှင့်ပင် နားထောင်နေကြလေသည်။

“နင်ဆီမှာရှိတဲ့ ငါ့ရဲ့ကိုယ်ပွားရုပ်တုကိုပြလော့”

ထိုသို့ပြောသော်လည်း ပထမတော့ ဘာပြောမှန်းမသိသောကြောင့် ဘာလုပ်ရမှန်းမသိပဲ ရှိနေလေသည်။ ထိုအခါ မြနှင်းဖြူက လေသံတိုးတိုးဖြင့် ပြောသည်။

“အစ်ကို့ကို အဘပေးထားတဲ့ အရုပ်ရှိတယ် မဟုတ်လား၊ အဲဒီအရုပ်ကိုတောင်းနေတာ. . .”

ထိုကဲ့သို့ပြောတော့မှ သတိရသွားသဖြင့် အင်္ကျီအိတ်ထဲမှာ ထည့်ထားသော မဟူရာရုပ်တုလေးကို လက်ဝါးပေါ်တင်ကာ ပြလိုက်သည်။

လက်ဝါးပေါ်တင်ထားသောရုပ်တုလေးက ပထမတော့ ငြိမ်သက်နေလေသည်။

နောက်တော့ အနက်ရောင်အလင်းတန်းများ ဖြာထွက်လာလေသည်။ မရှေးမနှောင်းမှာပင် အသက်ဝင်လာသကဲ့သို့ ဖြစ်လာပြီးနောက် ငှက်တစ်ကောင်ကဲ့သို့ ဝဲပျံသွားကာ မဟူရာဒေဝီလက်ထဲသို့ ရောက်သွားလေတော့သည်။

မဟူရာဒေဝီက လက်ဝါးပေါ်မှာတင်ထားသော အချိန်မှာလည်း အလင်းရောင်များက တဖျပ်ဖျပ်တောက်ပနေသေး





သည်။ ခဏကြာတော့ ရုပ်တုလေးက ငှက်တစ်ကောင်ကဲ့သို့ ပျံဝဲလာပြီး နီမောင်လက်ပေါ်သို့ ပြန်ရောက်လာရာ အလင်းရောင်များလည်း မှေးမှိန်ပျောက်ကွယ်သွားကာ သာမန်အနေအထားသို့ ပြန်ရောက်သွားလေသည်။

နီမောင်လည်း ရုပ်တုလေးကို အိတ်အတွင်းသို့ ပြန်ထည့်လိုက်လေသည်။

နောက်တော့ မဟူရာဒေဝီ၏ရုပ်သွင်လည်း ပြန်ပျောက်သွားပြီးနောက် စောစောကငြိမ်းနေသော မီးတိုင်လည်း သူ့အလိုအလျောက် ပြန်လည်မီးတောက်လာလေတော့သည်။ သို့ကြောင့် အလင်းရောင်များပြန်ရကာ တစ်ယောက်နှင့်တစ်ယောက် သဲသဲကွဲကွဲ မြင်ကြရပေသည်။

ထိုသို့မြင်တော့မှ စောစောက ပြောသွားသော စကားကြောင့် ရှက်ကိုးရှက်ကန်းဖြစ်နေကြသည်။

မြနှင်းဖြူက ဦးခေါင်းငုံ့ပြီး မျက်လွှာချထားသဖြင့် နီမောင်က မေးလိုက်လေသည်။

“စောစောက သူပြောသွားတဲ့စကားအဓိပ္ပာယ်က ဘယ်လိုမျိုးလဲဟင်”

“အစ်ကိုက ဘယ်လိုထင်နေလို့လဲ”

“ကိုယ်တို့နှစ်ယောက်အကြောင်းကို ပြောသွားတာ မဟုတ်လားဟင်. .”

“ဒါတောင် မသိသေးဘူးလား”

“အခုလို ပြောပြတော့မှပဲ သိလာသလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုဆုံးဖြတ်မှာလဲ"

"အတော်ကလေးတော့ ဆန်းကြယ်တယ်နော်၊ ကိုယ်တို့နှစ်ယောက်က တွေ့ကြတာ တစ်ရက်တောင် မပြည့်သေးဘူး အခုတော့"

"အခုတော့ ဘယ်လိုဖြစ်နေလို့လဲ"

"သူပြောတဲ့အတိုင်းဆိုရင် ဖူးစာဘက်တွေ ဖြစ်ကြရတော့မှာပေါ့"

"အစ်ကိုသဘောက ဘယ်လိုရှိသလဲ"

နီမောင်က အနည်းငယ်စဉ်းစားနေပြီးမှာ မြနှင်းဖြူကိုကြည့်လိုက်သည်။

"အမှန်ပြောရရင်တော့ မြနှင်းဖြူနဲ့ မမျှော်လင့်ဘဲ အခုလိုတွေ့ခွင့်ရတာ ဖူးစာဆုံခွင့်ရတာ စိတ်ထဲက ကျေနပ်ပါတယ်၊ ပျော်လည်းပျော်ပါတယ်၊ မြနှင်းဖြူကရော. . "

"ကျွန်မဘက်ကတော့ ဘာမှပြောစရာမရှိပါဘူး၊ ရွေးချယ်စရာလည်းမရှိပါဘူး၊ မယ်တော်ကြီး ဖူးစာဖက်ပေးတာဆိုတော့ ကျေကျေနပ်နပ်နဲ့ပဲ လက်ခံပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ ဒါဖြင့် ကိုယ်တို့နှစ်ယောက်က ဖူးစာဘက်တွေ ဖြစ်သွားကြပြီပေါ့နော်၊ ရည်စားစကားတောင် မပြောလိုက်ရသေးဘူး"

"ပြောချင်သေးလို့လား၊ ဒီလိုဆိုရင်တော့လည်း တစ်ညလုံးထိုင်ပြီး နားထောင်ပေးရုံပေါ့"

ဟု ပြုံးပြုံးလေးနှင့် ပြန်ပြောလေသည်။





သို့သော် နီမောင်က မပြောတော့ဘဲ ကျေနပ်ဝမ်းသာနေသောအကြည့်မျိုးဖြင့် စူးစူးစိုက်စိုက်ကြည့်နေလေတော့သည်။

ထိုအကြည့်တစ်ချက်ကပင် ပါးစပ်ကပြောသော စကားလုံးပေါင်းများစွာတို့ထက် ပိုမို၍ အဓိပ္ပါယ်ပြည့်စုံနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၅ )

# နာနာဘာဝမုဆိုးနှင့် ဝိညာဉ်အကျဉ်းသားများ

နီမောင်တို့ရွာသို့ပြန်ကြသောအခါ မြနှင်းဖြူ မာလနှင့် ဘာလတို့သုံးယောက်ပါ လိုက်ပါလာကြလေသည်။

နီမောင်စိတ်ထဲမှာတော့ မြနှင်းဖြူပါလာသဖြင့် ဝမ်းသာနေလေသည်။ သူ့မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်နေသည့် အမူအယာများက ဖုံးမရဖိမရပေါ်နေသောကြောင့် လမ်းတစ်နေရာရောက်တော့ စောထီးက တိုးတိုးတိတ်တိတ် မေးသည်။

"နီမောင် မင်းတို့နှစ်ယောက် အခြေအနေက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတာလဲ"

"ချစ်သူဖြစ်သွားကြတာလေ. . ."

"ဘယ်တုန်းကဖြစ်သွားကြတာလဲ"

"ဘုရားကျောင်းသွားတဲ့ညတုန်းက. ."

"မြန်လှချည်လား၊ တွေ့တာတောင် တစ်ရက်ပဲရှိသေးတယ်"

"သူနဲ့ငါက ဖူးစာဖက်တွေလို့ပြောတယ်၊ ဒါကြောင့် မြန်မြန်ချင်းပဲ အဆင်ပြေသွားကြတာ. . . ."

"ဘယ်သူကပြောတာလဲ"

နီမောင်က ကာလီနတ်ဖုရားရှိသောဂူထဲမှ အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဆန်းကြယ်လိုက်တာ၊ ဒီလောက်မြန်မြန်ဆန်ဆန် အဆင်ပြေသွားတော့ မင်းကရော သူ့ကိုတကယ်ချစ်နိုင်လို့လား"

နီမောင်က ပြုံးရင်းခေါင်းညိတ်ပြလိုက်သည်။

"ချစ်ပါတယ်. ."

"သူကရော မင်းကိုချစ်နိုင်ပါ့မလား"

"ချစ်တယ်လို့တော့ ထင်တာပဲ"

နီမောင်ထံမှ မတင်မကျစကားကြားတော့. . ကျန်နှစ်ယောက်က ခေါင်းကုပ်လိုက်ကြသည်။

"ဘာပဲဖြစ်ဖြစ် မြနှင်းဖြူက ချောလည်းချောတယ်၊ ရုပ်လည်းလှတယ်၊ ရိုးသားပုံလည်းရပါတယ်၊ မင်းကံကောင်းပါစေလို့ပဲ ဆုတောင်းပေးပါတယ်"





ဟုပြောကြလေသည်။

မောရမြိုင်ရွာရောက်တော့လည်း မမျှော်လင့်ပဲ နီမောင်တစ်ယောက် မိန်းမရလာပြီဆိုသော တစ်ဆင့်စကားတစ်ဆင့်ကြားပြီး အချို့လာကြည့်ကြသည်။

နီမောင်ကတော့ မိဘများကို အခြေအနေကို အတိုချုပ်ပြီး ပြောပြထားလိုက်သည်။

နှင်းမေကလည်း မမျှော်လင့်ဘဲ အစ်မတစ်ယောက်ရတော့မည်အထင်နှင့် ဝမ်းသာနေရှာသည်။

နီမောင်တို့ပြန်ရောက်လာပြီး နေ့လည်ဘက်တွင် အင်ပက်တော်ကျော်စွာ၊ ဆားပုလင်းမောင်ကြီးနှင့် ပုလိပ်အချို့ရောက်လာကြသည်။

ကျော်စွာမှာ အမှုကိစ္စကိုအကြောင်းပြပြီး နီမောင်တို့အိမ်သို့ မကြာခဏ လာရောက်လေ့ရှိရာ တစ်အိမ်လုံးနှင့် သိကျွမ်းခင်မင်နေလေပြီ။

အထူးသဖြင့် နှင်းမေနှင့် အတော်ပင် ခင်မင်ရင်းနှီးနေလေသည်။ ထိုသတင်းကိုကြားသောအခါ နှင်းမေကို တစ်ဘက်သတ်ပိုးပန်းနေသော ရွာသူကြီးသား စံနက်ကျော်မှာ မကျေမနပ်ဖြစ်နေလေသည်။

သို့သော် တောခေါင်းသောင်းရွှေသေရသောအမှုနှင့် ပတ်သက်ပြီး သူ့အပေါ်မှာလည်း သင်္ကာမကင်းဖြစ်နေကြရာ ပုလိပ်တွေနှင့် ခတ်ဝေးဝေးမှာသာ နေရပေသည်။

ကျော်စွာရောက်လာသောကြောင့် နီမောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားသည်။

လူသတ်မှုနှင့်ပတ်သက်ပြီး သူသိထားပြီးသောအချက်များကို ပြန်ပြောပြရန်အတွက်ပင်ဖြစ်သည်။

"ဆရာရောက်လာတာနဲ့ အတော်ပဲ"

"မင်းခရီးသွားနေတယ်လို့ပြောတယ်၊ ဘာတွေများ ထူးခြားတာတွေ သိခဲ့ရသလဲ. . "

နီမောင် နတ်ဘုရားကျောင်းမှာရှိသော နတ်ဘုရားရုပ်တုကြီးမှာ ဝိညာဉ်သွေးဟုခေါ်သော ပတ္တမြားကြီးတစ်လုံးသည် သစ်တောဌာနမှ တောခေါင်းတစ်ယောက်နှင့် အလုပ်သမားနှစ်ယောက်တို့က ဖြုတ်ယူသွားခဲ့သောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒါတွေကို မင်းကို ဘယ်သူပြောလိုက်တာလဲ"

"အဲဒီမှာရှိတဲ့ ရွာကလူတွေက ပြောပြလိုက်တာပါ"

နီမောင်က ဝိညာဉ်များထံမှ သိခဲ့ရသည်ဆိုသော အချက်များကို အမှန်အတိုင်း မပြောတော့ပေ။

"ဘယ်သစ်စခန်းကလူတွေတဲ့လဲ. . . "

"ကျွန်းညီနောင် သစ်တောစခန်းကလူတွေပါ၊ အဲဒီမှာ တောခေါင်းစံဖေဆိုတဲ့လူတစ်ယောက် သေခဲ့ရတယ်၊ သူသေပုံကလည်း ဒီမှာတောခေါင်းသောင်းရွှေသေတာနဲ့ သေပုံသေတာချင်း အတူတူပဲ၊ သွေးနဲ့စာရေးခဲ့တာလည်း အတူတူပဲ၊ ဒါတွေ ဆရာသိပြီးသားမဟုတ်လား"

ဟုမေးတော့ ကျော်စွာခေါင်းညိတ်ပြသည်။





နီမောင်က ဆက်ပြောပြန်သည်။

"အခုကျွန်တော်တို့ သစ်စခန်းမှာ ကျွန်းညီနောင် သစ်ခန်းကပြောင်းလာတဲ့လူတစ်ယောက် ရောက်နေတယ်၊ သူ့နာမည်က မင်းဒင်တဲ့၊ သူက နတ်ဘုရားကျောင်းက ပတ္တမြားကြီးခိုးခဲ့တဲ့ လူသုံးယောက်ထဲက တစ်ယောက်ပဲ"

"ဒီသတင်းက တန်ဖိုးအရှိဆုံးပဲဟေ့၊ မင်းဒင်ကိုခေါ်ပြီး မေးလိုက်ရင် ငါတို့သိချင်တာတွေ ထပ်ပြီးသိရနိုင်တယ်၊ ဒီလိုတွေအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် မင်းတို့အိမ်မှာ ဧည့်သည်တွေရောက်နေကြတာလား"

"ဟုတ်ပါတယ်"

"ဘယ်ကလဲ. . . "

"ကျွန်တော်သွားခဲ့တဲ့ ကျပ်ကုန်းရွာကပါ. . ၊ သူတို့က ပျောက်သွားတဲ့ပတ္တမြားနဲ့ သက်ဆိုင်တဲ့သူတွေပေါ့၊ လူသတ်မှုနဲ့ ပတ်သက်တာတွေကိုလည်း သူတို့နည်းသူတို့ပညာတွေနဲ့ အကူအညီပေးဖို့ လိုက်လာကြတာပါ"

ကျော်စွာက အတော်ကြာအောင် လေးလေးနက်နက် စဉ်းစားနေပြီးတော့မှ ခေါင်းညိတ်ပြလိုက်သည်။

"ငါသဘောပေါက်ပါပြီ၊ ငါကဒီကိစ္စမျိုးတွေကို သိပ်မသိပေမယ့် လက်ခံပါတယ်"

ဟုပြောပြီး ပြန်သွားလေသည်။

ညနေပိုင်းအချိန်တောထဲမှာ သစ်တောအလုပ်သမားများ အလုပ်သိမ်းပြီး ပြန်လာသောအခါ မင်းဒင်ဆိုသူကို ရွာလူ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဦးထန်ဖုန်းရှိန်ထံသို့ ခေါ်လာကြလေသည်။

ထိုသို့ခေါ်လာသောအခါမှာပင် မင်းဒင်မှာ ကြောက် လွန်းသဖြင့် မျက်စိမျက်နှာပျက်နေပေတော့သည်။

၄င်းမှာ ပုလိပ်များဖမ်းဆီးခြင်းခံရသဖြင့် ကြောက်ရွံ့ ခြင်းဖြစ်နေသလို အခြားကြောက်စရာကောင်းသော အဖြစ်အ ပျက်များလည်း ရှိနေကြောင်းကိုတော့ နောက်ပိုင်း ပြောပြရင်းနှင့် သိကြရပေတော့သည်။

"ကျုပ်အဖမ်းခံရတာည်း ကောင်းပါတယ်၊ အခုလိုဖမ်း ပြီး တခြားနေရာကိုသာ ပို့ပေးကြပါတော့"

ဟု ကြောက်ရွံ့တုန်လှုပ်သောအသံမျိုးဖြင့် ပြောသေ သည်။

"ဘာကြောင့်လဲ. . ."

"ဒီမှာနေရင် တစ်နေ့မဟုတ်တစ်နေ့ သရဲသတ်လို့ သေ ရတော့မှာပဲ၊ အခုလည်း ညဘက်ရောက်လာရင် သရဲတွေလာ ပြီး နှောင့်ယှက်နေကြတာနဲ့ ကောင်းကောင်းမနေရပါဘူး"

"ဘာကြောင့်သရဲတွေက နှောင့်ယှက်နေကြရတာလဲ တာ အမှန်အတိုင်းသာ ပြောပြပေတော့"

ထိုအခါ မင်းဒင်က ဖြစ်ကြောင်းကုန်စင် ပြန်ပြော လေသည်။ ကျော်စွာကတော့ မင်းဒင်ပြောပြသော အကြောင်း များကို မှတ်တမ်းတင်ထားလေသည်။

မင်းဒင် စကားဆုံးတော့မှမေးသည်။

"ဒါဖြင့်. . မင်းတို့သုံးယောက်ယူလာခဲ့တဲ့ ပတ္တမြား





တောခေါင်းစံဖေက ယူသွားတာပေါ့၊ သူ့ကိုဘယ်သူသတ်တာ လဲ"

"သူ့ကိုဘယ်သူသတ်တာလဲတော့ ကျုပ်မသိဘူး၊ သရဲ သဘက်တွေသတ်လို့ သေရတာ ဖြစ်မှာပေါ့"

"သူသေသွားတော့ ပတ္တမြားကဘယ်သူ့လက်ထဲရောက် သွားတာလဲ"

ထိုအခါ အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောပြ လေသည်။

"ပတ္တမြားကိုယူလာပြီးတဲ့နောက်မှာ သရဲသဘက်တွေ က နောက်ကတကောက်ကောက်လိုက်ပြီး နှောင့်ယှက်နေကြ တော့ သူလည်းမထားဝံ့တော့ပဲ တစ်နေရာကို ပို့လိုက်တယ်လို့ တော့ သတင်းကြားတယ်"

"ဘယ်ကိုပို့လိုက်သတဲ့လဲ"

"ဒီစခန်းမှာရှိတဲ့ တောခေါင်းသောင်းရွှေနဲ့ သူနဲ့က အ တော်ကိုရင်းနှီးကြတယ်၊ ဒါကြောင့် သောင်းရွှေဆီကို ပို့ပေးထား တယ်လို့တော့ သတင်းကြားတယ်"

"အခု တောခေါင်းသောင်းရွှေပါ သေပြန်ပြီဆို ပတ္တမြား က ဘယ်ရောက်သွားပြီလို့ ထင်သလဲ၊ နောက်ပြီး သောင်းရွှေ ကို ဘယ်သူသတ်တယ်လို့ထင်သလဲ"

"ပတ္တမြားဘယ်ရောက်နေသလဲတော့ ကျုပ်မသိဘူး၊ တောခေါင်းသောင်းရွှေသေတာလဲ တောင်ခေါင်းစံဖေသေသလို သရဲသဘက်တွေ သတ်လို့သေတာပဲ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။

ထို့နောက် ပုလိပ်များက မင်းဒင်ကို ယူဘီသဘော်ရှိရာသို့ ခေါ်သွားကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့ နီမောင်၊ ကျော်စွာ၊ မြနှင်းဖြူနှင့် ဦးဇန်ကောင်းတို့လေးယောက်မှာ နီမောင်တို့အိမ်မှာပင် တွေ့ဆုံကာ တိုင်ပင်ကြလေသည်။

"ပတ္တမြားကတော့ ဝေးဝေးလံလံ ရောက်သွားပုံမရသေးဘူး၊ မဲဇာမြိုင်သစ်တောစခန်းနဲ့ ကျွန်းညီနောင် သစ်တောစခန်းနှစ်ခုမှာပဲ ရှိနေဦးမယ်လို့ ကျွန်တော်ထင်တယ်"

ကျော်စွာက သူ့အယူအဆကို ပြောပြသည်။

"ပတ္တမြားက တောခေါင်းနှစ်ယောက်ဆီမှာပဲ ကူးနေတုန်းမှာ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်စလုံး အသတ်ခံလိုက်ရတော့ မျက်ခြည်ပြတ်သွားတယ်"

ဦးဇန်ကောင်းကပါ ဝင်ပြောလေသည်။

"သူတို့နှစ်ယောက် သေပုံချင်းကလည်းတူတော့ သတ်တာက တစ်ယောက်တည်းပဲဖြစ်ပုံရတယ်၊ အလောင်းနားမှာ ရေးထားခဲ့တဲ့ စာကလည်း အတူတူပဲ၊ သူတို့ပြောသလို ဝိညာဉ်ကသတ်တယ်ဆိုရင်လည်း တစ်ကောင်တည်းပဲဖြစ်မယ်ထင်တယ်"

နီမောင့်စကားကြားတော့ ကျော်စွာက. . .

"ဝိညာဉ်တွေက လူသတ်တယ်ပဲထားပါဦး စာတော့ ရေးထားခဲ့မယ်မထင်ဘူး၊ တစ်ယောက်ယောက်ရဲ့ လက်ချက်ပဲ





ဖြစ်မယ်ထင်ပါတယ်"

ဟု သူ့ယူဆချက်ကို ပြောပြသည်။

မြနှင်းဖြူက သူတို့ပြောနေသော စကားများကို နားထောင်နေပြီးမှ ပြောသည်။

"တောခေါင်းနှစ်ယောက်ကို သတ်သွားတဲ့သူ ဘယ်နေရာရောက်နေတယ်၊ ပတ္တမြားကရော ဘယ်နေရာမှာရှိတယ်ဆိုတာသိဖို့ သက်ဆိုင်ရာဝိညာဉ်တွေကို ခေါ်မေးရင် သိရမှာပါ"

"စိတ်ဝင်စားစရာပဲ၊ ဘယ်လိုမေးမှာလဲ"

"ဒီနေရာတစ်ဝိုက်မှာ ကျွန်မတို့ဆီက နာနာဘာဝမုဆိုးတစ်ယောက် ရောက်နေနှင့်ပါတယ်၊ ညဘက် သူနဲ့ အဆက်အသွယ်လုပ်ပြီး သူဖမ်းဆီးထားတဲ့ ဝိညာဉ်တွေကိုမေးကြည့်ရင် သိတန်သလောက် သိရမှာပါ"

ထိုစကားကြောင့် နားထောင်နေသူများမှာ အတော်ပင် စိတ်အားထက်သန်မှု ဖြစ်သွားကြသေည်။

"သူက ဘယ်လိုဝိညာဉ်မျိုးတွေကို ဖမ်းတာလဲ"

"ဝိညာဉ်လောကမှာလည်း လူ့လောကမှာလိုပဲ အပြစ်ရှိတဲ့ဝိညာဉ်တွေ ရှိကြပါတယ်၊ နာနာဘာဝမုဆိုးတွေက အဲဒီလို ဝိညာဉ်တွေကို ဖမ်းဆီးချုပ်နှောင်ထားလို့ရကြတယ်"

"စိတ်ဝင်စားစရာပါပဲ၊ ကျွန်တော်တို့က ဒါမျိုးတွေ မသိသေးတော့ အတွေ့အကြုံအသစ်အဆန်းတွေတော့ တွေ့ရတော့မှာပဲ"

ဟု ကျော်စွာက စိတ်ဝင်စားစွာဖြင့် ပြောလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ညဦးပိုင်းအချိန်ရောက်တော့ သူတို့လေးယောက်အပြင် စောထီး၊ ငမဲအောင်၊ မာလ၊ ဗာလတို့နှစ်ယောက်ကိုပါခေါ်ကာ သစ်တောအတွင်းသို့ သွားကြလေသည်။

ညဦးပိုင်းအချိန်တွင် လရောင်ကရှိနေသောကြောင့် အလင်းရောင်းအချို့ ရှိလေသည်။

ကျော်စွာထံတွင် သေနတ်ပါလာသောကြောင့် ညအချိန် တောတွင်းသို့ လာကြရသောလည်း စိုးရိမ်စရာတော့ မရှိပေ။

တောတွင်းတစ်နေရာရောက်တော့ မာလက သူ့မှာပါလာသော ကိရိယာတစ်ခုကိုထုတ်ပြီး မှုတ်လိုက်လေသည်။ တိတ်ဆိတ်နေသော တောနက်ထဲမှာ လေမှုတ်သံက ထွက်ပေါ်လာလေတော့သည်။

"ပြို. . ပြို. . ပြို. . ."

ထိုအသံက တောထဲမှာ ပဲ့တင်ထပ်သွားလေသည်။

"ပြို. . ပြို. . ပြို. . ."

နောက်ထပ် နှစ်ခါသုံးခါလောက် အသံပေးလိုက်သောအခါ တောထဲမှ လူတစ်ယောက်ထွက်လာလေသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော လူတစ်ယောက်ပင်ဖြစ်ပေသည်။

"ရာဝဏလား"

"ဟုတ်တယ်. . မင်းတို့ရောက်လာကြပြီလား"

"အေး. . ရောက်လာပြီ၊ မင်းဖမ်းထားတဲ့ ဝိညာဉ်တို့





ခေါ်ပေးပါ၊ ငါတို့မေးစရာရှိတယ်"

ဟုပြောလေသောအခါ ရာဝဏဆိုသူ အမှောင်ရိပ်ဘက်သို့ မျက်နှာမူကာ တစ်စုံတစ်ခုကို ရေရွတ်ပြောဆိုနေလေသည်။ ထိုသို့ ရွတ်ဆိုနေစဉ် တောထဲမှာ တိုးထွက်လာသော ခြေသံကို အရင်ကြားကြရသည်။

စိတ်ဝင်စားစွာဖြင့် ကြည့်နေကြစဉ် တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော လူတစ်ယောက် ထွက်လာပြန်သည်။ ပုံပန်းသဏ္ဌာန်ကြည့်ရုံဖြင့် လူတစ်ယောက်မဟုတ်မှန်းတော့ သိကြရသည်။

ကိုယ်လုံးကို မမြင်ရသော်လည်း ပုံပန်းသဏ္ဌာန်ပျက်နေသော မျက်နှာကိုတော့ တစွန်းတစ လှမ်းမြင်ရသည်။

"သူရောက်လာပြီ၊ မေးချင်ရာမေးပါ"

ထိုသို့ ရာဝဏကပြောသောအခါ. . လူကြီးဖြစ်သော ဦးဗန်ကောင်းကပင် မေးလေသည်။

"မင်းဘယ်သူလဲ"

"တောခေါင်းစံဖေပါ"

"မင်းကိုဘယ်သူသတ်တာလဲ"

"ပြောခွင့်မရှိပါဘူး"

"ဒါဖြင့် မင်းတို့ယူလာတဲ့ ပတ္တမြားက ဘယ်မှာလဲ"

"သောင်းရွှေဆီကို ပို့ပေးထားပါတယ်"

တောခေါင်းစံဖေမှာ တောခေါင်းသောင်းရွှေသေဆုံးသွားသည်ကို သိပုံမရသေးပေ။ တောခေါင်းစံဖေ၏ ဝိညာဉ်ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှလောက်သာသိရသဖြင့် ပြန်လွှတ်လိုက်ပြန်လေသည်။

ရာဝဏက နောက်ထပ်ဝိညာဉ်တစ်ကောင်ကို ခေါ်ပေး ပြန်သည်။ ရှေးကထွက်သွားသော ပုံသဏ္ဍာန်အတိုင်းပင်ဖြစ် လေသည်။ မနီးမဝေးရောက်လာတော့ ဦးဗန်ကောင်းက မေးပြန် လေသည်။

"မင်းဘယ်သူလဲ"

"တောခေါင်းသောင်းရွှေပါ. . ."

"မင်းဆီက ပတ္တမြားဘယ်မှာလဲ"

"သူယူသွားပါပြီ. . ."

"သူဆိုတာ ဘယ်သူလဲ"

"ကျုပ်ကိုသတ်သွားတဲ့လူပါ၊ သူက ကျွန်းညီနောင် သစ် တောစခန်းမှာရှိပါတယ်၊ ကျုပ်အနေနဲ့ ဒီလောက်ပဲ ပြောခွင့်ရှိပါ တယ်"

ဟုပြောဆိုကာ တောတွင်းသို့ဝင်ရောက်ကာ ပျောက် ကွယ်သွားလေတော့သည်။ ထိုအခါ ရာဝဏကပြောသည်။

"ပတ္တမြားက ကျွန်းညီနောင် သစ်တောစခန်းမှာ ပြန် ရောက်နေပြီ၊ ယူသွားတဲ့လူကလည်း အဲဒီမှာရှိနေတယ်၊ သူ့ကို ဘယ်နေရာမှ ထွက်သွားလို့မရအောင် ဝိညာဉ်တွေနဲ့ တားဆီး ထားတယ်၊ ခင်ဗျားတို့သွားရင် သူ့ကိုတွေ့ရပါလိမ့်မယ်"

ထိုစကားကြားသောအခါ ကျော်စွာက များစွာကျေနပ် သွားဟန်ရှိလေသည်။

"ဒါခု နင်ဘယ်သွားမှာလဲ ရာဝဏ"





"ငါလုပ်ပေးရမယ့် တာဝန်ပြီးသွားပြီ၊ အပြစ်ရှိတဲ့ဝိညာဉ် တွေကို ဝိညာဉ်အကျဉ်းခန်းထဲမှာလှောင်ထားဖို့ ရွာကိုခေါ်သွား တော့မယ်"

ဟုပြောဆိုကာ နာနာဘာဝမှုဆိုးရာဝဏမှာ အမှောင် ဖုံးနေသောတောထဲသို့ ပြန်ဝင်သွားလေတော့သည်။

"ဒါမျိုးတွေ အခုမှပဲ မြင်ဖူးကြားဖူးတော့တယ်၊ အံ့သြ စရာပဲ"

"ဘာမှအံ့သြမနေနဲ့တော့၊ မောင်ရင်တို့ ခေတ်ပညာ တတ်လူငယ်တွေအနေနဲ့ မသိနိုင်တဲ့ ဆန်းကြယ်တဲ့ အဖြစ်အ ပျက်အကြောင်းအရာတွေ လောကမှာ အများကြီးရှိသေးတယ်"

ဟု ဦးဗန်ကောင်းက ပြောလိုက်သည်။

"ဒီပုံအတိုင်းဆိုရင်တော့ ကျွန်းညီနောင်သစ်တောစခန်း မှာရောက်နေတဲ့ တရားခံက ဝိညာဉ်တွေဝိုင်းထားလို့ ပြေးပေါက် မရှိတော့ဘူး၊ ကျွန်တော်တို့သွားရင် ပတ္တမြားလည်း ပြန်ရမယ်၊ လူသတ်တရားခံလည်း ဖမ်းမိတော့မယ်၊ တစ်ချက်ခုတ် နှစ်ချက် ပြတ်ပဲ"

နီမောင့်စကားကို ကျန်လူများကလည်း လက်ခံကြလေ သည်။ ထို့နောက်မှာတော့ အားလုံး တောထဲမှပြန်ထွက်လာကြ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

# ရွှေရေစက်နှင့် သွေးမျက်မဏ္ဍာ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ အစီအစဉ်များပြုလုပ်ပြီး ယူဘီသင်္ဘောနှင့် မဲဇာမြိုင်သစ်တောစခန်းမှ ကျွန်းညီနောင်သစ်တောစခန်းသို့ သွားကြလေသည်။

ရေဆန်ခရီးဖြစ်သောကြောင့် နေဝင်မိုးချုပ်အချိန်ရောက်တော့မှ ကျွန်းညီနောင်စခန်းသို့ ရောက်သွားကြလေသည်။ ဆိပ်ကမ်းတံတားသို့ သင်္ဘောကပ်သံကြားသောအခါ တောခေါင်းအချို့နှင့် အလုပ်သမားအချို့ ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောအုပ်ကြီးမရှိဘူးလား"

"တောအုပ်ကြီးက သူနေတဲ့ ဗိုလ်တဲမှာရှိပါတယ်၊ ဒါပေမယ့် ဒီအချိန်လောက်ဆိုရင် သူအပြင်ထွက်လို့မရတော့ဘူး ဆရာ"

ဟု တောခေါင်းတစ်ယောက်က ပြောပြသည်။

"ဘယ်လိုဖြစ်လို့လဲ"

"ညအချိန်ရောက်ရင် သူနေတဲ့ ဗိုလ်တဲကို သရဲသဘက်တွေရောက်လာလို့ အပေါ်ကနေ အောက်ကိုမဆင်းဝံ့ဘူးဖြစ်နေတယ်"

"အဆန်းပါလား၊ ဗိုလ်တဲပေါ်မှာနေတော့ ဘာမှမဖြစ်ဘူးလား"

"အပေါ်မှာနေရင် ဘာမှမလုပ်ဘူး၊ အောက်ဆင်းလာရင်သာ ဝိုင်းပြီးခြောက်လှန့်ကြတာ. . ."

ထိုစကားကြားသောအခါ သဘောပေါက်သွားကြသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

"တောအုပ်ကြီးရဲ့နာမည်က ဘယ်သူလဲ"

"ဦးဘညိုပါ"

"အေးလေ၊ သူမလာဝံ့တော့လည်း ငါတို့ကပဲ သူရှိတဲ့နေရာသွားတွေ့လိုက်ရမှာပေါ့"

ဟုပြောကာ ယူဘီထဲမှ လက်နက်အချို့ကိုပါယူပြီး ဗိုလ်တဲရှိသောနေရာသို့ သွားကြလေသည်။

ဗိုလ်တဲဆောက်ထားသောနေရာမှာ သစ်တောအလယ်၌ရှိသော တောင်ကုန်းပေါ်တွင်ဖြစ်သည်။

မနီးမဝေးရောက်တော့ အခြေအနေကိုကြည့်ရာ ဗိုလ်တဲတစ်ခုလုံး မှောင်နေပြီး လူမရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

မနီးမဝေးရောက်တော့ ကျော်စွာအသံပေးလိုက်လေသည်။

"ဦးဘညို. . ဦးဘညို၊ ဒီမှာရပ်ဝေးကဧည့်သည်တွေရောက်လာကြလို့ မီးလေးဘာလေးထွန်းပါဦးဗျ. . ."

ထိုသို့ပြောလိုက်တော့ ဗိုလ်တဲပေါ်မှ တံခါးတစ်ချပ် ပွင့်လာပြီး ပြန်အော်သံကြားရသည်။

"အချိန်မတော်မှ ဘယ်သူတွေလဲကွ"

"ကျွန်တော်တို့ အင်းတော်ဂါတ်က ပုလိပ်တွေပါ"

ထိုသို့ပြောလိုက်တော့ အသံတိတ်သွားပြန်သည်။

"ဦးဘညို တံခါးဖွင့်ပါဦးဗျ"

"မင်းတို့ဘာအတွက် ရောက်လာကြတာလဲ"

"တောခေါင်းစံဖေ အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေးစရာလေးတွေရှိလို့လာတာပါ"

"မင်းတို့ ငါ့ကိုဖမ်းမလို့လာကြတာ ငါမသိဘူးမှတ်နေသလား၊ ကပ်ဝံ့ကပ်လာကြ"

ဟုပြောပြီးနောက် သေနတ်သံနှစ်ချက်ကြားကြရသည်။

"ဒိုင်း. . ဒိုင်း. ."

သေနတ်သံကြောင့် အားလုံး သစ်ပင်ကွယ်များနောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးဝင်နေကြရလေသည်။

ကျော်စွာက ပါလာသောပုလိပ်အချို့ကို ဗိုလ်တဲအား ဝိုင်းထားရန် အမိန့်ပေးသဖြင့် ပုလိပ်များက ဝိုင်းထားကြလေသည်။

"ဦးဘညို ခင်ဗျားပြေးလို့လည်းမရတော့ဘူး၊ လက်နက်ချပြီး အေးအေးဆေးဆေး အဖမ်းခံပါ"

"ဘယ်တော့မှ အဖမ်းမခံဘူးကွ၊ ငါ့ဆီက ပတ္တမြားကိုလည်း ဘယ်တော့မှပြန်မပေးဘူး၊ လာဝံ့ရင်လာကြ"

"ဒိုင်း . . ဒိုင်း . ."

"သူ့ဆီမှာ သေနတ်တွေရှိတယ်၊ မှောင်ထဲမှာ အရမ်းဝင်သွားရင် ထိလိမ့်မယ်၊ စိတ်ရှည်ရှည်နဲ့ပဲ စောင့်ဖမ်းရတော့မှာပဲ"

ဟုပြောကာ သစ်ပင်ကွယ်များနောက်မှပင် အခြေအနေကို စောင့်ကြည့်နေကြရသည်။

ထိုအခိုက်မှာပင် ဗိုလ်တဲပေါ်မှာ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သောအသံကို ကြားရလေသည်။

"အမယ်လေး . . လာကြပါဦး . . ကယ်ကြပါဦး၊ ဒီမှာ သရဲတွေလာသတ်လို့ သေရပါတော့မယ်"

ဟုအော်သံကြားရတော့မှ ဗိုလ်တဲရှိရာသို့ ပြေးသွားကြလေသည်။ သူတို့ဗိုလ်တဲရောက်သွားသောအချိန်မှာပင် အတွင်းမှ ကြောက်လန့်တကြားအော်ဟစ်နေသံများကို ကြားနေရသည်။

ထို့ကြောင့် လှေခါးမှ အပေါ်သို့တက်သွားပြီး ပိတ်ထားသောတံခါးကို လူအားဖြင့် တွန်းဖွင့်လိုက်ကြသည်။





"ဝုန်း"

တံခါးပွင့်သွားပြီး လက်နှိပ်မီးရောင်များဖြင့် ဝိုင်းထိုးကြည့်ကြသောအခါ သေနတ်တချောင်း လွတ်ချောင်းဖြစ်ကာ ကြမ်းပြင်ပေါ်မှာခွေခွေကလေး လဲကျနေသော ဦးဘညိုကိုတွေ့ကြရသည်။ ထို့နောက်မှာတော့ အတွင်းဝင်သွားပြီး မီးအိမ်များကို ထွန်းသူကထွန်း တောအုပ်ကြီး ဦးဘညိုကို လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်ကြလေသည်။

မီးထွန်းလိုက်တော့မှ ဦးဘညိုကိုယ်ပေါ်မှာ အညိုအမည်းစွဲနေသော ဒဏ်ရာဒဏ်ချက်များက မြင်မကောင်းအောင်ပင်တွေ့ကြရလေသည်။

ဦးဘညိုကိုလည်း သတိပြန်ရအောင် အတော်ပင် ပြုစုပေးကြရလေသည်။ သတိပြန်ရလာတော့မှ ဦးဘညိုကပြောသည်။

"ခင်ဗျားတို့ဖမ်းသွားပြီး ထောင်ထဲမှာ နေရတာကမှ သက်သာဦးမယ်၊ အပြင်မှာနေရင်တော့ သူတို့လက်ချက်နဲ့ သေရမှာမုချပါပဲ"

"တောခေါင်းစံဖေကိုသတ်တာ ခင်ဗျားမဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့်သတ်တာလဲ"

"သူတို့ယူလာတဲ့ ပတ္တမြားကို လိုချင်လို့သတ်တာပါ"

"သူ့ဆီမှာ ပတ္တမြားရှိနေတာကို ဘယ်လိုသိတာလဲ"

"သူတို့အခြေအနေကိုရိပ်မိတာနဲ့ ဘရှေ့ကိုအရက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမေးလို့ သိခဲ့ရတာပါ"

"တောင်ခေါင်းသောင်းရွှေကိုရော ဘာကြောင့်သတ်တာလဲ"

"စံဖေက သူ့ဆီမှာရှိတဲ့ ပတ္တမြားကို ကျုပ်အတင်းယူမှာစိုးလို့ သူ့မိတ်ဆွေ တောခေါင်းသောင်းရွှေဆီကို ပို့ပေးလိုက်တယ်၊ ဒါကြောင့် အဲဒီကိုလိုက်သွားပြီး သူ့ကိုပါသတ်ပြီး ပတ္တမြားကိုယူခဲ့တာပါ"

ဟုပြောပြလေသည်။

"ဒါဖြင့် သွေးစုပ်ပြိတ္တာဆိုတာ ခင်ဗျားပဲပေါ့"

"ဟုတ်ပါတယ်"

"သေတဲ့လူရဲ့ဘေးမှာ သွေးနဲ့စာရေးထားခဲ့တာကရော ဘယ်လိုသဘောလဲ"

"မူလပိုင်ရှင်တွေ လိုက်လာပြီး သတ်နေတယ်လို့ ထင်အောင်လို့ တမင်ရေးထားခဲ့တာပါ"

"တယ်လည်း ဉာဏ်သွားတဲ့လူပါလား. . . "

"ဉာဏ်သွားပေမယ့်လည်း လူတွေကိုသာလှည့်စားလို့ရတယ်၊ ဝိညာဉ်တွေကိုတော့ လှည့်စားလို့မရခဲ့ပါဘူး၊ ပတ္တမြားကြီးကိုယူလာပြီးကတည်းက သူတို့လာပြီး နှိပ်စက်နေကြတာ ဘယ်မှလည်း သွားလို့မရ၊ ဘာမှလည်းလုပ်လို့မရနဲ့ အခုလို ငုတ်တုပ်အဖမ်းခံရတော့တာပါပဲဗျာ. . . "

ဟု ဦးဘညိုက နောင်တရသောအသံမျိုးဖြင့် ပြောပြလေသည်။ ထို့နောက် ဦးဘညိုက ဗိုလ်တဲပေါ်မှာ ပတ္တမြားကြီး





ဝှက်ထားသောနေရာကိုပြောပြသဖြင့် ရှာဖွေယူကြရာ နတ်ဘုရားကျောင်းမှယူသွားသော ပတ္တမြားကြီးကို ပြန်ရကြပေတော့သည်။ အမှုကိစ္စများကတော့ ပြီးဆုံးသွားပြီဖြစ်ပေတော့သည်။

သို့သော်လည်း နောက်ပိုင်းရက်များမှာတော့ အခြားကိစ္စများကို ဆက်လက်ဆောင်ရွက်ကြရလေသည်။

အခြားတော့မဟုတ်ပါချေ. . . ။

အင်စပက်တော်ကျော်စွာက မြင်ပါတွေ့ပါများတော့ သံယောဇဉ်ဖြစ် ဆိုသကဲ့သို့ နှင်းမေအပေါ်တွင် ချစ်ခင်နှစ်သက်မှုဖြစ်နေသဖြင့် ခွင့်တောင်းကာ ရပ်ရွာလူကြီးများနှင့်ပင် တောင်းရမ်းလက်ထပ်ယူကာ ပြန်တော့ တစ်ပါတည်းခေါ်သွားလေတော့သည်။

စံနက်ကျော်တစ်ယောက်ကတော့ ကြိတ်မနိုင်ခဲမရဖြစ်ကာ ကျန်ရစ်ခဲ့သည်မှလွဲပြီး ဘာမှမတတ်နိုင်တော့ပေ။

နောက်တော့ ကိစ္စများပြီးဖြစ်သဖြင့် ပတ္တမြားကြီးကိုပါ တပါတည်းယူဆောင်ကာ မြနှင်းဖြူတို့သုံးယောက် ပြန်ရန်ပြင်သောအခါ နီမောင်က စောထီး၊ ငမဲအောင်တို့ သုံးယောက်ပါလိုက်သွားရန် ပြင်ကြလေသည်။

တောထဲရောက်သောအခါမှာတော့. . စောထီး၊ ငမဲအောင်၊ မာလနှင့် တာလတို့ လေးယောက်မှာ ခင်မင်သွားကြပြီဖြစ်သောကြောင့် အတူတကွသွားကြသည်။

နီမောင်နှင့် မြနှင်းဖြူတို့ နှစ်ယောက်က နောက်မှလိုက်သွားကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောတွင်းတစ်နေရာရောက်တော့ မြနှင်းဖြူကမေးလေသည်။

"အစ်ကိုက ကျွန်မတို့ကို ပြန်ပို့ပေးပြီးရင် ပြန်မှာလား"

"ဒါကတော့ အိမ်ရှင်သဘောပေါ့လေ၊ အိမ်ရှင်က ပြန်ဆိုရင်လည်း ပြန်ရမှာပေါ့၊ နေပါဦးဆိုတော့လည်း အားနာပါးနာနဲ့ပဲ ဆက်နေပေးရမှာပေါ့"

ထိုစကားကြောင့် မြနှင်းဖြူက အပြုံးမျက်နှာဖြင့် မျက်စောင်းထိုးလေသည်။

"ဒါကတော့ ကာယကံရှင်ရဲ့ ဆန္ဒပါပဲ၊ အိမ်ရှင်ကတော့ နှင်ဖို့အကြောင်းမရှိပါဘူး"

"ဒီလိုဆိုတော့လည်း ပျော်သရွေ့နေရမှာပေါ့"

"ပျော်သရွေ့ဆိုတော့ ဘယ်လောက်ကြာမှာမို့လဲ"

"တစ်သက်လုံးလေ. . "

"ကျွန်မတို့နဲ့ တစ်သက်လုံး နေနိုင်မှာမို့လား"

"ကိုယ်ချစ်တဲ့သူနဲ့ အတူတူနေရတာပဲ၊ ဘာကြောင့်မနေနိုင်ရမှာလဲ"

"အစ်ကိုက ကျွန်မကို တကယ်ချစ်လို့လား"

"ချစ်တာပေါ့မြနှင်းဖြူရယ်၊ ဒါထက် မြင်နှင်းဖြူဘက်ကရော. . ."

"မေးစရာလိုသေးလို့လား၊ အခြေအနေကြည့်ရုံနဲ့ မသိနိုင်သေးဘူးလား"

"သိတန်သရွေ့တော့ သိပါတယ်၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောတာလည်း ကြားချင်သေးတာပေါ့"

"မယ်တော်ကြီးပြောသလို ရှေးဘဝရေစက်ပါလာခဲ့တာကြောင့်ပဲလားတော့မသိပါဘူး အစ်ကို့ကိုမြင်ကတည်းက စိတ်ထဲက နှစ်သက်မှုရှိပါတယ်"

"ဒီလိုဆိုမှတော့ ဟိုရွာရောက်တာနဲ့ အဘနဲ့မယ်တော်ကြီးဆီမှာခွင့်တောင်းပြီး လက်ထပ်ကြမယ်၊ အစ်ကိုပြန်တော့ မြနှင်းဖြူကို တစ်ခါတည်း ခေါ်သွားမယ်လေ၊ မကောင်းဘူးလား"

"ဒါကတော့ အစ်ကိုသဘောပါပဲ"

ဟု အပြုံးလေးဖြင့် ပြောလိုက်သည်။

မမျှော်လင့်ပဲ တွေ့ဆုံခဲ့ကြရသော ချစ်သူနှစ်ယောက်တို့၏ဘဝရှေးလမ်းကတော့ ဖြောင့်ဖြူးလျက်ရှိနေပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နာနာဘာဝမှုဆိုး) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း ။ ။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု ။

ကြိုးသံ

ပြီးချိန် – ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်၊ တနင်္ဂနွေနေ့၊ နေ့လယ် (၂) နာရီ။







www.burmeseclassic.com